ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်တွင် စတင်တည်ထောင်သည်။ Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည် သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ တနင်္ဂနွေနေ့။ Sunday, 4 April 2021 ၁၀၃၃၇

# စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး တပ်မတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

နေပြည်တော် ဧပြီ ၃
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား သီးခြားစီတွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုဦးနှင့် မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်ပွားနိုင်သော မဲစာရင်းကြီးမားစွာမှားယွင်းမှုများကို တာဝန်ရှိသူအဖွဲ့အစည်းအဆင့်ဆင့်က ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့သည့်အပြင် တတိယအကြိမ်လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာအရပ်ရပ်ကို အဓမ္မနည်းဖြင့် ရယူရန်ကြိုးစည်ကြိုးပမ်းမှုများကြောင့် စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

- ❖ တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်လျက်ရှိ
- ❖ အသစ်ဖွဲ့စည်းထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မြို့နယ်တစ်မြို့နယ်ချင်းအလိုက် မဲစာရင်းများကို အသေးစိတ် စစ်ဆေးလျက်ရှိပြီး ယခင်တပ်မတော်ကစစ်ဆေးတွေ့ရှိချက်များထက်ပင် မသင်္ကာဖွယ်မဲစာရင်းများ ပိုမိုများပြားနေသည်ကို စစ်ဆေးတွေ့ရှိရ
- ❖ နောင်တစ်ချိန်ကျင်းပပြုလုပ်ပေးမည့် ရွေးကောက်ပွဲတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန် အခြေခံအကျဆုံးဖြစ်သည့် သန်းခေါင်စာရင်းနှင့် နိုင်ငံသားမှတ်ပုံတင် မှန်ကန်မှုရှိစေရေး အလေးထားဆောင်ရွက်ပေးမည်

## ကြေးမုံ ယနေ့ ဖတ်စရာ

နိုင်ငံ့သူရဲကောင်းလား၊ နိုင်ငံ့သစ္စာဖောက်လား
စာမျက်နှာ » ၆

စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်မှုလေ့ကျင့်ခန်းများ ဆောင်ရွက်ရန်အတွက် သတိပေးချက်ထုတ်ပြန်ကြေညာခြင်း
စာမျက်နှာ » ၉

မကြားလိုသော အမုန်းစကား
စာမျက်နှာ » ၁၀

ကြေးမုံ

# နိုင်ငံများ၏ ငြိမ်းချမ်းရေး၊ ညီညွတ်ရေးအလေးထား

၂၀၂၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေး၌ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ ပြောကြားချက်များအပေါ် မြန်မာနိုင်ငံမှ ပြန်လည်တုံ့ပြန် သတင်းထုတ်ပြန်ခဲ့သည်။ ၎င်း၏ပြောကြားချက်များသည် မြန်မာနိုင်ငံ၏ ပကတိ အခြေအနေနှင့် ကင်းကွာနေပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အကောင် အထည်ဖော်ဆောင်ရွက်မည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီ ဖော်ဆောင်ရေးရည်ရွယ်ချက်နှင့် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးကို အနှောင့် အယှက်ဖြစ်စေနိုင်ကြောင်း တွေ့ရသည်။

ကုလသမဂ္ဂအနေဖြင့် ကမ္ဘာပေါ်မှ အချုပ်အခြာပိုင်နိုင်ငံများ၏ အချုပ်အခြာ အာဏာနှင့် ကမ္ဘာ့နိုင်ငံများ၏ငြိမ်းချမ်းရေး၊ ညီညွတ်ရေးကို အလေးထားဆောင်ရွက် သင့်သော်လည်း ယင်းပြောကြားချက်များသည် ၎င်းတို့၏ အခြေခံအချက်များနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရသည်။ တပ်မတော်သည် နိုင်ငံ့တာဝန်ကို လွှဲပြောင်း ရယူခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၄ ရက်နေ့အထိ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက တားဆီးမှု တစ်စုံတစ်ရာ ပြုလုပ်ခဲ့ခြင်း မရှိခဲ့ပေ။ ဖေဖော်ဝါရီလ ၉ ရက်နေ့ ဆူပူအကြမ်းဖက်ဆန္ဒပြမှုများ ပြုလုပ်မှသာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ရှင်းလင်းခဲ့ရသည်။

ဖေဖော်ဝါရီလ ၅ ရက်နေ့နောက်ပိုင်း CRPH ပေါ်လာချိန်မှသာ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်မှုမှ အကြမ်းဖက်ဆန္ဒပြမှုသို့ အသွင်ပြောင်းသွားခဲ့ပြီး CDM လှုပ်ရှား မှုများ၊ လူမှုရေးအနိုင်ကျင့်မှုများ ပေါ်ပေါက်လာခဲ့သည်။ ဖေဖော်ဝါရီလ နောက်ဆုံး ပတ်တွင် ဆူပူဆန္ဒပြမှုများနှင့် မင်းမဲ့စရိုက်အသွင်ပြောင်းလဲကာ လမ်းပိတ်ဆို့မှုများ၊ မီးရှို့ဖျက်ဆီးမှုများ ပေါ်ပေါက်လာခဲ့သည်။ နောက်ပိုင်းတွင် ပဋိပက္ခအသွင်၊ မင်းမဲ့စရိုက်အသွင် ဖြစ်ပေါ်ခဲ့သည်။ ထိုမှတစ်ဆင့်တက်၍ အပြစ်မဲ့ပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်းများအထိ ပြုလုပ်လာကြ သည်။ ယင်းသို့ ဖြစ်ပေါ်လာသော်လည်း အဆင့်လိုက်သာ တားဆီးနှိမ်နင်းခဲ့သည်။

သို့သော် ကုလသမဂ္ဂနှင့် အနောက်နိုင်ငံအချို့က အရပ်သားများဥပဒေကို ချိုးဖောက်ပြီး ထိပ်တိုက်တွေ့ဆုံ အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှုများကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာသည်တို့ကို ဓမ္မဓိဋ္ဌာန်ကျကျ မျှမျှတတ ပြောကြားခြင်း မရှိဘဲ မြန်မာနိုင်ငံတွင် အရပ်သားများအပေါ် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ တိုက်ခိုက်မှုများ ဖြစ်ပေါ်နေကြောင်း၊ လမ်းမများပေါ်နှင့် နေအိမ်များအတွင်းရှိ ကလေးသူငယ်များအပါအဝင် ပြည်သူလူထုများ ရက်စက်စွာသတ်ဖြတ်ခံရကြောင်း၊ ဘဏ်များ ပြိုလဲမည့်အခြေအနေဖြစ်ပေါ်နေကြောင်း၊ ပြည်တွင်းစစ်ဖြစ်ပေါ် လာနိုင်ခြေရှိကြောင်း၊ တစ်နိုင်ငံလုံး ထိန်းချုပ်မရသည့် အလုံးစုံပျက်သုဉ်းသည့် နိုင်ငံအဖြစ်သို့ တဖြည်းဖြည်းရောက်လုနီးပါး အခြေအနေဖြစ်လာနေကြောင်း၊ မြေပြင်အခြေအနေ ပိုမိုဆိုးရွားလာနိုင်ပြီး သွေးချောင်းစီးမှုများ ဖြစ်ပေါ်လာမည့် အခြေအနေရှိကြောင်း စသည်တို့ကိုအကြောင်းပြု၍ လုံခြုံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံအပေါ် ထိရောက်သည့်အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်သင့် ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံရှိ နယ်မြေဒေသအများစုတွင် တည်ငြိမ်အေးချမ်းမှုရှိနေသည်ကို မျက်ကွယ်ပြုပြီး ဆူပူအကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့သည့်နေရာများ၌ ရှင်းလင်းဆောင်ရွက်မှုများကို ရှေ့တန်းတင်ပုံကြီးချဲ့ကာ မြန်မာတစ်နိုင်ငံလုံး ထိန်းချုပ်၍မရတော့သည့် အလုံးစုံပျက်စီးမည့်နိုင်ငံ ဖြစ်လာတော့မယောင် မမှန် မကန် ပြောကြားခဲ့သည်။ ကမ္ဘာ့နိုင်ငံများအားလုံးကို ကိုယ်စားပြု၍ သမာသမတ် ကျစွာ ညှိနှိုင်းအဖြေရှာပြီး ငြိမ်းချမ်းစွာဆောင်ရွက်ပေးရမည့် အဖွဲ့အစည်းဖြစ်ရမည့် အစား မဟုတ်မမှန်သတင်းအချက်များကိုအခြေပြု၍ နိုင်ငံတစ်နိုင်ငံ ပြိုကွဲပျက်စီး အောင် ဖန်တီးလုပ်ဆောင်မှုသဘော သက်ရောက်နေပေသည်။ အင်အားများသူတို့၏ ဖြိုခွဲဖျက်ဆီးရေးလုပ်ဆောင်မှုများသည် မြန်မာနိုင်ငံတွင်သာမက နိုင်ငံအများ ကိုယ်စားပြုသော အဖွဲ့အစည်းကြီးတွင်ပါ ဖြစ်ပေါ်နေသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အဘက်ဘက်တွင် အားနည်းချက်များစွာရှိသည့်နိုင်ငံ ဖြစ်ပေရာ အားနည်းမှုများကို ဖေးမကူညီပေးရမည့်အစား ပျက်စီးရာပျက်စီးကြောင်း ဝိုင်းဝန်းတွန်းအားပေးနေကြသည်မှာ စိတ်မကောင်းစရာ ဖြစ်သည်။ နိုင်ငံများကို ကိုယ်စားပြုသည့် ကုလသမဂ္ဂအဖွဲ့အစည်းအနေဖြင့် နိုင်ငံများ၏ ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ ဖွံ့ဖြိုးရေးတို့ကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သော်လည်း ဒီမိုကရေစီ ရေး၊ လူ့အခွင့်အရေးကို အကြောင်းပြု၍ အင်အားကြီးနိုင်ငံကြီးအလိုကျ နိုင်ငံ တစ်နိုင်ငံ ပျက်စီးရေးလုပ်ဆောင်ချက်များကို အပြင်းအထန် ဆန့်ကျင်ကန့်ကွက် ရှုတ်ချပါကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဘွဲ့လွန်သင်တန်းဝင်ခွင့်များ လျှောက်ထားနိုင်

နေပြည်တော် ဧပြီ ၃

၂၀၂၁ ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန အောက်ရှိ ဆေးနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်လွှာများကို ၂၀၂၁ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ဧပြီလ ၃၀ ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်းနှင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် မိမိတက်ရောက်လိုသော ဘာသာရပ်အလိုက်၊ တက္ကသိုလ်ဦးစားပေးအစီအစဉ်ဖော်ပြ၍ ကျန်းမာရေးလူ့စွမ်းအားအရင်း အမြစ်ဦးစီးဌာနသို့ ပေးပို့လျှောက်ထားနိုင်ကြောင်း၊ အသေးစိတ်အချက်အလက်များကို ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန (တယ်လီဖုန်း အမှတ် - ၀၆၇-၃၄၃၁၁၁၄၅/ ၀၆၇-၃၄၃၁၀၆၃၆-လိုင်းခွဲ/၈၃၂)သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

နေပြည်တော် ဧပြီ ၃

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီ ပင်လယ်ပြင်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ် (Depression)သည် မြောက်-အရှေ့ မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး လေဖိအားနည်းရပ်ဝန်း(Low Pressure Area) အဖြစ်သို့ အားလျော့သွားခဲ့ပါသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ လေဖိအားနည်းရပ်ဝန်း (Low Pressure Area)၏ အရှိန်ကြောင့် ဧပြီ ၃ ရက်နေ့မှ ၇ ရက်နေ့အတွင်း ပဲခူး တိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်ကာ မြစ်ဝကျွန်းပေါ် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ် ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြစ်ဝ ကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ် လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့် ရှိနိုင်သည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း(Low Pressure Area)၏ အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြု နေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

မိုး/ဇလ

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အယ်တန်း | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - | ဦးဝင်းနိုင် | သတင်းထောက်များ | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မွှေမွှေအောင်၊ |
| သတင်းထောက်မှူး | - | ဦးမြင့်စိုး | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | စာပြင် | - | ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| ဘာသာပြန် | - | ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ | | | |
| စာတည်းများ | | ဦးအောင်ကျော်ကျော် | အီးမေးလ်နှင့် အွန်လိုင်း | - | ဒေါ်အေးအေးသင်းနှင့်အဖွဲ့ |
| အကြီးတန်း | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ | | | |
| သတင်းထောက်များ | | ဒေါ်နေဇာဇာထွန်း | | | |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

* ရှေ့ဖုံးမှ

နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေအဖြစ် ကြေညာကာ ယာယီသမ္မတ၏ တာဝန်လွှဲအပ်ချက်အရ နိုင်ငံတော်၏တာဝန်ကို တပ်မတော်က ခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

### တိုက်တွန်းပြောပြ

ရွေးကောက်ပွဲမတိုင်ခင်တွင်လည်း တရားမျှတသည့် ဒီမိုကရေစီရွေးကောက်ပွဲဖြစ်စေရန်၊ ကိုယ်စားလှယ်များရွေးချယ်ရာ၌ တိုင်းပြည်နှင့် လူမျိုးအကျိုးသယ်ပိုးနိုင်မည့်သူ၊ စိတ်ရင်းစေတနာကောင်းထားနိုင်သူ၊ ဥပဒေကို သိရှိနားလည်ပြီး လိုက်နာနိုင်မည့်သူ၊ ဒေသအကျိုးကို ဖော်ဆောင်နိုင်မည့်သူများကို ရွေးချယ်မဲပေးကြရန် မိမိအနေဖြင့် ရောက်သည့်နေရာတိုင်းတွင် တိုက်တွန်းခဲ့ကြောင်း၊ မဲမပေးကြရန် No Vote လှုံ့ဆော်မှုများကို တွေ့ရှိလာရပြီး မဲမပေးပါက မိမိတို့၏အခွင့်အရေးများသာ ဆုံးရှုံးနိုင်မည်ဖြစ်သဖြင့် အားလုံးဆန္ဒမဲများပေးကြရန်နှင့် ဖြစ်သင့်သည်များကို တိုက်တွန်းပြောပြခဲ့ကြောင်း၊ မိမိတို့ဆန္ဒမဲပေးလိုက်သည့် ကိုယ်စားလှယ်များသည် လွှတ်တော်အသီးသီးသို့ရောက်ရှိလာမည်ဖြစ်ပြီး မိမိတို့ကိုယ်စား နိုင်ငံတော်ကို အုပ်ချုပ်ခေါင်းဆောင်မည့်သူများကို ရွေးချယ်ပေးကြရမည်ဖြစ်သဖြင့် ပြည်သူ့ကိုယ်စားလှယ်စစ်စစ်ဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြုလုပ်ခဲ့ချိန်တွင် မိမိတို့တပ်မတော်သားများအနေဖြင့် ထုတ်ပြန်ထားသည့် စည်းမျဉ်းသတ်မှတ်ချက်များ၊ တပ်မတော်မှ စနစ်တကျမဲပေးနိုင်အောင် ဆောင်ရွက်ပေးထားမှုများနှင့်အညီ တက်ကြွစွာပါဝင်၍ ဆန္ဒမဲများပေးခဲ့ကြသည်ကို တွေ့ရှိရကြောင်း။

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အနှစ်သာရတစ်ခုဖြစ်ပြီး မိမိတို့နိုင်ငံ၌ ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ၏ ၇၇ ရာခိုင်နှုန်းမဲပေးခဲ့ကြကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ၇၀ ရာခိုင်နှုန်းနီးပါး မဲပေးခဲ့ကြသည်ကို တွေ့ရကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် တက်လာသည့်အစိုးရသည် အတိုင်းအတာတစ်ခုထိ အောင်မြင်အောင်လုပ်ဆောင်နိုင်ခဲ့သော်လည်း အခက်အခဲမျိုးစုံဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် အစိုးရသစ်တစ်ရပ်တက်လာခဲ့ပြီး ငါးနှစ်တာ သက်တမ်းအုပ်ချုပ်ခဲ့ရာတွင် အစိုးရ၏လုပ်ဆောင်ချက်များအပေါ်တွင် ဝေဖန်ပြောဆိုမှုများ၊ ဝေဖန်ထောက်ပြမှုများ များစွာဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံတွင် လိုအပ်ချက်များ ဖြစ်ပေါ်ခဲ့သည်ကို ဝေဖန်မှုများရှိခဲ့ကြောင်း၊ ထို့ပြင် ဥပဒေနှင့်မလျော်ညီသည့် လုပ်ဆောင်ချက်များကို တွေ့ရှိလာရကြောင်း၊ ထို့ကြောင့် ပြည်သူလူထုအနေဖြင့် အစိုးရ၏လုပ်ဆောင်ချက်များအပေါ်တွင် အားမလိုအားမရဖြစ်လာသည့်အတွက် ရွေးကောက်ပွဲလုပ်ရန်ရှိလာသည့်အခါ ရွေးကောက်ပွဲအပေါ် စိတ်ပျက်ပြီး မဲမပေးချင်သောစိတ်များဖြစ်လာကြသည်ကို တွေ့ရပြီး No Vote လှုပ်ရှားမှုများဖြစ်လာသည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရွေးကောက်ပွဲလုပ်သည့်အခါတွင် ဆန္ဒမဲပေးသူ ၁၄ ရာခိုင်နှုန်းခန့်သာရှိသည်ကို သိရှိရကြောင်း။

သို့ရာတွင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်၌ COVID-19 ရောဂါဖြစ်ပွားနေချိန်ဖြစ်ပြီး social distancing နှင့်အညီ မဲပေးမှုများ ဆောင်ရွက်ခဲ့ရသော်လည်း မဲပေးမှုမှာ ၇၁ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ မဲစာရင်းများကို ကွဲလွဲစွာဖြင့် အကြိမ်ကြိမ်ကြေညာခဲ့ကြောင်း၊ မဲစာရင်းရလဒ်များကို စစ်ဆေးခဲ့ရာတွင်လည်း ကွာဟမှုများစွာတွေ့ရှိခဲ့ရပြီး တွေ့ရှိချက်များကိုလည်း ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ မိတ္ထီလာမြို့နယ်တွင် မဲမသမာမှုပေါင်း နှစ်သောင်းကိုးထောင်ကျော်ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆိုပါက ၁၀ သန်း ကျော်ရှိခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ထိုသို့ မဲစာရင်းမှားယွင်းမှုများကို ဒီမိုကရေစီနည်းလမ်းများနှင့်အညီ အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ရန် ကြိုးစားခဲ့သော်လည်း မည်သို့မျှ ဆွေးနွေးညှိနှိုင်း ဖြေရှင်းမရသည့်အပြင် တတိယအကြိမ်လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ရန် အတင်းအဓမ္မကြံစည်ကြိုးပမ်းလာမှုများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ရပြီး တပ်မတော်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး တပ်မတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စားသောက်ဖွယ်ရာပစ္စည်းများနှင့် တပ်မတော်စက်ရုံထုတ် လူသုံးကုန်ပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိပြီး အုပ်ချုပ်ပုံ၊ ရွေးကောက်တင်မြှောက်ပုံချင်း တူညီမှုမရှိကြဘဲ မိမိနိုင်ငံ၏ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ ကိုးကွယ်မှု၊ ဖြစ်တည်မှု အနေအထားများနှင့် ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကိုသာ ကျင့်သုံးလေ့ရှိကြကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထုလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ ပုံဖော်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဒီမိုကရေစီရင့်ကျက်မှုမရှိသေးသည့် နိုင်ငံတစ်ခုလည်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံကြီးအချို့နှင့် အဖွဲ့အစည်းအချို့တို့က ၎င်းတို့လိုလားသည့် ဒီမိုကရေစီပုံစံအတိုင်းဖြစ်စေရန် ခေါင်းစဉ်အမျိုးမျိုး၊ ပုံစံအမျိုးမျိုးဖြင့် လုပ်ဆောင်ကြိုးပမ်းလာသည်ကိုလည်း တွေ့ရှိခဲ့ရကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်ကို တာဝန်ယူခဲ့ရပြီးနောက်ပိုင်း ပထမရက်သတ္တပတ်အတွင်း တည်ငြိမ်အေးချမ်းခဲ့သော်လည်း ဒုတိယအပတ်မှစတင်၍ ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုမှတစ်ဆင့် ဆူပူမှု၊ ဆူပူအကြမ်းဖက်မှု၊ မင်းမဲ့စရိုက်ဆန်သည့်လုပ်ဆောင်မှု၊ ဥပဒေချိုးဖောက်မှုအဆင့်များမှတစ်ဆင့် နိုင်ငံတော်အုပ်ချုပ်ရေးအဆောက်အအုံများ၊ ရဲစခန်းများ၊ တရားရေးဆိုင်ရာ အဆောက်အအုံများအပြင် ရိုးသားအေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ စက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖျက်ဆီးခြင်းများ၊ လုယက်ခြင်းများ၊ ဝင်ရောက်စီးနင်းရန် ကြိုးပမ်းအားထုတ်မှုများ စသည့်

စာမျက်နှာ ၄ သို့ ✪

❖ **တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်ကို တာဝန်ယူခဲ့ရပြီး နောက်ပိုင်း ပထမရက်သတ္တပတ်အတွင်း တည်ငြိမ်အေးချမ်းခဲ့သော်လည်း ဒုတိယအပတ်မှစတင်၍ ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့**

❖ **ထိုမှတစ်ဆင့် ဆူပူမှု၊ ဆူပူအကြမ်းဖက်မှု၊ မင်းမဲ့စရိုက်ဆန်သည့် လုပ်ဆောင်မှု၊ ဥပဒေချိုးဖောက်မှုအဆင့်များမှတစ်ဆင့် နိုင်ငံတော် အုပ်ချုပ်ရေးအဆောက်အအုံများ၊ ရဲစခန်းများ၊ တရားရေးဆိုင်ရာ အဆောက်အအုံများအပြင် ရိုးသားအေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ စက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖျက်ဆီးခြင်းများ၊ လုယက်ခြင်းများ၊ ဝင်ရောက်စီးနင်းရန် ကြိုးပမ်းအားထုတ်မှုများ စသည့် လက်နက်ကိုင်အကြမ်းဖက်သည့် အဆင့်သို့ ကူးစက်အသွင်ပြောင်းလာခဲ့သည်ကို တွေ့ရှိလာခဲ့ရ**

❂ စာမျက်နှာ ၃ မှ
လက်နက်ကိုင်အကြမ်းဖက်သည့် အဆင့်သို့ ကူးစက်အသွင်ပြောင်းလာခဲ့သည်ကို တွေ့ရှိလာခဲ့ရကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဖြစ်ပေါ်လာသည့် ဆူပူအကြမ်းဖက်မှုအခြေအနေများအလိုက် ပြဋ္ဌာန်းဥပဒေပါ အမိန့်ကရဏ်း ဖြိုခွဲနှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်အညီ အနည်းဆုံး အင်အား၊ အနိမ့်ဆုံးအဆင့်ဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာတွင် ဖြစ်ပေါ်လျက်ရှိသည့် ဖြစ်စဉ်ဖြစ်ရပ်များနှင့် နှိုင်းယှဉ်ပါက များစွာ သက်ညှာစွာ ဖြေရှင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ပထမဦးစားပေး

လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး ပထမဦးစားပေးအနေဖြင့် မဲစာရင်းများကို စိစစ်လျက်ရှိပြီး တွေ့ရှိချက်များကို ထုတ်ပြန်ကြေညာလျက်ရှိကာ အလုံးစုံပြီးစီးပါက ပေါင်းချုပ်စာရင်းများကို ဆက်လက်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း၊ COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများနှင့် ရောဂါကြောင့်ဖြစ်ပေါ် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကို ကုစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း NCA ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်၏တာဝန်ကို လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်ရေးအတွက် ဦးတည်ချက်(၉)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်လျက်ရှိကြောင်း၊ အသစ်ဖွဲ့စည်းထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မြို့နယ်တစ်မြို့နယ်ချင်းအလိုက် မဲစာရင်းများကို အသေးစိတ် စစ်ဆေးလျက်ရှိပြီး ယခင်တပ်မတော်က စစ်ဆေးတွေ့ရှိချက်များထက်ပင် မသက်ဆိုင်သူ မဲစာရင်းများ ပိုမိုများပြားနေသည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ နောင်တစ်ချိန် ကျင်းပပြုလုပ်ပေးမည့် ရွေးကောက်ပွဲတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန် အခြေခံအကျဆုံးဖြစ်သည့် သန်းခေါင်စာရင်းနှင့် နိုင်ငံသားမှတ်ပုံတင် မှန်ကန်မှုရှိစေရေး အလေးထားဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း။

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး ပြည်ပအန္တရာယ်ကို ကာကွယ်ရန် အဓိကတာဝန်ရှိကြောင်း၊ သို့သော်လည်း ခေတ်အဆက်ဆက် ပြည်တွင်းသောင်းကျန်းမှုများကို ထိန်းသိမ်းဆောင်ရွက်ခဲ့ရသဖြင့် ယနေ့ထက်တိုင် ပါဝင်ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တပ်မတော်ကို စွမ်းရည်စွမ်းအားမြင့်မားသည့်၊ တိုက်စွမ်းရည်၊ တိုက်စွမ်းအား ကောင်းမွန်သည့် တပ်မတော်ဖြစ်အောင် အမြဲတမ်းကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် စားသောက်ရေးတွင် အဝိုင်ငွေများ ကုန်ကျမှုမရှိစေရေးအတွက် တပ်ပိုင်စိုက်ပျိုးမွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

ခွင့်ပြုပေးသွားမည်

တိုင်းပြည်တစ်ခုဖွံ့ဖြိုးတိုးတက်ရန်အတွက် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် ပညာတတ်လူသားအရင်းအမြစ်များ လိုအပ်မည်ဖြစ်ပြီး အခြေခံမှာ အတန်းပညာ တတ်မြောက်ရန်ပင်ဖြစ်ကြောင်း၊ ကျောင်းများ တစ်နှစ်ပိတ်ထားရခြင်းကြောင့် နိုင်ငံတော်၊ မိဘနှင့် ကာယကံရှင် ကျောင်းသား ကျောင်းသူများတွင် နစ်နာမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ ထို့ပြင် အခြေအနေပေးပါက မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို လုပ်သင့်လုပ်ထိုက်သည့် စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုပေးသွားမည်

- ❖ **တစ်ဦးချင်း၏ စွမ်းဆောင်ရည်ကောင်းမွန်မှသာလျှင် အဖွဲ့လိုက် စွမ်းဆောင်ရည်များလည်း ကောင်းမွန်လာမည်**
- ❖ **မိမိတာဝန်ကို ရိုးရိုးသားသားနှင့် ကျေပွန်အောင်ထမ်းဆောင်ကြရန်လို**
- ❖ **မိမိတို့၏ မူလရည်မှန်းချက်တာဝန်သည် နိုင်ငံတော်ကာကွယ်ရန်ဖြစ်သည့်အတွက် တစ်ဦးချင်း အသိစိတ်ဓာတ်ကောင်းမွန်စွာဖြင့် ကြိုးစားဆောင်ရွက်ပြီး မိမိတို့တစ်ဦးချင်းမှ မိမိကိုယ်ကိုနှင့် မိမိတပ်ကို ကောင်းအောင်ကြိုးစားလုပ်ဆောင်ကာ တပ်မတော်၊ တိုင်းပြည်နှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်အောင် ကြိုးစားလုပ်ဆောင်သွားကြရမည်**

ဖြစ်ကြောင်း။

COVID-19 ရောဂါဖြစ်ပွားမှုကြောင့် စာသင်ကျောင်းများ ပိတ်ထားရသဖြင့် မိမိတို့၏ ကလေးငယ်များကို စာပေအသိပညာနှင့် ဗဟုသုတရစေရန် ယဉ်ကျေးလိမ္မာနှင့် အခြားသုတရသ စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာစေရမည့်အပြင် မိမိတို့ကိုယ်တိုင်လည်း စာဖတ်ကြရန်လိုကြောင်း၊ တပ်မတော်သည် ပြည်သူကပေါက်ဖွားလာပြီး ပြည်သူနှင့် တိုင်းပြည်၏ အစိတ်အပိုင်းတစ်ခုဖြစ်သဖြင့် ပြည်သူလူထု၏ အကျိုးစီးပွားကို အမြဲဖော်ဆောင်ပေးရမည်ဖြစ်ပြီး ပြည်သူကအားကိုးရသည့်၊ တိုင်းပြည်က အားထားရသည့် တပ်မတော်ဖြစ်အောင် ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

တစ်ဦးချင်း၏ စွမ်းဆောင်ရည်ကောင်းမွန်မှသာလျှင် အဖွဲ့လိုက်စွမ်းဆောင်ရည်များလည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ မိမိတာဝန်ကို ရိုးရိုးသားသားနှင့် ကျေပွန်အောင်ထမ်းဆောင်ကြရန်လိုကြောင်း၊ မိမိတို့၏ မူလရည်မှန်းချက်တာဝန်သည် နိုင်ငံတော်ကာကွယ်ရန်ဖြစ်သည့်အတွက် တစ်ဦးချင်း အသိစိတ်ဓာတ်ကောင်းမွန်စွာဖြင့် ကြိုးစားဆောင်ရွက်ပြီး မိမိတို့ တစ်ဦးချင်းမှ မိမိကိုယ်ကိုနှင့် မိမိတပ်ကို ကောင်းအောင် ကြိုးစားလုပ်ဆောင်ကာ တပ်မတော်၊ တိုင်းပြည်နှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်အောင် ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာပစ္စည်းများနှင့် တပ်မတော်စက်ရုံထုတ် လူသုံးကုန်ပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာနများနှင့် ဆိပ်ကမ်းများ ကြည့်ရှုစစ်ဆေး





နေပြည်တော် မေ ၃

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါ၍ မေ ၂ ရက်တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆူးလေဆိပ်ကမ်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၊ မြန်မာ့စက်မှုဆိပ်ကမ်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့ပေးအပ်

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးသည် ဌာနအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံရာ ဌာနအကြီးအကဲများက ဌာန၏ သမိုင်းအကျဉ်း ဖွဲ့စည်းမှု၊ မူဝါဒမျှော်မှန်းချက်နှင့် ရည်မှန်းချက် လုပ်ငန်းတာဝန်များ၊ ဝန်ထမ်းခန့်ထားမှုများ၊ ဝင်ငွေနှင့် အသုံးစရိတ်များ၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများ၊ ဝန်ထမ်းသက်သာချောင်ချိရေးဆိုင်ရာ ဆောင်ရွက်ထားမှုများကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားပြီး ဌာနများမှ ဝန်ထမ်းများကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မဲစာရင်းရှုပ်ထွေးမှု၊ ကွာဟမှုများကြောင့် နိုင်ငံတော်၏ ဒီမိုကရေစီခရီးစဉ်လမ်းတွင် ဖြစ်ပေါ်လာမည့် အခက်အခဲများကို ဥပဒေနှင့်အညီ ဖြေရှင်းရန်နှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ အရေးပေါ်အခြေအနေ ကြေညာပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းကာ ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို ထုတ်ပြန်၍ နိုင်ငံတော်ကို ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ အရေးပေါ်ကာလတွင် မသမာသူများအနေဖြင့် ဆူပူဆန္ဒပြမှုများ၊ အကြမ်းဖက်မှုများ၊ ဖျက်ဆီးမှုများ၊ မီးရှို့ဖျက်ဆီးမှုများ၊ လူသတ်မှုများကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်လျက်ရှိပြီး အစိုးရ၏ အုပ်ချုပ်ရေးယန္တရားပျက်စီးအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ဆူပူဆန္ဒပြမှုများတွင် အချို့ဝန်ထမ်းများ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ ဝန်ထမ်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာမှုမရှိဘဲ CDM လှုပ်ရှားမှုများတွင် ဝန်ထမ်းအချို့ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းသစ္စာ အဓိဋ္ဌာန်(၆)ချက်ကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများသည် နိုင်ငံတော်၏သစ္စာကို စောင့်သိရိုသေပြီး နိုင်ငံ့ဝန်ထမ်းများ ပီသစွာဖြင့် ပါတီနိုင်ငံရေး ကင်းရှင်းအောင်နေထိုင်၍ အမိန့်နှင့် တာဝန်များကို ဦးလည်မသုန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ CDM နှင့် ပတ်သက်၍ ဦးဆောင်ခဲ့သူများအနေဖြင့် အရေးယူခံရမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း နိုင်ငံ့ဝန်ထမ်းနည်းဥပဒေနှင့်အညီ အရေးယူရမည်ဖြစ်ကြောင်း။

မှာကြား

ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် ဆက်သွယ်မရ၍ ခွင့်မဲ့ပျက်ကွက်နေသော ဝန်ထမ်းများကို ဌာနတာဝန်ရှိသူများအနေဖြင့် ဌာနအတွက်၊ နိုင်ငံတော်အတွက် တန်ဖိုးကြီးမားသည့် Asset များအဖြစ် သတ်မှတ်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် လျော့ပါးဆုံးရှုံးမှုမရှိစေရေးအတွက် စည်းရုံးဆွဲဆောင်၍ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်စေရေးဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့သည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် မိမိဌာန၏လုပ်ငန်းများကို ရပ်တန့်မှုမဖြစ်စေရေး ဆောင်ရွက်ကြရန်နှင့် ဝန်ကြီးဌာနအနေဖြင့် အခြားဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များ၊ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်လက်အောက်ရှိ ဆူးလေဆိပ်ကမ်း၊ မြန်မာ့စက်မှုဆိပ်ကမ်းနှင့် အေးရှားဝေါလ်ဆိပ်ကမ်းသို့ရောက်ရှိပြီး ဆိပ်ကမ်းအလိုက် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုခိုင်ခိုင်မာမာတည်ဆောက်သွားမည်

လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး ပထမဦးစားပေးအနေဖြင့် မဲစာရင်းများကို စိစစ်လျက်ရှိပြီး တွေ့ရှိချက်များကို ထုတ်ပြန်ကြေညာလျက်ရှိကာ အလုံးစုံပြီးစီးပါက ပေါင်းချုပ်စာရင်းများကို ဆက်လက်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် စစ်ဆေးရန် လိုအပ်သည်များကို စစ်ဆေးလျက်ရှိပြီး အဂတိလိုက်စားမှုဆိုင်ရာတွေ့ရှိချက်များကိုလည်း သတင်းများထုတ်ပြန်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရမည်ဖြစ်ပြီး COVID-19 ရောဂါဖြစ်ပွားမှုကြောင့် ကျောင်းများပိတ်ထားရခြင်းသည် ကျောင်းသား ကျောင်းသူများနှင့် မိဘတစ်ဦးချင်းစီ၏ နစ်နာဆုံးရှုံးမှုအပြင် တိုင်းပြည်အတွက်လည်း နစ်နာဆုံးရှုံးမှုပင်ဖြစ်သောကြောင့် ကျောင်းများစနစ်တကျ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ လူစုလူဝေးမဖြစ်စေရန်၊ မသမာသူများက လှုံ့ဆော်မှုမရှိစေရန်၊ ကျောင်းများကို ယခင်အတိုင်းပင်ထားရန် အကြံပြုမှုများရှိသော်လည်း မိမိ၏ခံယူချက်မှာ ကျောင်းတစ်နှစ်ပိတ်ထားလျှင် တစ်နှစ်နစ်နာမည်ဖြစ်၍ ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထို့ပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်အောင် ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း၊ ဖြတ်သန်းခဲ့ရသည့်အတွေ့အကြုံများဖြင့် နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုခိုင်ခိုင်မာမာတည်ဆောက်ရန်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀-၃-၂၀၂၁ ရက်နေ့တွင် မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# ရန်ကုန်တိုင်းဒေသကြီးအတွင်း သင်္ကြန်ပွဲတော်ကျင်းပရေး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဧပြီ ၃

ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်အား ကိုဗစ်-၁၉ ရောဂါစည်းကမ်းချက်များနှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဧပြီ ၂ ရက် မွန်းလွဲ ၁ နာရီက တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။



### အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ကျင်းပရေးနာယက တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးက သင်္ကြန်ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုများကို အနီးကပ်ကြီးကြပ်ကွပ်ကဲ၍ ပေါင်းစပ်ညှိနှိုင်းပေးရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးကြည်က မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဆန့်ကျင်သော ဝတ်စားဆင်ယင်ခြင်း၊ နေထိုင်ပြုမူခြင်းများ၊ သူတစ်ပါးအား ထိခိုက်အနှောင့်အယှက်ဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့်ရေကစားမှုများ၊ ထိပါးနှောင့်ယှက်မှုများ၊ နိုင်ငံတော်အစိုးရ၏ ဂုဏ်သိက္ခာပျက်ပြားစေပြီး အကြည်ညိုပျက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်းများ၊ အများပြည်သူ အေးချမ်းသာယာစွာ သင်္ကြန်ပွဲတော်ဆင်နွှဲခြင်းကို ထိပါးစေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပျက်ပြားစေမည့် အပြုအမူ၊ အပြောအဆို၊ လှုပ်ရှားမှုနှင့်ဆူပူမှုဖြစ်ပေါ်အောင် လှုံ့ဆော်ဖန်တီးသော လှုပ်ရှားမှုများ မဖြစ်ပေါ်စေရေး၊ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားမည့်လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရဲမှူးကြီးမျိုးကြည်က ရေကစားမဏ္ဍပ်များလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ လုံခြုံရေးကြီးကြပ်ကွပ်ကဲစီမံသွားမည်ဖြစ်ပြီး မဏ္ဍပ်များတွင် CCTV ကင်မရာများ လုံလောက်စွာ တပ်ဆင်ထားရှိရေး၊ အရက်သေစာနှင့် စီးကရက်ကြော်ငြာခြင်းများ မပြုလုပ်စေရေး၊ အရက်သေစာသောက်စားခြင်းများအား စနစ်တကျထိန်းသိမ်းဆောင်ရွက်ရေး၊ သတ်မှတ်ချိန်ထက် ကျော်လွန်ရေကစားသည့် မဏ္ဍပ်များအား ရေ မီးဖြတ်တောက်မှုစနစ်ထားရှိရေး၊ မဏ္ဍပ်များတွင် ရေပက်ခံကားများမှ ရေကစားသူများဆင်း၍ ကခုန်ခြင်းမရှိစေရေး၊ စည်းကမ်းမလိုက်နာသော မဏ္ဍပ်များကို ဒဏ်ရိုက်ခြင်း၊ Black List သတ်မှတ်ခြင်းများဆောင်ရွက်ရန် မဏ္ဍပ်ပိုင်ရှင်များကို ခေါ်ယူအသိပေးထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားမည့် အခြေအနေများ၊ သင်္ကြန်ကာလအတွင်း ဖြစ်ပွားသောမှုခင်းများ နေ့ချင်းပြီးတရားစွဲဆိုနိုင်ရေး၊ ရမန်အမှုများဆောင်ရွက်နိုင်ရေးတရားရုံး၊ ဥပဒေရုံးများ ဖွင့်လှစ်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်သည့် မဏ္ဍပ်နေရာချထားရေးနှင့် ကြွခိုင်မှုစစ်ဆေးရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဌေးအောင်တို့က ကော်မတီအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကျင်းပရေးနာယက တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ယခင်နှစ်က ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကြောင့် သင်္ကြန်ပွဲတော်မကျင်းပနိုင်ခဲ့သော်လည်း ယခုနှစ်တွင် ပြည်သူများစိတ်ချမ်းမြေ့စွာ အတာသင်္ကြန်ပွဲတော်ကို ဆင်နွှဲနိုင်ရန် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ လူဦးရေ ၅၀ ထက် ပိုမိုစုဝေးခြင်းမပြုဘဲဆောင်ရွက်နိုင်ရန်စီစဉ်ခြင်းဖြစ်ကြောင်း၊ ရေကစားမဏ္ဍပ်ဆောက်လိုသူများအနေဖြင့် သက်ဆိုင်ရာ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ဆက်သွယ်၍ လျှောက်လွှာတင်သွင်းနိုင်ကြောင်း နိဂုံးချုပ်မှာကြားခဲ့ကြောင်း သိရသည်။

ဆန်းကျော်ဦး(မြန် /ဆက်)

## အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီးအတွင်း စမ်းသပ်ထုတ်လွှင့်မည်ဟု သတင်းဖြစ်ပေါ်လျက်ရှိသည့် FM ရေဒီယိုလိုင်းတစ်ခုသည် ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်လွှင့်ခွင့်ပြုထားသည့် FM ရေဒီယိုမဟုတ်ပါ။ အကယ်၍ ခွင့်ပြုချက်မရရှိဘဲ မည်သူမဆို လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၂-၄-၂၀၂၁)

## COVID- 19 ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

# နိုင်ငံ့သူရဲကောင်းလား၊ နိုင်ငံ့သစ္စာဖောက်လား

ကိုရင်မောင်

မြန်မာ့နိုင်ငံရေးသင်္ကေတကို မသင့်မလျော် ပြသခဲ့မှုကြောင့် မြန်မာဘောလုံးသမားတစ်ဦးအား မလေးရှားဘောလုံးအသင်းက အရေးယူခဲ့တယ်ဆိုတဲ့ သတင်းတစ်ပုဒ်ကို မတ်လ ၃၁ ရက်နေ့ နံနက်ပိုင်းက ထုတ်လွှင့်ခဲ့တဲ့ ဗွီအိုအေသတင်းမှာ ကြားခဲ့ရပါတယ်။ ထုတ်လွှင့်ခဲ့တဲ့ သတင်းအကြောင်းကို မကြားသိလိုက်ရသေးသူတွေ သိရှိစေဖို့အတွက် ပြန်လည်မျှဝေဖောက်သည်ချလိုက်ရပါတယ်။

အဲဒီသတင်းမှာ မလေးရှားနိုင်ငံက ဘောလုံး Club အသင်းမှာ ကစားတဲ့ မြန်မာဘောလုံးသမားတစ်ဦး ပွဲစဉ်တစ်ခုကစားရင်းနဲ့ တည်ဆဲအစိုးရဆန့်ကျင်ရေး မြန်မာဆန္ဒပြသူတွေရဲ့သင်္ကေတ လက်သုံးချောင်းထောင်ပြခဲ့လို့ နောက်ပွဲတစ်ပွဲမကန်ရဘူးလို့ တားမြစ်ခံခဲ့ရပါတယ်။ ဒုတိယအုပ်စုဘက်က Selangor F.C. II က ကစားသမား ဟိန်းထက်အောင်က မတ်လအစောပိုင်းက PDRM F.C ယှဉ်ပြိုင်ကစားခဲ့ရာမှာ သူက အဲဒီလို နိုင်ငံရေးသင်္ကေတ လက်သုံးချောင်းထောင်ပြခဲ့တာ ဖြစ်ပါတယ်။ သူ့ဂိုးဝင်လို့ အောင်ပွဲခံနေတုန်း အဲဒီလိုမျိုး လက်ထောင်ပြခဲ့တဲ့ ပုံဟာ ဆိုရှယ်မီဒီယာမှာ လူကြည့်များ ပျံ့နှံ့သွားခဲ့ပါတယ်။

### ချိုးဖောက်ရာရောက်

ဒါပေမယ့် သူ့အဲဒီလိုလုပ်တာဟာ ကစားသမားတွေအနေနဲ့ လူအများ မနှစ်မြို့မယ့် အမူအရာတွေ၊ ပြောဆိုမှုတွေ မလုပ်ရဆိုတဲ့ စည်းမျဉ်းကို ချိုးဖောက်ရာရောက်ပါတယ်။ အားကစားသမားတစ်ဦး လိုက်နာရမယ့် အမူအကျင့်နဲ့ မကိုက်ညီဘူးလို့ မလေးရှားဘောလုံးအသင်းက ပြောပါတယ်။ ဒီသောကြာနေ့မှာ Perak Football Club II နဲ့ ကန်ရမယ့်ပွဲမှာ သူ မပါဝင်ဖို့ တားမြစ်ခံရတဲ့ ကစားသမားကိုဟိန်းထက်အောင်အနေနဲ့ ဒါမျိုးထပ်လုပ်ရင် ပိုပြီးတော့ ကြီးလေးတဲ့ပြစ်ဒဏ်နဲ့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ဘောလုံးဆိုတာ လူတွေကိုပေါင်းစည်းစေဖို့ပဲဖြစ်ပြီး ကွဲပြားအောင်လုပ်ဖို့ မဟုတ်တာကြောင့် ဟိုဘက်ဒီဘက်ဆိုပြီး ဘက်လိုက်ပါဝင်ဖို့ မသင့်ဘူးလို့ ဘောလုံးအသင်း စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌက ပြောပါတယ်။

ဒီလိုမျိုး လက်သုံးချောင်း ထောင်ပြတဲ့သင်္ကေတ ပြုလုပ်တာက Hollywood ရုပ်ရှင်ကားတစ်ကားဖြစ်တဲ့ The Hunger Games မှာ ပါဝင်တာဖြစ်ပြီး အာရှတစ်လွှား ဒီမိုကရေစီရေးလှုပ်ရှားမှုရဲ့ သင်္ကေတဖြစ်လာပါတယ်။ ပထမ ထိုင်းနိုင်ငံက ဒီမိုကရေစီရေးဆန္ဒပြပွဲတွေမှာ သုံးခဲ့ကြပြီးတော့ ဒီနှစ်မြန်မာနိုင်ငံ တည်ဆဲအစိုးရကို ဆန့်ကျင်ရေးမှာ သုံးခဲ့ကြတာ ဖြစ်ပါတယ်လို့ သတင်းမှာဖော်ပြခဲ့ပါတယ်။

ပြည်ပအခြေစိုက် နိုင်ငံတကာသတင်းဌာနကြီးတစ်ခုက မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ဖြစ်ပေါ်ခဲ့တဲ့ အခြေအနေကို အခုလို မှန်မှန်ကန်ကန် ဖော်ပြပေးခဲ့တဲ့ ခပ်ရှားရှားသတင်းတွေထဲက သတင်းတစ်ပုဒ်လို့ ထင်မြင်ယူဆမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပွားနေတဲ့ နိုင်ငံရေး၊ ပြည်တွင်းရေးဖြစ်စဉ်တွေမှာ သတင်းဌာနအများစုဟာ မြန်မာနိုင်ငံမှာဖြစ်နေတာတွေကို တစ်ဖက်သတ်ဖော်ပြခဲ့ကြတာ နေ့စဉ်တွေ့မြင်နေရပါတယ်။ ဒီမိုကရေစီရေးလှုပ်ရှားသူတွေ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေရဲ့ မကောင်းသတင်းတွေကို ဖော်ပြရင်လည်း ခပ်ဖော့ဖော့ခပ်ပါးပါး၊ တစ်ဖက်သတ်ဆန်ဆန် ရေးသားဖော်ပြကြတာကို တွေ့ရပါတယ်။ တချို့ဆိုရင် လုံးဝတောင်မဖော်ပြကြပါဘူး။

### ဘက်မလိုက်ဘဲ ဖော်ပြပေးခဲ့

မြန်မာ့လက်ရှိနိုင်ငံရေးနဲ့ဆက်စပ်တဲ့ မလေးရှားနိုင်ငံမှာ မြန်မာကစားသမားတစ်ယောက်ရဲ့ ဆောင်ရွက်မှုကို တိတိကျကျ မှန်မှန်ကန်ကန် အရှိကိုအရှိအတိုင်း ဘက်မလိုက်ဘဲ ဖော်ပြပေးခဲ့တာကို တွေ့ရပါတယ်။ မီဒီယာကျင့်ဝတ်ကို လေးစားလိုက်နာတယ်လို့လည်း ဆိုရမှာဖြစ်ပါတယ်။ ဒီမိုကရေစီဘက်တော်သားလို့ လူအများပြောလေ့ရှိကြတဲ့ လူတစ်ယောက်ကို ပြည်ပနိုင်ငံတစ်နိုင်ငံမှာ အရေးယူလိုက်တဲ့ ရှားရှားပါးပါးတွေ့ရခဲ့တဲ့ သတင်းတစ်ပုဒ်ပါပဲ။ ကြုံတောင့်ကြုံခဲဖြစ်ပြီး ရှားရှားပါးပါး လူအများစိတ်ဝင်စားတဲ့သတင်းဖြစ်လို့ သတင်းတန်ဖိုးလည်း ရှိပါတယ်။ မှန်ကန်ရမယ်၊ မြန်ဆန်ရမယ်၊ တိကျရမယ်၊ မျှတရမယ်၊ ဘက်မလိုက်ရဘူး ဆိုတဲ့ ရေးအစဉ်အဆက် အလေးထားလိုက်နာခဲ့ကြတဲ့ မီဒီယာကျင့်ဝတ်တွေမှာ ဘက်မလိုက်ရဘူးဆိုတဲ့ အချက်ကို ယခုအခါမှာ မီဒီယာတွေအတော်များများ အားလုံးနီးပါး ဖောက်ဖျက်နေကြတာကို တွေ့ရပါတယ်။

**မီဒီယာဆိုတာ မှန်ကန်ရမယ်၊ မြန်ဆန်ရမယ်၊ မျှတရမယ်ဆိုတဲ့ အခြေခံကျတဲ့ အချက်သုံးချက်အပေါ်မှာ မူတည်ပေမယ့် မျှတရမယ်ဆိုတဲ့ အချက်တစ်ခုဟာ လုံးလုံး ပျောက်ခဲ့တာတော့ကြာပါပြီ။ မီဒီယာသမားတွေဟာ ဘယ်ဘက်ကိုမှမလိုက်ဘဲ ဘက်နှစ်ဖက်ရဲ့ အဖြစ်အပျက်တွေကို မျှမျှတတတင်ပြရမှာဖြစ်သော်လည်း ဖြစ်ရခြင်းရဲ့ အကြောင်းရင်းကို မဖော်ပြတော့ဘဲ ဖြစ်နေတဲ့အကြောင်းတွေကိုသာ မီးမောင်းထိုး ဖော်ပြနေကြတာဟာ မီးလောင်ရာလေပင့်အောင် မြှောက်ထိုးပင့်ကော် လုပ်ပေးနေသလို ပါပဲ။ ကနေ့ မြန်မာနိုင်ငံက တိုင်းရေးပြည်ရေး ဖြစ်စဉ်တွေသာမက ကမ္ဘာတစ်ဝန်းက ဒီမိုကရေစီဘက်တော်သားမဟုတ်တဲ့ နိုင်ငံတွေရဲ့ဖြစ်စဉ်တွေမှာပါ မီဒီယာတွေက တစ်ဖက်သတ်ဖော်ပြနေကြတာကို အခြေခံပြီး ကုလသမဂ္ဂလို အဖွဲ့အစည်းတွေတောင် ဘက်လိုက် ပြီး မတရားတဲ့ဖိအားတွေ၊ ဆုံးဖြတ်ချက်တွေချဖို့ ကြိုးပမ်းလုပ်ဆောင်နေကြတာကို မြင်တွေ့နေရပါတယ်။**

ယနေ့မြန်မာနိုင်ငံမှာဖြစ်နေတဲ့ အဖြစ်အပျက်တွေလိုပါပဲ။ ငါနဲ့မတူရင် ငါ့ရန်သူလို ဝါဒခံယူချက်တွေထားနေကြတာတွေ့ရမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီအရေခြုံ ဘက်တော်သားတွေရဲ့ သတင်းမဟုတ်ရင် ကျန်တဲ့ဘယ်လောက်ပဲမှန်တဲ့ သတင်းတွေဖြစ်နေပါစေ လူအများစုဟာ စိတ်မဝင်စားဘဲ ပစ်ပယ်ထားကြပါတယ်။ တချို့လည်း မှန်မှန်ကန်ကန်ဘက်မလိုက်ဘဲ ဖော်ပြ၊ တင်ပြကြပေမယ့် အမှန်သတင်းတွေ တင်ပြကြတဲ့သူတွေကို လေဘီတွေ၊ စစ်တပ်ဘက်တော်သားတွေ၊ ဒလန်တွေလို့တောင် စွပ်စွဲပုတ်ခတ်ရုံတင်မကဘူး တိုက်ခိုက်ဖျက်ဆီးဖို့တောင် အားထုတ်ကြပါတယ်။ တကယ်တော့ ပြည်တွင်း/ပြည်ပမီဒီယာတွေကို အပြစ်ကြီးပဲလို့ မဆိုလိုပါဘူး။ ဒီမိုကရေစီလှုပ်ရှားသူတွေဘက်ကို ဘက်လိုက်မရေးရင် မရေးတဲ့မီဒီယာတွေဟာ ခြောင်းထဲရောက်သွားပြီး အားလုံးစီးပွားပျက်၊ အလုပ်ပျက်သွားနိုင်တာကိုလည်း ကြောက်နေရတာပါပါတယ်။

မီဒီယာဆိုတာ မှန်ကန်ရမယ်၊ မြန်ဆန်ရမယ်၊ မျှတရမယ်ဆိုတဲ့ အခြေခံကျတဲ့ အချက်သုံးချက်အပေါ်မှာ မူတည်ပေမယ့် မျှတရမယ်ဆိုတဲ့ အချက်တစ်ခုဟာ လုံးလုံးပျောက်ခဲ့တာတော့ ကြာပါပြီ။ မီဒီယာသမားတွေဟာ ဘယ်ဘက်ကိုမှမလိုက်ဘဲ ဘက်နှစ်ဖက်ရဲ့ အဖြစ်အပျက်တွေကို မျှမျှတတတင်ပြရမှာဖြစ်သော်လည်း ဖြစ်ရခြင်းရဲ့အကြောင်းရင်းကို မဖော်ပြတော့ဘဲ ဖြစ်နေတဲ့အကြောင်းတွေကိုသာ မီးမောင်းထိုးဖော်ပြနေကြတာဟာ မီးလောင်ရာလေပင့်အောင် မြှောက်ထိုးပင့်ကော်လုပ်ပေးနေသလိုပါပဲ။ ကနေ့ မြန်မာနိုင်ငံက တိုင်းရေးပြည်ရေးဖြစ်စဉ်တွေသာမက ကမ္ဘာတစ်ဝန်းက ဒီမိုကရေစီဘက်တော်သားမဟုတ်တဲ့နိုင်ငံတွေရဲ့ ဖြစ်စဉ်တွေမှာပါ မီဒီယာတွေက တစ်ဖက်သတ် ဖော်ပြနေကြတာကို အခြေခံပြီး ကုလသမဂ္ဂလိုအဖွဲ့အစည်းတွေတောင် ဘက်လိုက်ပြီး မတရားတဲ့ဖိအားတွေ၊ ဆုံးဖြတ်ချက်တွေချဖို့ ကြိုးပမ်းလုပ်ဆောင်နေကြတာကို မြင်တွေ့နေရပါတယ်။

မလေးရှားနိုင်ငံမှာ နိုင်ငံရေးနဲ့ဆိုင်တဲ့ လက်သုံးချောင်းထောင်တဲ့ကိစ္စကို နိုင်ငံရေးနဲ့မပတ်သက်တဲ့နေရာမှာ လူအများလက်မခံတဲ့အပြုအမူကို ပြုလုပ်ခဲ့တဲ့အတွက်ထိထိရောက်ရောက်အရေးယူခဲ့တာဟာ သဘာဝကျပါတယ်။ အခြားအရှေ့တောင်အာရှနိုင်ငံတွေမှာလည်း အလားတူကျင့်သုံးကြပါတယ်။ နိုင်ငံရေးကို နိုင်ငံရေးနေရာမှာ အလုပ်လုပ်ရပြီး နိုင်ငံရေးနဲ့မဆိုင်တဲ့ လူမှုရေးရာတွေမှာလုပ်ခဲ့ရင် ထိထိရောက်ရောက်အရေးယူကြပါတယ်။ စည်းကမ်းဆိုတာ လူ့အသိုက်အဝန်းတစ်ခုလုံး ငြိမ်းချမ်းသာယာစေဖို့ သတ်မှတ်ချက်ဖြစ်ပါတယ်။ လွတ်လပ်ခွင့်တို့၊ လူ့အခွင့်အရေးတို့ဆိုတာကလည်း သူ့အပိုင်း၊ သူ့ကဏ္ဍအလိုက် လုပ်ပိုင်ခွင့်ရှိပါတယ်။ စည်းဘောင်ဆိုတာကျော်လို့မရပါဘူး။ စည်းဘောင်ကျော်ခဲ့ရင်လည်း ပရမ်းပတာဖြစ်စေနိုင်ပါတယ်။

### စိတ်ဆင်းရဲစရာကောင်း

မြန်မာကစားသမားတစ်ယောက်ရဲ့ မလေးရှားနိုင်ငံမှာ ဖြစ်ပျက်တဲ့အဖြစ်အပျက်မျိုး မြန်မာပြည်မှာသာဖြစ်ခဲ့မယ်ဆိုရင် အဲဒီကစားသမားကို အရေးယူတဲ့ ဒိုင်လူကြီးတို့၊ ဘောလုံးအသင်းတို့ဟာ ရစရာမရှိအောင် ဖြစ်သွားနိုင်ပါတယ်။ ပရိသတ်ရဲ့ အဆုံးအဖြတ်နဲ့ စခန်းသွားနေတဲ့မြန်မာနိုင်ငံမှာ သက်ဆိုင်ရာအဖွဲ့အစည်းတွေက လူအများမနှစ်မြို့မယ့် အမူအရာတွေ၊ ပြောဆိုမှုတွေမလုပ်ရဆိုတဲ့ စည်းမျဉ်းတွေ၊ လိုက်နာရမယ့် အမူအကျင့်တွေချမှတ်တဲ့ တာဝန်ရှိသူတွေကို ပြန်ပြီးအရေးယူမယ့်ကိန်း ရှိပါတယ်။ စည်းမျဉ်းကျင့်ဝတ်တွေ ချိုးဖောက်တဲ့သူကိုတောင် သူ့ရဲကောင်းချီးမြှောက်ကြဦးမှာပါ။ တကယ်တော့ လက်သုံးချောင်းထောင်တယ်ဆိုတာ ဘာလဲလို့မေးရင် မြန်မာပြည်က လူအတော်များများ ဖြေတတ်မှာမဟုတ်ပါဘူး။ ဒါပေမယ့် ဘာမှန်းမသိဘဲ လက်သုံးချောင်းထောင်ရင် သူ့ရဲကောင်း၊ လက်သုံးချောင်းမထောင်ရင် ရန်သူလို့လုပ်တဲ့ လောကကြီးမှာ နေထိုင်ကြရတဲ့ ပြည်သူတွေဟာ စိတ်ဆင်းရဲစရာကောင်းပါတယ်။

**မြန်မာကစားသမားတစ်ယောက်ရဲ့ မလေးရှားနိုင်ငံမှာ ဖြစ်ပျက်တဲ့အဖြစ်အပျက်မျိုး မြန်မာပြည်မှာသာဖြစ်ခဲ့မယ်ဆိုရင် အဲဒီကစားသမားကို အရေးယူတဲ့ ဒိုင်လူကြီးတို့၊ ဘောလုံးအသင်းတို့ဟာ ရစရာမရှိအောင် ဖြစ်သွားနိုင်ပါတယ်။ ပရိသတ်ရဲ့အဆုံးအဖြတ်နဲ့ စခန်းသွားနေတဲ့ မြန်မာနိုင်ငံမှာ သက်ဆိုင်ရာ အဖွဲ့အစည်းတွေက လူအများမနှစ်မြို့မယ့် အမူအရာတွေ၊ ပြောဆိုမှုတွေမလုပ်ရဆိုတဲ့ စည်းမျဉ်းတွေ၊ လိုက်နာရမယ့် အမူအကျင့်တွေချမှတ်တဲ့ တာဝန်ရှိသူတွေကို ပြန်ပြီးအရေးယူမယ့်ကိန်းရှိပါတယ်။ စည်းမျဉ်းကျင့်ဝတ်တွေ ချိုးဖောက်တဲ့သူကိုတောင် သူ့ရဲကောင်းချီးမြှောက်ကြဦးမှာပါ။ တကယ်တော့ လက်သုံးချောင်းထောင်တယ်ဆိုတာ ဘာလဲလို့မေးရင် မြန်မာပြည်က လူအတော်များများ ဖြေတတ်မှာမဟုတ်ပါဘူး။ ဒါပေမယ့် ဘာမှန်းမသိဘဲ လက်သုံးချောင်းထောင်ရင် သူ့ရဲကောင်း၊ လက်သုံးချောင်းမထောင်ရင် ရန်သူလို့လုပ်တဲ့လောကကြီးမှာ နေထိုင်ကြရတဲ့ ပြည်သူတွေဟာ စိတ်ဆင်းရဲစရာ ကောင်းပါတယ်။**

ယနေ့မြန်မာ့နိုင်ငံရေး အဖြစ်အပျက်နဲ့ပတ်သက်ပြီး နိုင်ငံတကာပွဲကြီးလမ်းကြီးမှာ လက်သုံးချောင်းထောင်တဲ့အဖြစ်အပျက်နှစ်ခု ဖြစ်ခဲ့ပါတယ်။ တစ်ခုက ယခုမလေးရှားဘောလုံးပွဲမှာဖြစ်ပြီး နောက်တစ်ခုဟာ အစောပိုင်းက ကုလသမဂ္ဂစင်မြင့်မှာ ဖြစ်ပျက်ခဲ့တာပါ။ ကမ္ဘာ့နိုင်ငံတွေရဲ့ အရေးအရာကိစ္စတွေကို တရားမျှတစွာဆောင်ရွက်နေတယ်ဆိုတဲ့ ကုလသမဂ္ဂစင်မြင့်ပေါ်မှာ မြန်မာနိုင်ငံကို သစ္စာဖောက်တဲ့ ကျော်မိုးထွန်းကို ဒီမိုကရေစီ အရေခြုံတွေက သူ့ရဲကောင်းလို့ သတ်မှတ်ကြပြီး မလေးရှားနိုင်ငံ ဘောလုံးကွင်းမှာ လက်သုံးချောင်း ထောင်ခဲ့တဲ့ မြန်မာကစားသမား ဟိန်းထက်အောင်ကတော့ သူ့ရဲကောင်းလို့ သမုတ်မခံရခင် သက်ဆိုင်ရာအဖွဲ့အစည်းရဲ့ ထိထိရောက်ရောက်အရေးယူခြင်း ခံလိုက်ရပါတယ်။

မြန်မာပြည်ရဲ့ လူ့ဘောင်လောကမှာ အများပြည်သူကြိုက်ကြိုက် မကြိုက်ကြိုက် လက်သုံးချောင်းထောင်တာတင် မကတော့ပါဘူး။ အတိတ်နိမိတ်မကောင်းတဲ့ ထဘီအလံ ထောင်တာတွေ၊ အစွန်းရောက်အကြမ်းဖက်သမား အသုံးပြုတဲ့ အလံနက်ထောင်တာတွေတောင် လုပ်လာကြပါပြီ။ ဒီလိုအဖျက်အမှောင့်လုပ်ခဲ့ကြတဲ့သူတွေဟာ နိုင်ငံရဲ့ သူ့ရဲကောင်းတွေလား၊ နိုင်ငံရဲ့ သစ္စာဖောက်တွေလား၊ ဖျက်ဆီးနေသူတွေလား ခွဲခွဲခြားခြား ရှုမြင်ကြဖို့လိုနေပြီဖြစ်ကြောင်းပါ။ ။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် ငလိုက်ဆည်၊ ပေါင်းလောင်းရေလှောင်တမံနှင့် ရေဆင်းဆည်များကို ကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၃

နေပြည်တော်အတွင်းရှိ ငလိုက်ဆည်၊ ပေါင်းလောင်းရေလှောင်တမံနှင့် ရေဆင်းဆည်များအတွင်း ရေလက်ကျန် အခြေအနေ၊ သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေရေးလုပ်ငန်းများ စီမံဆောင်ရွက်နေမှု အခြေအနေများကို ဧပြီ ၂ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီး မင်းနောင်၊ ဦးဇေယျာလင်း၊ ဦးမြင့်စိုးနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

## ရှင်းလင်းတင်ပြ

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ငလိုက်ဆည် ရှင်းလင်းဆောင်သို့ရောက်ရှိရာ နေပြည်တော်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်က ငလိုက်ဆည်အတွင်း ရေဝင်ရောက်မှုအခြေအနေများ၊ သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေနေမှု အခြေအနေများ၊ ရေပိုလွှဲ ပြုပြင်တည်ဆောက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်တို့က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် နေပြည်တော်အဝင် ပန်းတင် စစ်ဆေးရေးဂိတ်သို့ သွားရောက်၍ လုံခြုံရေးနှင့် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် ပေါင်းလောင်း ရေလှောင်တမံသို့ရောက်ရှိရာနေပြည်တော် ဆည်မြောင်း တည်ဆောက်ရေး(၅)မှ ညွှန်ကြားရေးမှူး ဦးကိုကိုနိုင်က ပေါင်းလောင်းတမံ တည်ဆောက်ထားမှု၊ ရေဝင်ရောက်မှုနှင့် ရေသိုလှောင်နိုင်မှု၊ စိုက်ပျိုးရေပေးဝေနေမှု အခြေအနေများနှင့် မြို့ပြရေပေးဝေခြင်း လုပ်ငန်းအတွက် ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည့် အလားအလာများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဖြည့်စွက် ဆွေးနွေးသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ရေဆင်းဆည်သို့ သွားရောက်စစ်ဆေးရာ နေပြည်တော်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်က ဆည်အတွင်း ရေဝင်ရောက်ခဲ့မှုအခြေအနေများ၊ သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီ အဖွဲ့ဝင်များက ဖြည့်စွက်မှာကြားပြီး ဆည်အတွင်း ရေလက်ကျန် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကို

# ဒုတိယဝန်ကြီး ဦးမျိုးလှိုင် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်ရန်အတွက် မြန်မာအားကစားအဖွဲ့များ လေ့ကျင့်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၃

၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ဗီယက်နမ်နိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့များကို ရန်ကုန်မြို့နှင့် နေပြည်တော်တို့၌ စခန်းသွင်းလေ့ကျင့်လျက်ရှိရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသော မြန်မာအားကစားအဖွဲ့များ လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးပြီးနေပြည်တော်နွေရာသီအားကစားသင်တန်းများ၊ အားကစားကွင်းနှင့် အဆောက်အအုံများ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

## ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းရှိ Fitness Center (GYM) ခန်းမ၌ မြန်မာ့လက်ရွေးစင် အားကစားအဖွဲ့များဖြစ်ကြသော ဝုရှူး၊ ဗိုဗီနမ်၊ မြားပစ်၊ တိုက်ကွမ်ဒို၊ ဂျူဒို အားကစားနည်းများမှ လက်ရွေးစင်အားကစားသမားများ Physical Training (GYM) လေ့ကျင့်နေမှုများကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ မြန်မာ့လက်ရွေးစင် ဘော်လီဘောအားကစားသမားများလေ့ကျင့်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဝဏ္ဏသိဒ္ဓိပိုက်ကျော်ခြင်း အားကစားရုံ၌ မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်း အားကစားသမားများ၏ တစ်ဦးချင်း အရည်ချင်းစစ်ပြိုင်ပွဲ ကျင်းပနေမှုကို ကြည့်ရှုစစ်ဆေး၍ ဆုရရှိသူများကို ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်အတွင်းရေးမှူး ဦးချမ်းငြိမ်းလွင်နှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်သည်။

## သွားရောက်ကြည့်ရှု

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဝဏ္ဏသိဒ္ဓိ အလေးမအားကစားရုံ၌ လက်ရွေးစင် အလေးမအားကစားသမားများ လေ့ကျင့်နေမှုကို လည်းကောင်း၊ နေပြည်တော် ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိ မြို့နယ်ရှိ ဗုဒ္ဓရတနာ ပရဟိတဘုန်းတော်ကြီးကျောင်း၌ ဇမ္ဗူသီရိမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ဗုဒ္ဓရတနာပရဟိတအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီမြန်မာ့သိုင်း အခြေခံသင်တန်း ဖွင့်လှစ်သင်ကြားနေမှုကို သွားရောက်ကြည့်ရှု အားပေးပြီး ဒုတိယဝန်ကြီးက ဗုဒ္ဓရတနာ ပရဟိတ ကျောင်းသို့ စားသောက်ဖွယ်ရာများကို လှူဒါန်းရာ ကျောင်းထိုင်ဆရာတော်က လက်ခံရယူပြီး ဗုဒ္ဓရတနာ ပရဟိတအသင်းသို့ အားကစား အထောက်အကူပြု ပစ္စည်းများကို ဒုတိယဝန်ကြီးနှင့် ခေတ္တညွှန်ကြားရေး မှူးချုပ်တို့က ပေးအပ်လှူဒါန်းရာ ဇမ္ဗူသီရိမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ပရဟိတအသင်း အကျိုးတော်ဆောင်အဖွဲ့ဝင်များက လက်ခံရယူသည်။ အဆိုပါ မြန်မာ့သိုင်းအခြေခံသင်တန်းကို သင်တန်းသားသင်တန်းသူ ၁၁၀ ဖြင့် မတ် ၃၁ ရက်မှ ဧပြီ ၉ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အားကစားကွင်း တည်ဆောက်မှု၊ ပြည်ထောင်စုနယ်မြေနေပြည်တော် အားကစားနှင့်ကာယပညာဦးစီးဌာနရုံးနှင့် အားကစား မှူးနေအိမ်တည်ဆောက်နေမှု၊ အားကစားကွင်း ခြံစည်းရိုးကာရံ လုပ်ဆောင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြန်မာပြည့်ဝအောင်ကုမ္ပဏီနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသရာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော် ပျဉ်းမနားမြို့နယ် ဘောဂဝတီ အားကစားကွင်းအသစ် ဖော်ထုတ်ဆောင်ရွက်နေမှု၊ နေပြည်တော်ပုဗ္ဗသီရိမြို့နယ်ရှိ အဝါရောင် မျိုးဆက်သစ်လူငယ် ပရဟိတအသင်း မိဘမဲ့ကလေးများ စောင့်ရှောက်ရေးကျောင်း(YGW)ရှိ နွေရာသီမြန်မာ့သိုင်း အခြေခံသင်တန်းဖွင့်လှစ်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အဝါရောင် မျိုးဆက်သစ်လူငယ် ပရဟိတအသင်း မိဘမဲ့ကလေးများ စောင့်ရှောက်ရေးကျောင်း(YGW) အသင်းသို့ စားသောက်စရာများ၊ အားကစား အထောက်အကူပြုပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဥပဒေကို ဆန့်ကျင်ကာ ဆူပူဖျက်ဆီးပါက မှားကြလိမ့်မယ်။ ရွယ်တူသူငယ်ချင်းများက အမှားမလုပ်မိခင် ကယ်တင်ဆွေးနွေး ဖျောင်းဖျတားဆီးကြပါ။ လူငယ်ဘဝဟာ နိုင်ငံ့လူမျိုးကောင်းကျိုးအတွက်သာ ဖြစ်ရမှာ . . .။

**တွေ့ဆုံမေးမြန်း**

# စက်ရုံတွေ လုပ်ငန်းလည်ပတ်နိုင်အောင် ဒီစက်ရုံတွေမှာရှိတဲ့ ဝန်ထမ်းတွေရဲ့လစာ၊ သူတို့အတွက် လုံခြုံမှု၊ သယ်ယူပို့ဆောင်ရေး၊ သွားလာရေး ဒါတွေပါ ကျွန်တော်တို့က ပေါင်းစပ်ညှိနှိုင်းပြီးတော့ ကူညီဆောင်ရွက်ပေးနေတဲ့ အနေအထားတစ်ခုကိုသွားနေပါတယ် ဦးရဲမင်းအောင်

စက်မှုဇုန်များရှိ လုပ်ငန်းရှင်များ၊ ကုန်သည်အသင်းအဖွဲ့များ လိုအပ်နေသည့် သတင်းအချက်အလက်များနှင့် တွေ့ကြုံနေရသောအခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ဧပြီ ၃ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံးချုပ်၌ ပြုလုပ်ရာ ဆွေးနွေးပွဲသို့ တက်ရောက်လာသူများနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။


ဦးမိုးမြင့်


ဦးရဲမင်းအောင်


ဦးနေလင်းဇင်


ဦးရွှေထူး

**ဦးမိုးမြင့်(ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ကော်မတီ အတွင်းရေးမှူး)**

ကုန်သွယ်မှုနဲ့ ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ကော်မတီကို ၂၁-၂-၂၀၂၂ ရက်နေ့မှာ အဖွဲ့ဝင် ၂၂ ဦးနဲ့ စတင်ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါတယ်။ လုပ်ငန်းကော်မတီကို ၂၂-၂-၂၀၂၂ ရက်နေ့က စတင်ပြီး လုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ လုပ်ငန်းကော်မတီဖွဲ့စည်းရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ ပြည်တွင်း ပြည်ပကုန်သွယ်မှုလုပ်ငန်းတွေမှာ နှောင့်နှေးကြန့်ကြာမှု အခက်အခဲများ မရှိစေရေး၊ ကုန်သွယ်မှုနဲ့ ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး အတွက် ဖြစ်ပါတယ်။ ကျွန်တော်တို့ လုပ်ငန်းကော်မတီကို ၂၃-၂-၂၀၂၂ ရက်နေ့ကစတင်ပြီး ရန်ကုန်မြို့မှာ အခြေပြုပြီး စက်သုံးဆီ၊ စားအုန်းဆီ၊ ဆေး၊ ဓာတ်မြေဩဇာ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ စက်မှုဇုန်နဲ့ CMP လုပ်ငန်းရှင်များ၊ ဆန်၊ ပဲ ပို့ကုန်လုပ်ငန်းရှင်များနဲ့ တွေ့ဆုံပြီး ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်တွေ၊ ဘဏ်ပိုင်းဆိုင်ရာကိစ္စရပ်တွေ၊ ဆိပ်ကမ်းဆိုင်ရာကိစ္စရပ်တွေ၊ ပို့ကုန်သွင်းကုန်ဆိုင်ရာ ထောက်ခံချက်ကိစ္စရပ်တွေ၊ ကုန်သေတ္တာတင်ယာဉ် ငှားရမ်းနိုင်ရေးဆိုင်ရာကိစ္စရပ်များစတဲ့ကိစ္စရပ်တွေကို သက်ဆိုင်ရာဌာနများနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ကုန်သွယ်မှုနဲ့ ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးအတွက် ဆောင်ရွက်ပေးခဲ့ပါတယ်။

ဒါ့အပြင် ပြည်တွင်း ပြည်ပ ကုန်သွယ်မှုလုပ်ငန်းတွေမှာ အထောက်အကူဖြစ်စေရေးအတွက် ဘဏ်ပိုင်းဆိုင်ရာ One Service Bank အဖွဲ့ကို ကုန်သွယ်မှုနဲ့ ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီကနေ ၁၆-၃-၂၀၂၂ ရက်နေ့မှာ ဖွဲ့စည်းပေးခဲ့ပြီး ဘဏ်ပိုင်းဆိုင်ရာ အခက်အခဲများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျွန်တော်တို့ လုပ်ငန်းကော်မတီအနေနဲ့ ပြည်တွင်း ပြည်ပ ကုန်သွယ်မှုလုပ်ငန်းများမှာ နှောင့်နှေးကြန့်ကြာနေမှုတွေ အခက်အခဲတွေ မရှိစေရေး၊ ကုန်သွယ်မှုနဲ့ ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဆောင်ရွက်ပေးလျက်ရှိတာကြောင့် ပြည်တွင်း ပြည်ပ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများအနေနဲ့ ဖြစ်ပေါ်တွေ့ကြုံနေရတဲ့ အခက်အခဲတွေကို အချိန်အခါမရွေး ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးတင်ပြလိုပါတယ်။

ဒီကနေ့ ကျင်းပပြုလုပ်တဲ့ အခမ်းအနားကလည်း စက်မှုဇုန်များမှာရှိတဲ့ လုပ်ငန်းရှင်များ၊ ကုန်သည်အသင်းအဖွဲ့များ လိုအပ်နေတဲ့ သတင်းအချက်အလက်တွေ၊ တွေ့ကြုံနေတဲ့ အခက်အခဲတွေကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။

**ဦးရဲမင်းအောင်(ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ)**

ဒီနေ့ ဆွေးနွေးပွဲက စက်မှုဇုန်တွေမှာရှိတဲ့ စက်ရုံအလုပ်ရုံတွေမှာ ဝန်ထမ်းတွေ လုပ်ခလစာပေးဖို့ အလုပ်ရုံတွေရဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းတွေ အဆင်ပြေချောမွေ့ဖို့ တစ်ဖက်မှာလည်း လုံခြုံရေးကိစ္စရပ်တွေရှိတယ်။ ဦးစားပေးပြီး ဆောင်ရွက်နေတာကတော့ စက်ရုံဝန်ထမ်းတွေရဲ့ လုပ်ခလစာ ဖြစ်ပါတယ်။ စက်ရုံဝန်ထမ်းတွေအားလုံးက လစာရရှိမှ စားဝတ်နေရေး အဆင်ပြေမှာဖြစ်တော့ ဖေဖော်ဝါရီလ လစာကို ဘဏ်တွေနဲ့ ညှိနှိုင်းပြီးတော့ ထုတ်ပေးနိုင်အောင် စီစဉ်ခဲ့တယ်။ မတ်လ ၁၀ ရက်နေ့မှ လစာထုတ်ပေးနိုင်တဲ့ စက်ရုံတွေလည်းရှိပါတယ်။ ဖေဖော်ဝါရီလ လစာကို အခုချိန်အထိ မရသေးတာလည်းရှိပါတယ်။ အခြေခံအကျဆုံး အလုပ်သမားပြည်သူလူထုအတွက် လုပ်ခလစာက အရေးကြီးပါတယ်။ ဖေဖော်ဝါရီလမှာ တွေ့ကြုံခဲ့တဲ့ အခက်အခဲတွေကို အခြေခံပြီး အခု မတ်လလစာကိုလည်း ဧပြီလ ၅ ရက်နေ့ ထုတ်ပေးနိုင်အောင် အလုပ်သမားများတဲ့ စက်ရုံတွေကိုတော့ ဧပြီလ ၁၀ ရက်နေ့ နောက်ဆုံးထားပြီး ထုတ်ပေးနိုင်အောင် ဘဏ်များအသင်းနဲ့ ကုန်သည်စက်မှု အသင်းချုပ်နဲ့ စက်ရုံအလုပ်ရုံတွေညှိနှိုင်းပြီး လစာထုတ်ပေးနိုင်မယ့် နည်းလမ်းတွေကို ညှိနှိုင်းဆွေးနွေးပြီး စီစဉ်တဲ့ဆွေးနွေးပွဲ ဖြစ်ပါတယ်။ ဒါကို စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရယ်၊ ပုဂ္ဂလိကဘဏ်တွေ ကုန်သည်အသင်းအဖွဲ့တွေရယ်၊ စက်မှုဇုန်တွေရယ် ညှိနှိုင်းပြီးတော့ ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ အလုပ်သမားဝန်ကြီးဌာနလည်း ပါပါတယ်။

လတ်တလော စီးပွားရေးမှာကြုံတွေ့နေရတဲ့ အခက်အခဲတွေကတော့ အများကြီးရှိပါတယ်။ လုံခြုံရေးက အစပေါ့။ သယ်ယူပို့ဆောင်ရေး၊ သွားလာရေးကအစ အခြေခံအကျဆုံး ခုနကတင်ပြသလိုပါပဲ။ အလုပ်သမားတွေရဲ့လစာက အရေးကြီးပါတယ်။ နောက်တစ်ခုက ဆိပ်ကမ်းတွေမှာ ရောက်ရှိနေတဲ့ တချို့ကွန်တိန်နာတွေဆို ဇန်နဝါရီလကတည်းက ရောက်ရှိနေတာပါ။ ကွန်တိန်နာတွေနဲ့ ရောက်ရှိလာတဲ့ ဆေးဝါးတွေ၊ လူသုံးကုန်ပစ္စည်းတွေဆို မထုတ်နိုင်သေးတာ နှစ်လလောက်ရှိလာပြီ။ ဒါက ပြည်တွင်းမှာ ကုန်စည်ဈေးနှုန်းတွေ တက်လာနိုင်တယ်။ ဆေးဝါးပြတ်လပ်တာတွေ ဖြစ်လာနိုင်တယ်။ အခုလိုအချိန်မှာ ရောက်ရှိထားပြီးသားဖြစ်တဲ့ ကွန်တိန်နာတွေထုတ်ဖို့ နောက်တစ်ခုက ပြည်ပကို တင်ပို့ဖို့လုပ်နေတဲ့ စားသောက်ကုန်စည်တွေ၊ ပြည်တွင်းအတွက် တောင်သူလယ်သမားတွေအတွက် လိုအပ်တဲ့ စိုက်ပျိုးရေးပစ္စည်းတွေ၊ ဓာတ်မြေဩဇာတွေ ဒီလုပ်ငန်းစဉ်တွေလည်း ရှိပါတယ်။ လတ်တလော ဦးစားပေးပြီးတော့ ဖြေရှင်းပေးနေတာကတော့ ဘဏ်စနစ်ရဲ့ အကန့်အသတ်တွေ။ ဘဏ်တွေ မဖွင့်နိုင်သေးတဲ့ အခြေအနေမှာ ဘဏ်တွေကလည်း လစာပေးဖို့ ဦးစားပေးစီစဉ်ပေးပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ စက်ရုံ အလုပ်ရုံတွေမှာရှိတဲ့ အလုပ်သမားကတော့ ပိုပြီးတော့ အရေးကြီးတဲ့အတွက် သူတို့ကို ဦးစားပေးပြီး လစာပေးနိုင်အောင် ညှိနှိုင်းဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

အခုကာလကတော့ အားလုံးအခက်အခဲတွေနဲ့၊ စိုးရိမ်ပူပန်မှုတွေနဲ့၊ ပူပန်နေရတဲ့ အခြေအနေ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ကိုယ့်ရဲ့စက်ရုံ ဝန်ထမ်းတွေ လုပ်ငန်းတွေက တော်တော်ကိုအရေးကြီးတယ်လို့ ပုဂ္ဂလိက လုပ်ငန်းရှင်တွေက ယူဆကြတယ်။ ဒါကြောင့် ကျွန်တော်တို့က တတ်နိုင်သမျှ လုပ်ငန်းဆောင်ရွက်နေတဲ့ စက်ရုံတွေလုပ်ငန်းလည်ပတ်နိုင်အောင် ဒီစက်ရုံတွေမှာရှိတဲ့ ဝန်ထမ်းတွေရဲ့လစာ၊ သူတို့အတွက် လုံခြုံမှု၊ သယ်ယူပို့ဆောင်ရေး၊ သွားလာရေး ဒါတွေပါ ကျွန်တော်တို့က ပေါင်းစပ်ညှိနှိုင်းပြီးတော့ ကူညီဆောင်ရွက်ပေးနေတဲ့ အနေအထားတစ်ခုကို သွားနေပါတယ်။ တတ်နိုင်သမျှ ပြည်သူလူထုအတွက် ကုန်စည်နဲ့ ဝန်ဆောင်မှုတွေကို ပြည်တွင်းမှာ စားသုံးနိုင်အောင်၊ ဒီလို ဝယ်ယူစားသုံးတဲ့ နေရာမှာလည်း ကုန်စည်ဈေးနှုန်းတွေက အလွန်ကြီးမယ်ဆိုရင် အခြေခံပြည်သူလူထုတွေအပေါ် ဝန်ထုပ်ဝန်ပိုးတွေမဖြစ်အောင်၊ ဒါတွေကိုတတ်နိုင်သမျှ ကုန်သည်စက်မှုအသင်းချုပ်ဘက်က ညှိနှိုင်းပြီးတော့ ပေါင်းစပ်ကူညီပေးပါတယ်။ အကုန်လုံး စင်းလုံးချောတော့ မဖြစ်ပါဘူး။ ဒါပေမယ့်လည်း လုပ်လို့ရသမျှ ညှိနှိုင်းကူညီဆောင်ရွက်ပေးနေတဲ့ အနေအထားဖြစ်ပါတယ်။

**ဦးနေလင်းဇင်(ရွှေလင်ပန်းစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ အထွေထွေအတွင်းရေးမှူး)**

အဓိက စက်မှုလုပ်ငန်းရှင်တွေ၊ စက်ရုံတွေမှာရှိတဲ့ လုပ်ငန်းတွေအတွက် အဓိက လစာပေါ့။ လကုန်တဲ့အချိန်မှာ ပြီးခဲ့တဲ့လစာ ဖေဖော်ဝါရီလအတွက် ထုတ်လို့မရသေးတာတွေ ဒီလအတွက် ကြိုတင်ပြင်ဆင်ထားတဲ့ လမကုန်ခင် ၂၃၊ ၂၄ ရက်နေ့မှာ ကြိုတင်ပြင်ဆင်ထားပြီး လကုန်တဲ့အထိ လစာပေးလို့ ထုတ်လို့မရတဲ့ အနေအထားတွေ၊ လေဘာလုပ်ငန်းတွေဖြစ်တဲ့ အထည်ချုပ်လုပ်ငန်းတွေမှာ လစာကို လဆန်း ၅ ရက်နေ့မှပေးရမှာ။ ၃၁ ရက်ပြီးတော့ ၁ ရက်နေ့က ဘဏ်ပိတ်တယ်။ ၂ ရက်နေ့ ဖွင့်တယ်။ ပိတ်ရက်တွေကြားထဲမှာ လစာပြဿနာနဲ့ ဘဏ်တွေကနေ ငွေကြေးထုတ်ယူရရှိနိုင်ဖို့၊ လစာပေးဖို့ ငွေကြေးဘယ်နေရာတွေကနေ ထုတ်ယူရရှိနိုင်မလဲဆိုတာ အခက်အခဲဖြစ်နေပါတယ်။ နောက်တစ်ခု လစာအပြင် ကုန်ကြမ်းကနေ ကုန်ချောထုတ်တဲ့စက်ရုံတွေ တော်တော်များများက ကုန်ဖိုးငွေပေးချေရတဲ့ စရိတ်တွေ တခြားကုန်ကျစရိတ်တွေ ဒါတွေကို အသုံးပြုရပါတယ်။ အထည်ချုပ်စက်ရုံတွေက လစာထုတ်ပေးနိုင်ရုံနဲ့ လည်ပတ်လို့ရပေမယ့် တချို့စက်ရုံတွေက လစာထုတ်ပေးနိုင်ရုံနဲ့ လည်ပတ်လို့မရပါဘူး။ တခြားစက်ရုံတွေလည်း လည်ပတ်လို့ရအောင် ငွေကြေးလည်ပတ်နိုင်အောင် အဓိက ဘယ်လိုဖြေရှင်းဆောင်ရွက်ပေးမလဲ။ လက်ရှိရှိနေတဲ့အခက်အခဲတွေမှာ ဘယ်လိုပိုမိုလွယ်ကူလျင်မြန်လာအောင် ဘဏ်တွေနဲ့ အစိုးရဌာနဆိုင်ရာတွေနဲ့ လုပ်ငန်းရှင်တွေနဲ့အားလုံး ဆောင်ရွက်ဖို့ဆိုတဲ့ အခင်းအကျင်းကို ပိုမိုလျင်မြန်လွယ်ကူအောင် ကြိုးစားဆောင်ရွက်ပေးဖို့ တင်ပြခဲ့ပါတယ်။

တချို့စက်ရုံတွေက လစာပေးဖို့ ချက်ချင်းအဆင်မပြေဘူး။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဖြေရှင်းကြတယ်။ တချို့ကြတော့လည်း အပြင်ကနေ လှည့်ပတ်ငွေချေးပြီး ပေးကြရတယ်။ တချို့တွေက ဘဏ်ထဲမှာ ပိုက်ဆံတော့ရှိတယ်။ နိုင်ငံခြားက ဝင်လာတဲ့ပိုက်ဆံ။ ခက်တာက နိုင်ငံခြားကဝင်လာတဲ့ ပိုက်ဆံက ဘဏ်မှာ ထုတ်လို့မရဘူး။ ထုတ်မရတဲ့အခါကျတော့ ဝင်လာမယ့်ပိုက်ဆံကို ကိုယ့်အကောင့်ထဲက ထုတ်လို့မရဘူး။ အဲဒီအတွက် လစာပေးလို့မရဘူး။ လစာပေးလို့ မရတဲ့အခါမှာ ပထမလတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဖြေရှင်းတယ်။ ဒုတိယလမှာတော့ ဒီဟာကို ဘယ်လိုဖြေရှင်းမလဲဆိုပြီး သက်ဆိုင်ရာ ညီနောင်အသင်းတွေ စက်မှုဇုန်ကော်မတီကတစ်ဆင့် စာတွေနဲ့တင်ပြပြီး ဖြေရှင်းတဲ့အခါမှာ စုစည်းပြီး OSS ကို တင်ထား တာ ရှိပါတယ်။ OSS ကိုတင်ထားပေမယ့် ဒီလကုန်အထိ အဖြေမရသေးဘူး။ အဖြေမရသေးတဲ့အတွက် OSS ကို အကြံပြုပြီး ဒီဟာကို အချိန်နဲ့တစ်ပြေးညီ မြန်မြန်ဆန်ဆန် တွေ့ဆုံဖြေရှင်းပြီးတော့ အစည်းအဝေးလေးတစ်ခုခေါ်ပေးပါ။ ခေါ်ပြီးတော့ ဒါလေးကိုဆောင်ရွက်ပေးပါလို့ တင်ပြတဲ့အခါ ဒီတွေ့ဆုံပွဲ ဖြစ်လာတာ ဖြစ်ပါတယ်။

ဒီနေ့ဆွေးနွေးပွဲနဲ့ပတ်သက်ပြီး စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။ ဘာမှမလုပ်တာနဲ့စာရင် ဒီလိုမျိုး တွေ့ဆုံဆွေးနွေးပွဲမှာ ဌာနစုံထိစပ်ပြီး အခန်းတစ်ခုထဲမှာ၊ တစ်နေရာတည်းမှာ မေးခွန်းတွေအများကြီး မေးမြန်းဆွေးနွေးကြမယ်၊ ဒုတိယဝန်ကြီးကိုယ်တိုင် ဦးဆောင်ပြီး ညွှန်ကြားရေးမှူးချုပ်တွေကိုယ်တိုင် ဒီကတင်ပြတဲ့ အခက်အခဲတွေကို မှတ်သားပြီး အချိန်တိုအတွင်းမှာ ဖြေရှင်းဆောင်ရွက်ပေးမယ်ဆိုတဲ့အတွက် ကျွန်တော်တို့အတွက် ပိုမိုကောင်းမွန်တဲ့ အနေအထားကို ရောက်လာတာပါ။ တစ်ခါတလေကျရင် ဒီဆွေးနွေးပွဲတွေက ဆောင်ရွက်ချက်တွေ၊ တင်ပြချက်တွေက ကောင်းပါတယ်။ မြေပြင်မှာ အဆင်မပြေသေးတဲ့ လုပ်ငန်းရှင်တွေလည်း တွေ့နေရပါသေးတယ်။ တဖြည်းဖြည်းနဲ့ ပိုကောင်းလာမယ်လို့ ယူဆပါတယ်။

စာမျက်နှာ ၉ သို့ ❋

# ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကုန်သည်လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲ (ဒုတိယနေ့) ဆက်လက်ကျင်းပ

ရန်ကုန် ဧပြီ ၃

စက်မှုဇုန်များရှိ ပြည်တွင်းလုပ်ငန်းရှင်များနှင့် ကုန်သည်အသင်းအဖွဲ့များ လိုအပ်နေသည့် သတင်းအချက်အလက်များနှင့် တွေ့ကြုံနေရသော အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဆောင်သော အဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိကုန်သည်လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲ (ဒုတိယနေ့)ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး၌ ကျင်းပသည်။



ဆွေးနွေးပွဲသို့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးဝင်းတင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ပုဂ္ဂလိကဘဏ်များနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ တာဝန်ရှိသူများ၊ ပြည်ပသင်္ဘောလိုင်းများမှ ကိုယ်စားလှယ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက အဖွင့်အမှာစကား ပြောကြားပြီး တက်ရောက်လာကြသည့် စက်မှုဇုန်များမှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များက လတ်တလော ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများ၊ ပင်လယ်ရေကြောင်းကုန်သွယ်မှုနှင့် ဘဏ်လုပ်ငန်းဆိုင်ရာတို့တွင် ကြုံတွေ့နေရသည့် အခက်အခဲများ၊ လုပ်ခလစာကိစ္စ၊ ပို့ကုန်အအေးခန်း ကုန်သေတ္တာ စစ်ဆေးခြင်းဆိုင်ရာ အခက်အခဲများနှင့် လုံခြုံရေးပိုင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

မွန်းလွဲပိုင်း တွေ့ဆုံပွဲကို ဆက်လက်ကျင်းပရာ UMFCCI နှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ကုန်သွယ်မှုဆိုင်ရာ၊ ဘဏ်ပိုင်းဆိုင်ရာ၊ သင်္ဘောလိုင်းဆိုင်ရာ၊ စက်သုံးဆီ တင်သွင်းခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အခက်အခဲဖြစ်ပေါ်နေမှုများကို ရှင်းလင်းတင်ပြကြပြီး ဌာနဆိုင်ရာ အကြီးအကဲများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးဝင်းတင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

သတင်းစဉ်

## စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်မှုလေ့ကျင့်ခန်းများ ဆောင်ရွက်ရန်အတွက် သတိပေးချက်ထုတ်ပြန်ကြေညာခြင်း

၁။ တပ်မတော်(ရေ)စစ်ရေယာဉ်များသည် ၂၀၂၁ ခုနှစ်၊ ဧပြီလ(၄) ရက်မှ (၁၁)ရက်ထိ ကာလအတွင်း စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်မှုလေ့ကျင့်ခန်းများအား ဘင်္ဂလားပင်လယ်အော်အတွင်း လေ့ကျင့်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် အောက်ပါအတိုင်း Coordinates အမှတ်များအား ဆက်သွယ်ထားသည့်ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည် –


(က) လေ့ကျင့်ခန်းဧရိယာ(၁)
- (၁) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၂ မိနစ်
- (၂) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်
- (၃) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်
- (၄) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၂ မိနစ်

( ခ ) လေ့ကျင့်ခန်းဧရိယာ(၂)
- (၁) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၆ မိနစ်
- (၂) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်
- (၃) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၀ မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်
- (၄) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၆ မိနစ်

( ဂ ) လေ့ကျင့်ခန်းဧရိယာ(၃)
- (၁) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၉.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၇.၅ မိနစ်
- (၂) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၉.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၅ မိနစ်
- (၃) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၅ မိနစ်
- (၄) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၇.၅ မိနစ်

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာများမှ ၁၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀(တစ်သောင်းငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။

### စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်မှုလေ့ကျင့်ခန်း (နှစ်ဖက်တပ်ပါ) လေ့ကျင့်ခန်း- ဆင်ဖြူရှင်(၁/၂၀၂၁) လေ့ကျင့်ခန်းဧရိယာပြပုံ




❊ စာမျက်နှာ ၈ မှ

**ဦးရွှေထူး (မြောင်းတကာစက်မှုဇုန် ဥက္ကဋ္ဌ)**

မြောင်းတကာစက်မှုဇုန်မှာ စက်ရုံပေါင်း ၇၄ ရုံရှိတယ်။ လက်ရှိမှာ ပိတ်ထားတာ ခြောက်ရုံရှိပြီး ဖြစ်ရုံကတော့ လုပ်ငန်းလည်ပတ်နေပါတယ်။ ဒီနေ့ဆွေးနွေးပွဲမှာ ကျွန်တော့်အနေနဲ့ လက်ရှိငွေရေးကြေးရေးပြဿနာ၊ အဓိက SME ပေါ့။ အဓိက ကျွန်တော်တို့ စက်မှုဇုန်မှာ သံနဲ့ သံမဏိစက်ရုံများပါတယ်။ ကျွန်တော်တို့ စက်မှုလုပ်ငန်းလုပ်လာတာ နှစ်ပေါင်း ၃၀ ကျော်ပါပြီ။ ဒါပေမယ့် အကုန်လုံးက ကုမ္ပဏီမှတ်ပုံတင်ထားတာရှိသလို မတင်ထားတာလည်း ရှိပါတယ်။ တချို့လုပ်ထားပေမယ့် ဘဏ်မှာ ကုမ္ပဏီအကောင့်ဖွင့်ထားတာမရှိဘူး။ မရှိတဲ့အခါကျတော့ ဒီကနေ့မှာ ဘဏ်ကနေညွှန်ကြားထားတဲ့ တစ်ပတ်ကို ကိုယ်ပိုင်အကောင့်ဆိုရင် သိန်း ၂၀၊ ကုမ္ပဏီအကောင့်ဆိုရင် သိန်း ၂၀၀ ထုတ်လို့ရတယ်လို့ ပြောတယ်။ ကျွန်တော်တို့ စက်မှုဇုန်လုပ်ငန်းရှင်တွေအနေနဲ့ ကုမ္ပဏီအကောင့် တော်တော်များများ မရှိကြဘူး။ ကုမ္ပဏီအကောင့်မရှိတဲ့အခါကျတော့ တစ်ပတ်ကို သိန်း ၂၀ ထုတ်လို့ရမယ်ဆိုတဲ့ကိစ္စက လွဲမှားနေတယ်လို့ ကျွန်တော်ကတော့ ဆွေးနွေးခဲ့တယ်။ ဒါနဲ့ပတ်သက်ပြီးတော့ စက်မှုဇုန်တိုင်းမှာ နိုင်ငံရေးအခြေအနေနဲ့ပတ်သက်ပြီး ဖြစ်နေတဲ့ ဖယ်ရီကားတွေကြုံတဲ့ကိစ္စမှာ တင်ပြတယ်။ တစ်ခါမှလည်း ဒီလိုမကြုံဖူးဘူး။ စက်ရုံတစ်ခုရှိတာနဲ့ ကုမ္ပဏီတစ်ခုဖြစ်ရမယ်လို့ သတ်မှတ်လို့မရဘူး။ ဒါကြောင့်မို့ တချို့ကိစ္စတွေကို ကျွန်တော့်အနေနဲ့ ကော်မတီရဲ့ထောက်ခံချက်နဲ့ ခွင့်ပြုပေးဖို့ တင်ပြခဲ့ပါတယ်။ လုံခြုံရေးပိုင်းဆိုင်ရာလည်း တင်ပြခဲ့ပါတယ်။ ကျန်တာကတော့ ကြီးကြီးမားမား ပြဿနာမရှိပါဘူး။

တွေ့ဆုံမေးမြန်း- စိမ်းခက်၊ လင်းလတ်

ဓာတ်ပုံ- ကိုရဲ

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူပြီးသည့် အာဂျင်တီးနားသမ္မတ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

ဗျူနိုအေးရိစ် ဧပြီ ၃
အာဂျင်တီးနားသမ္မတ အယ်လ်ဘာတိုဖာနန်ဒက်ဇ်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း အေအက်ဖ်ပီသတင်းအရ သိရသည်။

မိမိမှာ ခေါင်းအနည်းငယ်ကိုက်ပြီး အဖျား ၃၇ ဒသမ ၃ ဒီဂရီစင်တီဂရိတ် ရှိခဲ့ပြီးနောက် ယနေ့ညနေပိုင်းတွင် ရောဂါ စမ်းသပ်မှုခံယူခဲ့ရာ ဆေးစစ်ချက်ရလဒ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း သမ္မတဖာနန်ဒက်ဇ်က ၎င်း၏ တွစ်တာ စာမျက်နှာပေါ်တွင် ရေးသားဖော်ပြထားသည်။

အသက် ၆၂ နှစ်အရွယ် အယ်လ်ဘာတိုဖာနန်ဒက်ဇ်သည် ၎င်း၏ ဆေးစစ်ချက်ရလဒ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း အတည်ပြုခံခဲ့ရပြီးနောက် လတ်တလောအချိန်တွင် သီးခြားခွဲ၍ နေထိုင်လျက်ရှိသည်။ သို့သော် သမ္မတ၏ ကျန်းမာရေး အခြေအနေမှာ ကောင်းမွန်တည်ငြိမ်လျက်ရှိပြီး ရောဂါကြိုတင် ကာကွယ်သည့်အနေဖြင့်သာ သီးခြားခွဲ၍နေရခြင်းဖြစ်ကြောင်း သိရသည်။

အယ်လ်ဘာတိုဖာနန်ဒက်ဇ်သည် ရုရှားထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြင့် ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့ခြင်းဖြစ်ပြီး၎င်း၏ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၁ ရက်က ခံယူခဲ့ကြောင်း သမ္မတရုံးသတင်းရင်းမြစ်က အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားသည်။

အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ဒုတိယလှိုင်းနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိခြင်းနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းမှာ သိသိသာသာ မြင့်တက်လာကြောင်း သိရသည်။

လူဦးရေ ၄၄ သန်းခန့် နေထိုင်သည့်အာဂျင်တီးနားနိုင်ငံတွင် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂ ဒသမ ၃ သန်းကျော် ရှိပြီး၎င်းတို့အနက် ၅၅၀၀၀ ကျော်သည် အဆိုပါ ရောဂါဖြင့် သေဆုံးခဲ့ကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - ဇေျာ်ဇေ



# ကိုရီးယားကျွန်းဆွယ်ဒေသအတွင်း နျူကလီးယားလက်နက် ကင်းစင်ပပျောက်ရေး တရုတ်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေး

ဆိုးလ် ဧပြီ ၃
ကိုရီးယား ကျွန်းဆွယ်အတွင်း နျူကလီးယားလက်နက် ကင်းစင်ပပျောက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး တရုတ်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံက ပူးပေါင်း ဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့် လုပ်ဆောင်ရန် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများက သဘောတူညီခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။




တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ချွန်အီယောင်တို့သည် တရုတ်နိုင်ငံတောင်ပိုင်းရှိ ရှီမန်မြို့၌ ယနေ့ တွေ့ဆုံခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ချွန်အီယောင်၏ ယခု တရုတ်နိုင်ငံ ခရီးစဉ်သည် နိုင်ငံခြားရေး ဝန်ကြီးအဖြစ် ဖေဖော်ဝါရီလအတွင်းက ခန့်အပ်ခြင်းခံခဲ့ရပြီးနောက် ပထမဆုံးသော နိုင်ငံခြားခရီးစဉ်ဖြစ်သည်။

အစည်းအဝေးတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက လွန်ခဲ့သောလအတွင်းမြောက်ကိုရီးယားနိုင်ငံ၏ တိုက်ချင်းပစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။

ကိုရီးယား ကျွန်းဆွယ်ဒေသ တည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် တရုတ်နိုင်ငံအနေဖြင့် အပြုသဘောဆောင်သော ကဏ္ဍမှ ပါဝင်ဆောင်ရွက်စေလိုကြောင်း တောင်ကိုရီးယား နိုင်ငံခြားရေး ဝန်ကြီးချွန်အီယောင်က ပြောကြားခဲ့သည်။

ထို့ပြင်ဝန်ကြီးများက ကိုရီးယား ကျွန်းဆွယ်ဒေသ၌ နျူကလီးယား လက်နက် ကင်းစင်ပပျောက်ရေး ဆောင်ရွက်ရာတွင် ပိုမိုပူးပေါင်း ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြောင်း တောင်ကိုရီးယား နိုင်ငံခြားရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

နှစ်နိုင်ငံအကြား မဟာဗျူဟာ မိတ်ဖက်ဆက်ဆံရေး တိုးမြှင့် ဆောင်ရွက်ရန် ဝန်ကြီးများက သဘောတူညီခဲ့ပြီး တောင်ကိုရီးယားနိုင်ငံသို့ တရုတ်သမ္မတ ရှီကျင့်ဖျင်၏ အလည်အပတ် ခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်မှုများနှင့်ပတ်သက်ပြီး ဝန်ကြီးများက ဆွေးနွေးခဲ့ကြသည်။

လာမည့် ၂၀၂၂ ခုနှစ်သည် တရုတ်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ထူထောင်မှု၏ နှစ်ပေါင်း ၃၀ ပြည့်သည့်နှစ်ဖြစ်ကြောင်း သိရသည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်-အောင်ကျော်ကျော်

# အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၃၄၅ ဦးရှိခဲ့

ဂျကာတာ ဧပြီ ၃
အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၃၄၅ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၅၇၅၂၄ ဦးအထိရှိလာခဲ့ကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၉၁ ဦးရှိခဲ့ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၁၂၄၂ ဦးအထိရှိလာခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၅၁၉၇ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသူစုစုပေါင်း ၁၃၆၆၂၁၄ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါသည် အင်ဒိုနီးရှားနိုင်ငံ၏ ပြည်နယ် ၃၄ ခုစလုံးသို့ ကူးစက်ပျံ့နှံ့လျက်ရှိကြောင်းလည်း သိရသည်။ အထူးသဖြင့် အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှာ ဂျကာတာသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၉၈ ဦးဖြင့် ထိပ်ဆုံးတွင်ဦးဆောင်ခဲ့ပြီး ဘန်တန်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၁၀၊ အနောက်ဂျာဗား၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၆၀၊ ဗဟိုဂျာဗား၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၇၄ ဦးနှင့် အရှေ့ဂျာဗား၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၀ အသီးသီးရှိကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိသည့်ပြည်နယ် နှစ်ခုရှိပြီး ယင်းပြည်နယ် နှစ်ခုမှာ အရှေ့တောင်ဆူလာဝေစီပြည်နယ်နှင့် မြောက်မာလူကာ ပြည်နယ်တို့ ဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်

# ဩစတြေးလျနိုင်ငံက သွေးခဲမှုပြဿနာကြုံတွေ့ခဲ့သော်လည်း AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု ဆက်လက်ဆောင်ရွက်မည်

မဲလ်ဘုန်း ဧပြီ ၃
ဩစတြေးလျနိုင်ငံသည် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုဆောင်ရွက်ပြီးနောက် သွေးခဲမှုပြဿနာဖြစ်ပေါ်မှုကြောင့် အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၏ ဘေးကင်းလုံခြုံမှုနှင့် စပ်လျဉ်း၍ စိုးရိမ်မှုများမြင့်တက်နေသော်လည်း AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဩစတြေးလျကျန်းမာရေးတာဝန်ရှိသူများက ဧပြီ ၃ ရက်တွင် ပြောကြားခဲ့သည်။

အသက် ၄၄ နှစ်အရွယ် ဩစတြေးလျနိုင်ငံသားတစ်ဦးက AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူပြီးနောက် ရက်ပိုင်းအတွင်း သွေးခဲမှုပြဿနာကြုံတွေ့ခဲ့ကြောင်း မဲလ်ဘုန်းမြို့ရှိ ဆေးရုံတစ်ခုသို့ ဝန်ခံပြောကြားခဲ့သည်။

ထို့ကြောင့် ကာကွယ်ဆေးထိုးနှံမှုဆိုင်ရာနည်းပညာအကြံပေးအဖွဲ့သည် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် စပ်လျဉ်း၍ အကြံပြုချက်များရယူရန် ဧပြီ ၂ ရက်နှင့် ၃ ရက်တို့တွင် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်းလည်း သိရသည်။

ဗြိတိန်နိုင်ငံ၌လည်း AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအသုံးပြုပြီးနောက် လူဦးရေ ၃၀ ခန့်သွေးခဲမှုပြဿနာကြုံတွေ့ခဲ့ကြောင်းနှင့် ကနေဒါ၊ ပြင်သစ်၊ ဂျာမနီနှင့် စပိန်နိုင်ငံတို့အပါအဝင် နိုင်ငံအများအပြားတွင် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသုံးပြုပြီးနောက် အလားတူ သွေးခဲမှုပြဿနာများ ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အရ လူဦးရေ ၂၅ သန်းကို ဖေဖော်ဝါရီလအတွင်းက ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး အောက်စ်ဖို့ဒ်တက္ကသိုလ်နှင့် AstraZeneca ဆေးဝါးကုမ္ပဏီတို့ ပူးပေါင်းထုတ်လုပ်သည့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အများအပြား ရရှိရန်လည်း မျှော်လင့်ထားကြောင်း သိရသည်။

ကိုးကား - စီအင်န်အေ
ဘာသာပြန် - အလင်းသစ်

# အမေရိကန်လွှတ်တော်အဆောက်အအုံအပြင်ဘက်၌ လုံခြုံရေးအရာရှိများအား ဓားဖြင့် တိုက်ခိုက်သည့်ဖြစ်စဉ် ဖြစ်ပွား

ဝါရှင်တန် ဧပြီ ၃

အမေရိကန်နိုင်ငံမြို့တော် ဝါရှင်တန်ရှိ လွှတ်တော်အဆောက်အအုံအပြင်ဘက်၌ အရှိန်ပြင်းမောင်းနှင်လာသော မော်တော်ကားတစ်စီးသည် ပိတ်ဆို့ချထားသည့် လမ်းအတားအဆီးများအား ဝင်ရောက်တိုက်မိပြီး အဆိုပါမော်တော်ယာဉ်မှ ဓားကိုင်ဆောင်ဆင်းလာသူတစ်ဦးက လုံခြုံရေးအရာရှိများအား ဓားဖြင့်လိုက်ထိုးသည့်ဖြစ်စဉ်တစ်ခု ယမန်နေ့တွင် ဖြစ်ပွားခဲ့သည်။



ဓားကိုင်ဆောင်ထားသူသည် အဆိုပါမော်တော်ယာဉ်မှ ထွက်လာပြီး ရဲအရာရှိများအား ရန်ပြုရန်ကြိုးပမ်းစဉ် လုံခြုံရေးအရာရှိများက ၎င်းအား အသေပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်ကြောင့် ရဲအရာရှိတစ်ဦးနှင့် အဆိုပါဓားကိုင်ဆောင်ထားသူတစ်ဦး သေဆုံးပြီး တစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါ ဖြစ်ရပ်ဖြစ်ပွားခဲ့ပြီးနောက် လွှတ်တော်အဆောက်အအုံနှင့် အနီးဝန်းကျင်လမ်းမများအား ယာယီပိတ်ဆို့ထားခဲ့သည်။ ယင်းဖြစ်ရပ်သည် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်စပ်မှုမရှိနိုင်ကြောင်း ရဲအရာရှိများက မှတ်ချက်ပြုပြောကြားခဲ့သည်။

လွှတ်တော်အဆောက်အအုံ အပြင်ဘက်၌ လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် ရဲအရာရှိများအား အရှိန်ပြင်းမောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးမှ ဓားကိုင်ဆောင်ထားသူတစ်ဦးက လိုက်လံထိုးနှံခဲ့သည့်အတွက် ရဲအရာရှိများက ပြန်လည်ခုခံသည့်အနေဖြင့် သေနတ်ဖြင့် အသေပစ်ခတ်ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်လွှတ်တော် လုံခြုံရေးအရာရှိအကြီးအကဲ ယိုဂါနန်ဒါ ပတ်မန်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ဝမ်းနည်းမှုကိုဖော်ပြသည့်အနေဖြင့် အိမ်ဖြူတော်ရှိ နိုင်ငံတော်အလံများကို အလံတိုင်တစ်ဝက်ခန့်အထိ နိမ့်ချထားရန် သမ္မတ ဂျိုးဘိုင်ဒင်က အမိန့်ထုတ်ပြန်ခဲ့သည်။

ဇန်နဝါရီလအစောပိုင်းတွင် လွှတ်တော်အဆောက်အအုံအား ဝင်ရောက်စီးနင်းသည့်ဖြစ်စဉ်ဖြစ်ပွားခဲ့ပြီးနောက် လုံခြုံရေးတင်းကျပ်ဆောင်ရွက်ခဲ့သည်။ သို့သော် လွန်ခဲ့သောရက်အနည်းငယ်အတွင်း လုံခြုံရေးတင်းကျပ်ဆောင်ရွက်မှုများကို ပြန်လည်ဖြေလျှော့ထားကြောင်း သိရသည်။

ကိုးကား - အင်န်အီတီချိုကေ
ဘာသာပြန် - အောင်ကျော်ကျော်

# COVAX အစီအစဉ်မှတစ်ဆင့် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအသုတ် ဘရူနိုင်း လက်ခံရရှိ

ဘန်ဒါဆရီဘီဂါဝန် ဧပြီ ၃

ဘရူနိုင်းနိုင်ငံသည် COVAX အစီအစဉ်မှတစ်ဆင့် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအသုတ် လက်ခံရရှိခဲ့ကြောင်း သိရသည်။ COVAX အစီအစဉ်သည် ကမ္ဘာ့နိုင်ငံတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လက်လှမ်းမီရရှိနိုင်ရေးအတွက် ဖွဲ့စည်းထားသည့် ကမ္ဘာလုံးဆိုင်ရာအစီအစဉ်တစ်ခုဖြစ်သည်။

"ယခုလို COVAX အစီအစဉ်မှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လက်ခံရရှိတာဟာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ဖို့နဲ့ ပြည်သူတွေရဲ့အသက် ဘေးကင်းလုံခြုံမှုရရှိဖို့ ဘရူနိုင်းနိုင်ငံအတွက် သမိုင်းဝင်တဲ့ခြေလှမ်းတစ်ခုပဲဖြစ်ပါတယ်" ဟု ဘရူနိုင်းကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ဘရူနိုင်းနိုင်ငံသည် လာမည့်လများတွင် COVAX အစီအစဉ်မှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အများအပြားဆက်လက်ရရှိမည်ဖြစ်ရာ ယခုရောက်ရှိလာသည့်ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် နောက်ထပ်လက်ခံရရှိမည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအားလုံး၏အစိတ်အပိုင်းပင်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ရှင်းလင်းပြောကြားသည်။

အောက်စဖို့ဒ်နှင့် ဗြိတိန်-ဆွီဒင် ဆေးဝါးကုမ္ပဏီထုတ် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၄၀၀၀ ကို မတ် ၃၁ ရက်က နယ်သာလန်နိုင်ငံ မြို့တော် အမ်းစတားဒမ်မြို့မှ စင်ကာပူသို့ ပို့ဆောင်ခဲ့ပြီး ဧပြီ ၂ ရက်တွင် စင်ကာပူမှတစ်ဆင့် ဘရူနိုင်းနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၄၀၀၀ သည် လာမည့်ဇွန်လကုန်ပိုင်းတွင် COVAX အစီအစဉ်မှတစ်ဆင့် ဘရူနိုင်းနိုင်ငံသို့ ပို့ဆောင်ပေးမည့် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေပေါင်း ၁၀၀၈၀၀ ၏ ပထမအသုတ်ပင်ဖြစ်သည်။

ဘရူနိုင်းနိုင်ငံသည် အောက်စဖို့ဒ်နှင့် ဗြိတိန်-ဆွီဒင် ဆေးဝါးကုမ္ပဏီထုတ် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၊ အမေရိကန်နှင့် ဂျာမနီ ဆေးဝါးကုမ္ပဏီထုတ် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသုံးမျိုးကို နိုင်ငံအတွင်း အရေးပေါ်သုံးစွဲရန် အတည်ပြုခဲ့ပြီးဖြစ်သည်။




ဘရူနိုင်းနိုင်ငံသည် COVAX အစီအစဉ်မှတစ်ဆင့် လက်ခံရရှိမည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအပြင် နှစ်ဦးနှစ်ဖက် သဘောတူညီချက်များမှတစ်ဆင့် အခြားကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကိုလည်း ဝယ်ယူမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ ဘရူနိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၁၃ ဦးရှိပြီး ၎င်းတို့အနက် သုံးဦးသည် အဆိုပါရောဂါဖြင့် သေဆုံးခဲ့သည်။ သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၁၉၅ ဦးသည် ရောဂါမှ ပြန်လည်ကျန်းမာသွားကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေဇီ

# ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်၌ သုံးထပ်အဆောက်အအုံ တစ်လုံး ပြိုကျ၊ လေးဦးအနည်းဆုံး သေဆုံး

ဗန်ကောက် ဧပြီ ၃

ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်ရှိ သုံးထပ်အဆောက်အအုံ တစ်လုံး ယနေ့ မီးလောင်ပျက်စီးပြီး ပြိုကျခဲ့ရာ လေးဦး အနည်းဆုံးသေဆုံးခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

သေဆုံးသူများတွင် ကယ်ဆယ်ရေးလုပ်သားသုံးဦးနှင့် ဒေသခံတစ်ဦးတို့ပါဝင်ခဲ့ပြီး အပျက်အစီးများ အောက်တွင် လူအများအပြား ပိတ်မိလျက်ရှိကြောင်း အရေးပေါ်ကယ်ဆယ်ရေး လုပ်သားတစ်ဦးက ဆိုသည်။

ဗန်ကောက်မြို့တော် အနောက်ပိုင်းရှိ အဆိုပါ သုံးထပ်တိုက်အဆောက်အအုံသည် ဒေသစံတော်ချိန် ယနေ့ နံနက် ၆ နာရီအချိန်တွင် မီးစတင်လောင်ကျွမ်းခဲ့သည်။

နံနက် ၇ နာရီခန့်တွင် မီးသတ်သမားများနှင့် ကယ်ဆယ်ရေးလုပ်သားများက အဆိုပါအဆောက်အအုံသို့ ရောက်ရှိခဲ့ပြီး မီးငြိမ်းသတ်လျက်ရှိစဉ် အဆိုပါအဆောက်အအုံ ပြိုကျသွားခဲ့ကြောင်း သိရသည်။



အဆောက်အအုံပြိုကျခြင်း၏ အကြောင်းရင်းခံကို အတိအကျ မသိရသေးသော်လည်း မီးလောင်ကျွမ်းမှုသည် အဓိကအကြောင်းအရင်းဖြစ်နိုင်ကြောင်း ကယ်ဆယ်ရေးအဖွဲ့အကြီးအကဲ ဂျီရတ်သီကွန် ဘန်ရောင်ကတ်က ပြောကြားခဲ့သည်။

ထို့ပြင် အပျက်အစီးများ၏ အောက်တွင် ပိတ်မိနေသူ ငါးဦးခန့်ရှိနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါပိတ်မိနေသူများအား လိုက်လံရှာဖွေကာ ကြိုးပမ်းကယ်ဆယ်လျက် ရှိကြောင်း ကယ်ဆယ်ရေးအဖွဲ့အကြီးအကဲ ဂျီရတ်သီကွန် ဘန်ရောင်ကတ်က ပြောကြားခဲ့သည်။

ကြီးမားလှသည့်ဈေးဝယ်စင်တာများ၊ လူနေတိုက်ခန်းများနှင့် မိုးမျှော်တိုက်ကြီးများ ပြည့်နှက်လျက်ရှိသည့် ဗန်ကောက်မြို့၌ လူနေအိမ်အဆောက်အအုံ ပြိုကျမှုသည် အလွန်ရှားပါးသောဖြစ်စဉ်တစ်ခုပင်ဖြစ်သည်။ ကိုးကား - စီအင်န်အေ
ဘာသာပြန် - အောင်ကျော်ကျော်

# အိန္ဒိယ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၉၁၂၉ ဦးဖြင့် ယခုနှစ်အတွင်း နေ့စဉ်ကူးစက်မှု စံချိန်တင်

နယူးဒေလီ ဧပြီ ၃

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၉၁၂၉ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် လက်ရှိအချိန်အထိ အဆိုပါ ရောဂါ ကူးစက်ခံရသူပေါင်း ၁၂၃၉၂၂၆၀ ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ထို့အပြင် အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် ၇၁၄ ဦး ထပ်မံသေဆုံးခဲ့ပြီးနောက် ထိုရောဂါဖြင့် သေဆုံးသူပေါင်း ၁၆၄၁၁၀ ရှိလာကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။ အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ၈၉၁၂၉ ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီး ထိုရောဂါဖြင့် ၇၁၄ ဦး သေဆုံးမှုနှုန်းသည် ယခုနှစ်အတွင်း အများဆုံးဖြစ်သည်။

သို့သော် အိန္ဒိယနိုင်ငံရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၅၆၉၂၄၁ ဦးသည် ဆေးဝါးကုသမှုခံယူခဲ့ပြီးနောက် ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ကြသဖြင့် လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးဝါးကုသမှုခံယူနေသောလူနာ ၆၅၈၉၀၉ ဦး ကျန်ရှိသေးကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ယခုနှစ် ဇန်နဝါရီလတွင် စတင်ခဲ့ရာ လက်ရှိအချိန်အထိ ပြည်သူ ၇၃ သန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် အိန္ဒိယဗဟိုအစိုးရက ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိခြင်းနှင့်အတူ လက်ရှိအချိန်အထိ နိုင်ငံတစ်ဝန်းတွင် ပြည်သူ ၂၄၆ သန်းတို့၏ နမူနာကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးနိုင်ခဲ့ကြောင်း အိန္ဒိယဆေးသုတေသနကောင်စီမှ ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့အပြင် မြို့တော်နယူးဒေလီတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၅၀၀ ခန့် တွေ့ရှိပြီး ထိုရောဂါဖြင့် ၁၄ ဦးသေဆုံးခဲ့ကြောင်း သိရသည်။ လက်ရှိအချိန်အထိ နယူးဒေလီမြို့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူပေါင်း ၁၁၀၅၀ ရှိလာကြောင်း နယူးဒေလီဒေသန္တရ ကျန်းမာရေးဌာနက အတည်ပြု ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေဇီ

# အာဖရိကတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၄ ဒသမ ၂၅ သန်းကျော်ရှိလာ

အဒစ်အာဘာဘာ ဧပြီ ၃

အာဖရိကတိုက်၌ ယနေ့မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက်သည် စုစုပေါင်း ၄၂၅၂၆၇၆ ဦးအထိရှိလာခဲ့ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားခဲ့သည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ကျန်းမာရေး အေဂျင်စီများအား ကိုယ်စားပြုသော အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် သေဆုံးခဲ့သူစုစုပေါင်း ၁၁၃၄၂၉ ဦးရှိခဲ့ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၃၈၀၀၁၃၀ ရှိခဲ့ကြောင်း သိရသည်။

အာဖရိကတိုက်ရှိနိုင်ငံအများအနက် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအများဆုံးနိုင်ငံမှာ တောင်အာဖရိကနိုင်ငံဖြစ်ပြီး တောင်အာဖရိက၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၅၂၈၆၄ ဦးရှိကြောင်းနှင့် တောင်အာဖရိကနိုင်ငံ နောက်တွင် အီဂျစ်နိုင်ငံက ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၂၀၈၄ ဦး၊ မော်ရိုကိုနိုင်ငံက ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၈၈၃၅ ဦး အသီးသီးရှိကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားခဲ့သည်။



### အများဆုံးနိုင်ငံများဖြစ်

တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံ၊ အီဂျစ်နိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု အများဆုံးနိုင်ငံများဖြစ်ပြီး အဆိုပါငါးနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုသည် အာဖရိကတိုက် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအားလုံး၏ ၆၅ ရာခိုင်နှုန်းရှိကြောင်းလည်း သိရသည်။

အာဖရိကတိုက်၏ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုသည် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအားလုံး၏ ၃ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး အာဖရိကတိုက်၏ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးမှုသည် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုအားလုံး၏ ၄ ရာခိုင်နှုန်းရှိကြောင်းလည်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်




## အသက် ၁၀၆ နှစ်အရွယ် ရုရှားအဘွားအိုတစ်ဦး Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူ

မော်စကို ဧပြီ ၃

အသက် ၁၀၆ နှစ်အရွယ် ရုရှားအဘွားအိုတစ်ဦးသည် ပြည်တွင်းထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူခဲ့ကြောင်း ရုရှားအာဏာပိုင်အဖွဲ့က ယနေ့ပြောကြားခဲ့သည်။

ရုရှားနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိစဉ် အဆိုပါကြေညာချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ဗိုဂိုဂရက်ဒေသတွင် နေထိုင်ကာ လယ်သမားတစ်ဦးဖြစ်သည့် အဘွားအို အီလီဇာဗီတာ ဘွိုင်ကိုဗာသည် အဆိုပါဒေသရှိ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဂေဟာတွင် Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှု ခံယူခဲ့ပြီးဖြစ်ကြောင်း ဒေသန္တရအာဏာပိုင်များက ဆိုသည်။

ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှုခံယူပြီးနောက် အဘွားအို၏ ကျန်းမာရေးအခြေအနေမှာ ဆက်လက်ကောင်းမွန်ဆဲဖြစ်ကြောင်း သက်ကြီးစောင့်ရှောက်ရေးဂေဟာမှ ဝန်ထမ်းတစ်ဦးက ပြောကြားခဲ့သည်။

သမ္မတ ဗလာဒီမာပူတင်ဦးဆောင်သည့် အစိုးရအဖွဲ့သည် ပြည်တွင်းဖြစ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအများအပြားကို သုံးစွဲခွင့်အတည်ပြုပေးခဲ့ပြီးဖြစ်သည်။

သို့သော် လက်ရှိအချိန်အထိ ရုရှားလူဦးရေ၏ ငါးရာခိုင်နှုန်းသာလျှင် ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုခံယူပြီးဖြစ်သည်။ ထို့ပြင် ကာကွယ်ဆေးထိုးနှံမှုခံယူပြီးနောက် ထွက်ပေါ်လာနိုင်သည့် ဘေးထွက်ဆိုးကျိုးများအပေါ် စိုးရိမ်ပူပန်လျက်ရှိသည့် ပြည်သူအများအပြားရှိနေသေးကြောင်း သိရသည်။

ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်- အောင်ကျော်ကျော်

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၃၀၉၇၇၆၅၃ | ဦး |
| သေဆုံးသူ | ၂၈၅၃၁၈၈ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၀၅၄၃၉၄၇၇ | ဦး |

## အမေရိကန်နိုင်ငံ၌ ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၃၀၀၀ ကျော်ရှိလာ

ဝါရှင်တန် ဧပြီ ၃

အမေရိကန်နိုင်ငံ၌ ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၃၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း အမေရိကန် ရောဂါကာကွယ်ထိန်းချုပ်ရေး စင်တာက ယမန်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါ ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၃၀၅၂ ဦးအနက် ၁၂၅၀၅ ဦးသည် ဗြိတိန်နိုင်ငံ၌ စတင်တွေ့ရှိခဲ့သည့် ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူများဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ပါရှိသည်။

အလားတူ တောင်အာဖရိကနိုင်ငံ၌ စတင်တွေ့ရှိသည့် ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ ၃၂၃ ဦးနှင့် ဘရာဇီးနိုင်ငံ၌ စတင်တွေ့ရှိခဲ့သည့် ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၂၄ ဦးရှိကြောင်း သိရသည်။

ထို့ပြင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌ စတင်တွေ့ရှိသည့် ဗီဇပြောင်းဗိုင်းရပ်စ် နှစ်မျိုးဖြစ်သော B.1.427 နှင့် B.1.429 တို့အား အမေရိကန် ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက အနီးကပ် စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။



ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

## ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ တစ်သိန်းကျော်ရှိလာ

မော်စကို ဧပြီ ၃

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၈၄ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၀၀၀၁၇ ဦးအထိ ရှိလာခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ယနေ့တွင် ပြောကြားခဲ့သည်။



### ပြောကြား

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၀၂၂ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၄၅၇၂၀၇၇ ဦးအထိရှိလာခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၆၉၁၈ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၄၁၉၅၈၆၉ ဦးရှိလာခဲ့ကြောင်း သိရသည်။

### သေဆုံးမှုအများဆုံးဒေသ

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်သေဆုံးမှုတွင် အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်တာကာလတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၁၁ ဦး ရှိခဲ့ခြင်းကြောင့် မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၀၃၂၆၆၆ ဦးရှိခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm




## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၃

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဧပြီ ၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၄၉ စီး၊ သွင်းကုန် ၇၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၈၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ် ဧပြီ ၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ ဖမ်းဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးကျပ် ၁ ဒသမ ၂၀၀ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ ဖမ်းဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးကျပ် ၁ ဒသမ ၁၂၀ သန်း စုစုပေါင်းဖမ်းဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးကျပ် ၂ ဒသမ ၃၂၀ သန်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဧပြီ ၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့သည် ရေပူစခန်းအနီးတစ်ဝိုက်ရှိ ရှောင်ကွင်းလမ်းများသို့ သွားရောက်ရှာဖွေစစ်ဆေးရာ ရှောင်ကွင်းလမ်းအတွင်း၌ စုပုံထားသော တရားမဝင်သယ်ဆောင်လာသည့် MODE စိုက်ပျိုးရေးဆေးမှုန့် (1x15 kg) (40 Bags ) C/O China နှင့် ကလေးစက်ဘီး (1x 2 Pcsx 10 Pkgs) 20 Pcs Co China စုစုပေါင်းနှစ်မှု ခန့်မှန်းတန်ဖိုးကျပ် ၁ ဒသမ ၂၀၀ သန်းအား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ကြီးတံခွန်မြို့နယ်၌ ဘိန်းစိမ်းများ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၃

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂ ရက် နံနက် ၁၀ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ကျွဲဆည်ကန်ကားဝင်းအတွင်းရှိ ခရီးသည်တင်မော်တော်ယာဉ်ဂိတ်၌ TOYOTA SUCCEED အမျိုးအစား မော်တော်ယာဉ်နှင့်အတူ လူမဲ့တန်ဆာပလာတ်စတစ်ပုံးကို လာရောက်ထုတ်ယူသည့် နေလင်းအောင်အား စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၁၆ ဒသမ ၇ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် နေလင်းအောင်ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား




## ငဖဲမြို့နယ်၌ ငွေကျပ် ၅ ဒသမ ၂၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၇၆ သန်း သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၃

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်တွင် ငွေကျပ် ၅ ဒသမ ၂၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၇၆ သန်း သိမ်းဆည်းရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂ ရက် နံနက် ၁၁ နာရီတွင် ငဖဲမြို့နယ် ပဒါန်း(ပျဉ်းဝ) ကျေးရွာပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မောင်မောင်ချေမောင်းနှင်ပြီး နေဝင်းလိုက်ပါလာသည့် ခြောက်ဘီးယာဉ်ကို စစ်ဆေးရှာဖွေရာ မော်တော်ယာဉ်ကြမ်းခင်းအတွင်း ထည့်သွင်းသယ်ဆောင်လာသည့် ငွေကျပ် ၅ ဒသမ ၂၈ ဘီလီယံ တန်ဖိုးရှိစိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၇၆ သန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးချက်များအရ စိတ်ကြွဆေးပြားများ တာဝန်ခံသယ်ဆောင်လာသူ ဆန်းလွင်မှာ ယာဉ်ဖြင့်ရှေ့မှ ထွက်ခွာသွားကြောင်း သိရှိရသဖြင့် ပူးပေါင်းအဖွဲ့မှ ပိတ်ဆို့ဖမ်းဆီးရာ မွန်းလွဲ ၁ နာရီခန့်တွင် ဆန်းလွင်၊ စိုးနိုင်၊ ထွန်းအေး၊ အောင်သိန်းထွန်း(ခ)အခင်ချေတို့အား အမ်းမြို့နယ် ကံမြင့်ကန်စစ်ဆေးရေးဂိတ်တွင် ထပ်မံဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ရခိုင်ပြည်နယ်ပုဏ္ဏားကျွန်းမြို့သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား



မောင်မောင်ချေ၊ နေဝင်း၊ ဆန်းလွင်၊ စိုးနိုင်၊ ထွန်းအေးနှင့် အောင်သိန်းထွန်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ပူပြင်းသောရာသီမှာ သတိပြုစရာများ

ကြည်လွင်မြင့် (မုဒြာ)

**ကဆုန်၊ နယုန် ဆွေ့ဆွေ့ခုန်**

မြန်မာပြည်ရာသီဥတုမှာ မတ်လ၊ ဧပြီလ၊ မေလများတွင် ရာသီဥတု ပူပြင်းလေ့ရှိသည်။ အထူးသဖြင့် မေလတွင် မိုးတစ်ဖြိုက်နှစ်ဖြိုက်ရွာပြီး ပြန်ပူသောအခါ လူများ နေထိုင်မကောင်း ဖြစ်လေ့ရှိသည်။ ပြက္ခဒိန်တွင် မြန်မာလရာသီအားဖြင့် ကဆုန်၊ နယုန်လများသည် မနေနိုင်အောင် ပူပြင်းသောလများဖြစ်သဖြင့် ရှေးလူကြီးများက "ကဆုန်၊ နယုန် ဆွေ့ဆွေ့ခုန်" ဟု စာဆိုခဲ့ခြင်းဖြစ်မည်ဟု ထင်ပါသည်။ အမှန်ပင်လေမတိုက်ဘဲ ပူအိုက်နေသောအခါများတွင် အိမ်အနီးရှိ ရေကန်နှင့် သောက်ရေအိုးများမှ ရေများပါ ပူလောင်ပြီး မချိုးနိုင်၊ မသောက်နိုင် ဖြစ်ရသည်ကို ဤလတွင် တွေ့ကြုံရပါသည်။

လွန်ခဲ့သောနှစ်ပိုင်းက စာရေးသူ၏ တိုင်းရင်းဆေး အကြောပြင်ဆေးကုခန်းသို့ မန္တလေးမြို့အနီး စဉ့်ကိုင်ရပ်မှ ဘုန်းတော်ကြီးတစ်ပါးကို ကားဖြင့် ပင့်လာကြပါသည်။ ဆရာတော်ကြီးမှာ သက်တော် ၈၀ ပြည့်၍ ၈၁ နှစ်အတွင်းသို့ပင် ရောက်ရှိနေပြီဖြစ်ပါသည်။ ညာဘက်တစ်ခြမ်း ခြေ၊ လက် ကောင်းစွာမလှုပ်နိုင်။ လေဖြတ်သကဲ့သို့ဖြစ်ပြီး ပုဂ္ဂလိကဆေးရုံတစ်ခုတွင် ကုသမှုခံယူပြီးမှ ဆေးရုံက ဆင်းလာခဲ့ခြင်း ဖြစ်ပါသည်။

ဖြစ်ပုံမှာ ဆရာတော်သည် နေ့စဉ်နိစ္စဓူဝ ပြုနေကျအလုပ်မှာ ညနေချိန်ရောက်တိုင်း ကျောင်းတိုက်အတွင်းရှိ သစ်ပင်ပန်းမန်များကို ရေပိုက်ဖြင့် ရေဖျန်းရေလောင်းလေ့ရှိသည်။ ထိုသို့ ပြုခဲ့သည်မှာလည်း ဆယ်စုနှစ်မကဟု ဆိုသည်။ လေဖြန်းသလို ဖြစ်မည့်နေ့က နေ့ခင်းပိုင်းတွင် အလွန်ပူပြင်းသဖြင့် ညနေစောင်းတွင် ရေလောင်းလျှင် သစ်ပင်ပန်းပင်များ အပူလျှပ်သလို ဖြစ်မည်ကို စိုးသဖြင့် ဆရာတော်သည် ည ၇ နာရီ၊ ၈ နာရီအတွင်း မှာမှ အပင်များကို ရေလောင်းသည်ဟု ဆိုသည်။ ရေလောင်းသောအခါ ခန္ဓာကိုယ်အောက်ပိုင်းကိုလည်း ရေအနည်းငယ်စိုသည်။ အိပ်ချိန်တွင် ရေစိုသည့်သင်္ကန်းများကို လဲလှယ်ပြီး ဘုရားဝတ်တက်သည်။ ပြုနေကျ တရားအလုပ်များ ပြုလုပ်ပြီး ညအိပ်ရာဝင်သည်။ နံနက်လင်းပိုင်း ရောက်သောအခါ ဆရာတော်ကြီးသည် ရုတ်တရက် အိပ်ရာမှထသောအခါ မထနိုင်။ ပြန်လဲကျသဖြင့် အနီးအနားမှ ဦးပဉ္ဇင်းနှင့် ကိုရင်လေးများကို လှမ်းခေါ်အကူအညီတောင်းပြီး ထရသည်ဟု ဆိုသည်။

ဆရာတော်ကြီးသည် သင်္ကန်းကိုလည်း မိမိ ညာလက်ဖြင့် မရုံနိုင်။ ညာခြေဖြင့်လည်း မတ်မတ် ရပ်ပြီး လမ်းမသွားနိုင်။ သို့သော် စကားကို ပီသအောင်ပြောနိုင်သည်။ ခေါင်းမူးနောက်ခြင်းမရှိ။ ထိုင်ပေးလျှင်လည်း ကောင်းစွာထိုင်နိုင်သည်။ ကျောင်းမှဦးပဉ္ဇင်းများက လေဖြတ်မသွားစေရန် အချိန်မီဆေးရုံသို့ ပို့ပေးရန် စီစဉ်ကြသည်။

ဆရာတော် ထိုသို့ဖြစ်ချိန်တွင် မြန်မာတစ်နိုင်ငံလုံးတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ဈေးများ၊ ကျောင်းများ၊ ရုံးများပိတ်ပြီး အသွားအလာ ကန့်သတ်ထားချိန်ဖြစ်သည်။ ဆေးရုံကြီးများတွင်လည်း ကိုဗစ်လူနာများအတွက် အထူးကုသရန် ပြင်ဆင်နေချိန် ဖြစ်သည်။ ထို့ကြောင့် ဆေးရုံကြီးသို့မသွားဘဲ ပြင်ပပုဂ္ဂလိက အထူးကု ဆေးရုံကြီးတစ်ခုသို့ ပို့ဆောင်ကြသည်။

ဆေးရုံရောက်သောအခါ ဆရာတော်ကို ရောဂါရှာဖွေကြသည်။ ခေတ်မီစက်ကြီးများဖြင့် ဦးခေါင်းကို ဓာတ်မှန်ရိုက်ပြီး ရောဂါရှာဖွေကြသည်။ သံလိုက်ဓာတ်မှန်ခေါ် စက်ကြီးဖြင့် ဆရာတော်၏ ဦးနှောက်တွင် သွေးခဲပိတ်ဆို့မှု ရှိ၊ မရှိ သို့မဟုတ် သွေးကြောပေါက်ခြင်း ရှိ၊ မရှိကို ရှာဖွေကြသည်။ ထူးဆန်းသည်မှာ ဆရာတော်ကြီး၏ ဦးနှောက်တွင် သွေးကြောများထောက်ပံ့မှုသည် ပုံမှန်ဖြစ်ပြီး သွေးခဲပိတ်ဆို့ခြင်းလည်းမတွေ့။ သွေးကြောပေါက်သည့် စိမ့်ထွက်သည့်လက္ခဏာလည်း တစ်စုံတစ်ရာ မတွေ့ရှိရခြင်း ဖြစ်သည်။

အနောက်တိုင်းဆေးပညာအရ ဦးခေါင်းအတွင်းရှိ ဦးနှောက်၏ ဘယ်ဘက်အခြမ်းသည် ခန္ဓာကိုယ်၏ ညာဘက်အခြမ်း လှုပ်ရှားမှုအတွက် ထိန်းညှိဆောင်ရွက်ပေးသည်။ ထို့အတူ ဦးနှောက်၏ ညာဘက်အခြမ်းသည် ခန္ဓာကိုယ်၏ဘယ်ဘက်အခြမ်း လှုပ်ရှားမှုအတွက် ထိန်းညှိဆောင်ရွက်ပေးသည်။

ခြင်း၊ သတိမေ့လျော့ခြင်းလည်း မရှိပါ။ ပို၍ ထူးဆန်းသည်မှာ ဆရာတော်ကြီး အထူးကုဆေးရုံကြီးသို့ ရောက်သောအခါ ဆရာဝန်နှင့် သူနာပြုများက သွေးပေါင်ချိန်သောအခါတွင်လည်း သွေးပေါင်ချိန် မတက်။ သွေးမတိုး၊ ပုံမှန်အတိုင်းရှိနေသည်ဟု ဆိုသည်။

ပို၍ထူးဆန်းသည်မှာ ဆရာတော်ကြီး၏ ဦးခေါင်းကို သံလိုက်ဓာတ်မှန်ဖြင့် စစ်ဆေးသောအခါတွင်လည်း ဦးနှောက်၏ အဓိကဖြစ်သော ဘယ်ဘက်ခြမ်းတွင်သာမက ညာဘက်ခြမ်းတွင်လည်း ထူးထူးခြားခြား သွေးခဲပိတ်ဆို့ခြင်း၊ သွေးကြောပေါက်ခြင်း၊ သွေးကြောများရောင်ခြင်း လက္ခဏာတစ်စုံတစ်ရာ မတွေ့ရဟု ဆိုသည်။

> ★ အနောက်တိုင်းဆေးပညာအခေါ် Heat Stroke (အပူကြောင့် သတိလစ်ခြင်း၊ လေဖြတ်ခြင်း) တွင် နှစ်မျိုးတွေ့ရ။
>
> ★ (၁) ပြင်းထန်သောအပူကြောင့် ရေနှင့် မထိတွေ့ရဘဲ လုံးဝသတိမေ့မြောသွားခြင်း၊ စကားမေးမရခြင်း၊ အဖျားကြီးခြင်း။
>
> ★ (၂) အပူဒဏ်ကြောင့် မခံနိုင်ဘဲ ရေအေးသောက်ခြင်း၊ ရေအေးချိုးခြင်းကြောင့် ရုတ်တရက် သတိလစ်ပြီး လဲကျခြင်း။ အချို့မှာ အသက်သေဆုံးသွားခြင်း။ အချို့မှာ ဦးနှောက်အတွင်း သွေးကြောပေါက်သွားသဖြင့် သတိရသောအခါ ဆေးကုသမှု ခံယူပြီးသောအခါ ကိုယ်တစ်ခြမ်းလေဖြတ်ခြင်း၊ ကိုယ်အင်္ဂါ ချို့ယွင်းခြင်း၊ စကားမပီခြင်း၊ ပုံမှန်လှုပ်ရှားမှု မပြုလုပ်နိုင်ခြင်း။
>
> ★ အထက်ပါနှစ်မျိုးတို့တွင် အချို့မှာ နေပူထဲတွင် ခရီးသွားလာရာမှ လမ်းဘေးတွင် ရုတ်တရက်လဲကျပြီး အသက်ဆုံးရှုံးသွားသူများရှိ။

**ဘယ်ဘက်အခြမ်း လေဖြတ်ခြင်းထက် ပို၍ဆိုး**

အကယ်၍ လူတစ်ဦး၏ ဘယ်ဘက်ခြမ်း ဦးနှောက်အတွင်း သွေးတိုးဆောင့်တက်၍ သွေးခဲပိတ်ဆို့ခြင်း၊ သွေးကြောပေါက်ခြင်း၊ ဦးနှောက်သွေးထောက်ပံ့မှု မရရှိခြင်းဖြစ်ပါက ထိုသူ၏ညာဘက်အခြမ်း ခန္ဓာကိုယ်ခြေလက်များ လှုပ်ရှားမှုကို အပြည့်အဝ ဆောင်ရွက်နိုင်တော့မည် မဟုတ်ပါ။ ပို၍ဆိုးသည်မှာ ညာဘက်ခြမ်းလေဖြတ်လျှင် လျှာပါ ပါသဖြင့် ကောင်းစွာစကားမပြောနိုင်ခြင်း၊ စကားလုံးများ မပီသခြင်း၊ အချို့တွင် လုံးလုံးစကားမပြောနိုင်ခြင်း ဖြစ်လေ့ရှိသည်။ ဘယ်ဘက်အခြမ်း လေဖြတ်သူများမှာ များသောအားဖြင့် ခြေလက်အင်္ဂါများ မလှုပ်ရှားနိုင်သော်လည်း စကားကို ကောင်းစွာပြောဆိုနိုင်သည်ကို တွေ့ရသည်။ ထို့ကြောင့် ညာဘက်အခြမ်း လေဖြတ်ခြင်းသည် ဘယ်ဘက်အခြမ်း လေဖြတ်ခြင်းထက် ပို၍ဆိုးသည်ဟု ဆိုကြခြင်းဖြစ်သည်။

အချို့မှာ ဦးနှောက်အတွင်း သွေးခဲပိတ်ဆို့ခြင်း၊ သွေးကြောပေါက်ပြီး သွေးထောက်ပံ့မှု မရရှိခြင်း၊ ပေါက်သွားသောသွေးများသည်ခဲပြီး ဦးနှောက်ရှိ အရေးကြီးသောနေရာများကို ဖိမိခြင်းကြောင့် လေဖြတ်ခြင်းသာမက ပြင်းထန်သောလက္ခဏာများဖြစ်သည့် စကားမေးမရခြင်း၊ မျက်စိမဖွင့်ခြင်း၊ အသက်မသေဆုံးသော်လည်း သတိမရတော့ခြင်းစသည့် အခြေအနေဆိုးသို့ ရောက်ရှိသူများလည်း ရှိပါသည်။

ညပိုင်းသစ်ပင်ရေလောင်း ခန္ဓာကိုယ်အောက်ပိုင်း ရေစိုပြီး အပူလျှပ်၍ လေဖြတ်သလိုဖြစ်သော ဆရာတော်ကြီးမှာ သီလကြောင့်လား၊ ဘုန်းကံကြောင့်လား မသိပါ။ လေဖြန်းသလိုဖြစ်ပြီး ညာဘက်ခြမ်း လက်ခြေလှုပ်ရှားမှုအား မရှိတော့သလိုဖြစ်သော်လည်း စကားကို ပီသစွာပြောဆိုနိုင်သည်။ သတိလစ်ခြင်း သို့မဟုတ် အပြည့်အဝ မလှုပ်ရှားနိုင်ခြင်းမှာ ဦးနှောက်၏ ချို့ယွင်းချက်ကြောင့် မဟုတ်ဟု ဆိုရမည် ဖြစ်နေသည်။

**အပူလျှပ်ပြီး လေဖြတ်သလို ဖြစ်လေ့ရှိ**

တစ်ခါတစ်ရံ အလွန်ပူပြင်းသောအချိန်တွင် ရေဖျန်းခြင်း၊ ရေအေးချိုးခြင်း၊ အေးသောရေဖြင့် တစ်နည်းနည်း ထိတွေ့ခြင်းတို့ကြောင့် အပူလျှပ်ပြီး လေဖြတ်သလို ဖြစ်လေ့ရှိပါသည်။ သွေးတိုးကြောင့် လေဖြတ်ခြင်းနှင့် ခပ်ဆင်ဆင်တူသော်လည်း အမှန်တကယ် အပြည့်အဝလေဖြတ်ခြင်း မဟုတ်သဖြင့် ကုသသောဆရာများ၊ ရောဂါရှာဖွေသော ဆရာများ မျက်စိလည်စရာ ဖြစ်တတ်ပါသည်။

စာရေးသူ၏ အတွေ့အကြုံများအရ လွန်ခဲ့သောနှစ်အနည်းငယ်ကလည်း မြင်းခြံအနီး ရွာတစ်ရွာမှ တောင်ယာစိုက်ပျိုးသူ အသက် ၃၀ အရွယ် လူလတ်ပိုင်းတစ်ဦးသည် ယခုကဲ့သို့ အလွန်ပူပြင်းသော အချိန်တွင် အလုပ်နားပြီး မိမိအိမ်သို့ ပြန်ရာတွင် လမ်း၌ အလွန်အေးသော ချောင်းငယ်လေးတစ်ခုကို ဖြတ်ကူးခဲ့သည်ဟု ဆိုသည်။ ထိုသို့ ဖြတ်ကူးသဖြင့် သူ၏ခါးအောက်ပိုင်းမှာ ရေစိုခဲ့သည်။ အိမ်ရောက်သောအခါ ရေစိုအဝတ်ကိုလဲပြီး ထမင်းစားသည်။ ထမင်းစားရင်းတစ်ဝက် လက်များလေးလာပြီး ထမင်းလုတ် ပြုတ်ကျသည်ဟု ဆိုသည်။ ထို့နောက် ထသောအခါ သူ၏ခြေနှစ်ဖက်မှာ ကောင်းစွာ မရပ်နိုင်တော့ဘဲ ခွေလဲကျသည်ဟု ဆိုသည်။

ထိုသူမှာ အရွယ်ကောင်း လူလတ်ပိုင်း ဖြစ်သဖြင့် မိမိတို့ဆေးခန်းတွင် တိုင်းရင်းဆေးဖြင့် ကုသခြင်း၊ အကြောပြင်ပေးခြင်း၊ ဆေးစည်းပေးခြင်းဖြင့် တစ်လခွဲခန့်ကြာသောအခါ အကောင်းပကတိဖြစ်သွားပါသည်။ ထိုသူ၏ ဖြစ်စဉ်ကို ပြန်စဉ်းစားကြည့်သောအခါတွင်လည်း အလွန်ပူသောအခါတွင် အလွန်အေးသောရေဖြင့် ထိတွေ့ခြင်းသည် ခန္ဓာကိုယ်တွင် ရုတ်တရက် အကြောသေခြင်း၊ အကြောဆိုင်းခြင်း၊ အကြောကပ်ခြင်းများ ဖြစ်နိုင်သည်ကို တွေ့ရှိရပါသည်။ သတိထားသင့်သည့် အချက်ဖြစ်ပါသည်။

**Heat Stroke ခေါ် အပူလျှပ်၍ လေဖြတ်ခြင်း**

အနောက်တိုင်းဆေးပညာအခေါ် Heat Stroke (အပူကြောင့် သတိလစ်ခြင်း၊ လေဖြတ်ခြင်း) တွင် နှစ်မျိုးတွေ့ရသည်။

(၁) ပြင်းထန်သောအပူကြောင့် ရေနှင့်မထိတွေ့ရဘဲ လုံးဝသတိမေ့မြောသွားခြင်း၊ စကားမေးမရခြင်း၊ အဖျားကြီးခြင်း။

(၂) အပူဒဏ်ကြောင့် မခံနိုင်ဘဲ ရေအေးသောက်ခြင်း၊ ရေအေးချိုးခြင်းကြောင့် ရုတ်တရက် သတိလစ်ပြီး လဲကျခြင်း၊ အချို့မှာ အသက်သေဆုံးသွားခြင်း။ အချို့မှာ ဦးနှောက်အတွင်း သွေးကြောပေါက်သွားသဖြင့် သတိရသောအခါ ဆေးကုသမှု ခံယူပြီးသောအခါ ကိုယ်တစ်ခြမ်းလေဖြတ်ခြင်း၊ ကိုယ်အင်္ဂါချို့ယွင်းခြင်း၊ စကားမပီခြင်း၊ ပုံမှန်လှုပ်ရှားမှု မပြုလုပ်နိုင်ခြင်း။

အထက်ပါ နှစ်မျိုးတို့တွင် အချို့မှာ နေပူထဲတွင် ခရီးသွားလာရာမှ လမ်းဘေးတွင် ရုတ်တရက် လဲကျပြီး အသက်ဆုံးရှုံးသွားသူများရှိသည်။ အချို့မှာ ဆေးရုံရောက်သော်လည်း အဖျားကြီးသဖြင့် အပူပြန်မကျတော့ဘဲ သတိလစ်ရာမှ အသက်သေဆုံးသွားသူများလည်း ရှိသည်။ သက်ကြီးရွယ်အိုများ သေဆုံးမှုများသည်။ အိမ်ခြေရာမဲ့များတွင်လည်း အပူဒဏ်ကို ကာကွယ်နိုင်သော နေအိမ်အရိပ်မရှိသဖြင့် ငယ်သူများမှာ ခံနိုင်ရည်ရှိသော်လည်း အသက်ကြီးသူများ သေဆုံးရသည်များလည်း ရှိသည်။ နောက်ထပ် သေဆုံးသူများမှာ အချိန်အခါမရွေး သောက်စားတတ်သည့် အရက်သမားများဖြစ်သည်ကို တွေ့ရှိရသည်။

ဒုတိယအချက်ဖြစ်သည့် အပူဒဏ်ကို ကာကွယ်ရင်း အအေး သို့မဟုတ် ရေအေးဖြင့် ရုတ်တရက်ထိတွေ့ပြီးမှ သေဆုံးရသူများမှာ မသေဆုံးသင့်ဘဲ သေဆုံးရသူများ ဖြစ်သည်။

အသက် ၆၀ ကျော် လူကြီးတစ်ဦးသည် အဲကွန်းနှင့် ကားစီးလာပြီးမှ ပြင်ပသို့ အထွက်တွင် ရုတ်တရက်မူးပြီး လဲကျကာ သတိလစ်သွားသည်။ ဆေးရုံပို့သောအခါ အပူအအေး ရုတ်တရက် ခြားနားချက်ကြောင့် ဦးနှောက်သွေးကြောတစ်ချောင်းပေါက်သွားသည်ဟု သိရသည်။ အသက်မသေသော်လည်း နာတာရှည် လေဖြတ်ဝေဒနာကို ခံစားရသည်။

ဟိုတယ်လုပ်ငန်းပိုင်ရှင်တစ်ဦးသည် စနေနှင့် တနင်္ဂနွေနှစ်ရက် သူ၏မိတ်ဆွေအရာရှိကြီးများအားလပ်ရက်တွင် ဂေါက်သီးကစားလေ့ရှိသည်။ ထိုသို့ကစားရာမှ နေ့တစ်နေ့တွင် နေအလွန်ပူပြင်းသဖြင့် ကစားပွဲကိုရပ်ပြီး မိမိပိုင်သည့် ဟိုတယ်သို့ ပြန်လာရာ အတွင်းသို့မဝင်ရသေး အပေါက်ဝမှာပင် ဝန်ထမ်းတစ်ဦးပေးသည့် Face Towel ဖြင့် မျက်နှာကို ရေပတ်တိုက်ပြီး အလွန်အေးသော ရေသန့်ဘူးတစ်ဘူးကို ဖွင့်ပြီး မော့သောက်လိုက်ရာ မိနစ်အနည်းငယ်အတွင်း လဲကျသွားပြီး ဟိုတယ်အတွင်းသို့ ပွေ့ခေါ်သွားကြရာ ဆေးရုံသို့ပင် မပို့ဆောင်လိုက်ရဘဲ အသက်ဆုံးရှုံးမှု ဖြစ်ခဲ့ရသည်။ စာမျက်နှာ ၁၆ သို့

# ဆူပူအကြမ်းဖက်မှုတွေ အမြန်ပြီးဆုံးပြီး ပုဂ္ဂလိကဘဏ်တွေ အမြန်ပြန်ဖွင့်စေချင်ပါပြီ။ အဲဒါမှ ငွေကြေးစီးဆင်းမှု လည်ပတ်ပြီး ပြည်သူတွေ လုပ်ငန်းအဆင်ပြေလာနိုင်သလို ကျွန်တော်တို့လို ကုမ္ပဏီဝန်ထမ်းတွေလည်း လုပ်ငန်းအဆင်ပြေလာမှာပါ

ဦးထက်ဇော်

နိုင်ငံတော်အေးချမ်းသာယာရေးကို နှောင့်ယှက်ဖျက်ဆီးနေကြသည့် ဆူပူအကြမ်းဖက်သမားများက မြို့တွင်း မြို့ပြင်လမ်းများတွင် သစ်ပင်များလှဲ၍လည်းကောင်း၊ တာယာကွင်း၊ သဲအိတ်စသည်တို့ဖြင့်လည်းကောင်း မင်းမဲ့စရိုက်ဆန်ဆန်လမ်းများပိတ်ဆို့ထားမှုကြောင့် ရပ်ကွက်နေပြည်သူများ ခရီးသွားလာရေးခက်ခဲမှုရှိလာသလို CDM လှုပ်ရှားမှုများကြောင့် ပုဂ္ဂလိကဘဏ်အချို့ ပိတ်ထားရသည့်အတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်မပြေဖြစ်လာရသည့် ပြည်သူများ၏ ရင်ဖွင့်သံများကို ဖော်ပြလိုက်ရပါသည်-

"ကျွန်တော်ကတော့ မြင်းခြံမြို့က ပြည်သူတစ်ဦးပါ။ အခုကျွန်တော်တို့မြို့မှာ ဆူပူအကြမ်းဖက်မှုလုပ်ရပ်တွေဟာ အတော်လေးကိုဆိုးလာပါပြီ။ မတ် ၂၉ ရက်ကလည်း ပြည်သူတစ်ဦးကို ဒလန်ဆိုပြီး ဖမ်းဆီးခေါ်ဆောင်ကာ ရိုက်နှက်တဲ့လုပ်ရပ်မျိုးတွေအထိ အတင့်ရဲလာကြပါပြီ။ ပြီးတော့ မြင်းခြံမြို့ရဲ့ လမ်းအတော်များများမှာလည်း ဝင်၊ ထွက်လို့မရအောင် ပိတ်ဆို့တားဆီးမှုတွေ ပြုလုပ်ထားပါတယ်။ ရပ်ကွက်ထဲကလူတွေ ဈေးတို့၊ တခြားကိစ္စတို့ရှိလို့ သွားမယ်ဆိုရင် လမ်းတွေပိတ်ထားတာကြောင့် လမ်းမကြီးအတိုင်းသွားလို့မရဘဲ ရပ်ကွက်အတွင်းလမ်းတွေကနေ ကွေ့ပြီးသွားရပါတယ်။ အခုက မွှင့်လင်းရာသီရောက်လာပြီမို့ ဒီလိုလမ်းတွေပိတ်ထားလို့ မီးဘေးအန္တရာယ်နဲ့ ကြုံလာပြီဆိုရင် လမ်းထဲကို မီးသတ်ကားတွေဝင်မရတဲ့အတွက် မီးဘေးအန္တရာယ်ကို စိုးရိမ်ရပါတယ်။ အခုလို လမ်းတွေပိတ်ဆို့ပြီး လုပ်နေတာတွေက ရပ်ကွက်ထဲမှာနေတဲ့ပြည်သူတွေသာ သွားရေးလာရေးအဆင်မပြေသလို မီးဘေးနဲ့ကြုံလာရင်လည်း အတော်ဒုက္ခရောက်ကြရမှာပါ။

မတ် ၂၉ ရက်ကပဲ မြင်းခြံမြို့အဝင်မှာရှိတဲ့ ထနောင်းပင်ကြီးကိုခုတ်လှဲပြီး လမ်းကိုပိတ်ဆို့ထားပါတယ်။ အဲဒီထနောင်းပင်ကြီးတွေဆိုတာ မြင်းခြံမြို့ရဲ့ ပြယုဂ်တစ်ခုလို့တောင် ပြောလို့ရပါတယ်။ အခုလိုလုပ်နေတာတွေဟာ မန္တလေးကိုသွားတဲ့သူပဲဖြစ်ဖြစ်၊ လာတဲ့သူပဲဖြစ်ဖြစ် လမ်းပိတ်ဆို့မှုကြောင့် ခရီးသွားကြန့်ကြာကြရပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ အကြမ်းဖက်လုပ်ရပ်တွေလုပ်နေတဲ့သူတွေကို ပြောချင်ပါတယ်။ သူတို့လုပ်ရပ်တွေဟာ ခုတ်ရာတခြား၊ ရှရာတခြား ဆိုသလိုပေါ့၊ ကျွန်တော်တို့ပြည်သူတွေကိုပဲ ပြန်ပြီးဒုက္ခပေးနေသလိုပါပဲ။ အဲဒါကြောင့် လမ်းပိတ်ဆို့ပြီး နှောင့်ယှက်ဖျက်ဆီးနေတာတွေ ရပ်သင့်ပါပြီ။ ပိတ်ဆို့ထားတဲ့ လမ်းတွေကိုလည်း ပြည်သူတွေကို ငဲ့ညှာပြီး အမြန်ဆုံးပြန်ဖွင့်ပေးကြပါလို့ မေတ္တာရပ်ခံပါတယ်"ဟု မြင်းခြံမြို့မှ ဦးစိုးမောင်က ပြည်သူများကိုယ်စား ရင်ဖွင့်လာပါသည်။

CDM လှုပ်ရှားမှုများကြောင့် ပုဂ္ဂလိကဘဏ်အချို့ဖွင့်လှစ်နိုင်မှုမရှိသေးသည့်အတွက် လုပ်ငန်းများ ငွေကြေးစီးဆင်းမှု ရပ်တန့်သွားမှုကြောင့် ယင်းလုပ်ငန်းများပေါ်တွင် မှီခိုကာ အသက်မွေးဝမ်းကျောင်းပြုနေရသည့် ပြည်သူများ အခက်အခဲနှင့်ကြုံတွေ့နေရသည်ကိုလည်း ကြားသိခဲ့ရပါသည်။

"ကျွန်တော်က အသေးစားငွေစုငွေချေးကုမ္ပဏီမှာလုပ်တဲ့ ပုဂ္ဂလိကဝန်ထမ်းတစ်ဦးပါ။ ကျွန်တော်တို့ကုမ္ပဏီက လူတစ်ဦးရဲ့ ပိုင်ဆိုင်မှုပေါ်မူတည်ပြီး အနည်းဆုံးသုံးသိန်းကနေ ရှစ်သိန်းအထိ ချေးပါတယ်။ ၂၄ ရက်ကို တစ်ခါ ငွေချေးတဲ့သူတွေဆီ ပြန်ဆပ်ငွေကောက်ပါတယ်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန် နှစ်လလောက်ပဲ ပြန်ဆပ်ငွေကောက်တာကို ရပ်နားထားပြီး နောက်ပိုင်းမှာ ပုံမှန်ပြန်ကောက်ခဲ့ပါတယ်။ ပြန်ဆပ်ငွေကောက်တဲ့အခါ ကျေးရွာတွေအထိ ဆင်းကောက်ရပါတယ်။ ကျေးရွာအချို့က မိသားစုတွေမှာ နိုင်ငံခြားထွက်ပြီး အလုပ်လုပ်တဲ့သူရှိသလို ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းတွေ၊ အရောင်းအဝယ်လုပ်သူတွေလည်းရှိပါတယ်။ သူတို့ သားသမီးတွေဆီကနေ လစဉ်ပုံမှန် အလုပ်လုပ်လို့ရတဲ့ ပိုက်ဆံကို ဘဏ်ကနေလွှဲပေးပါတယ်။ အဲဒီကရတဲ့ပိုက်ဆံထဲကမှ ကျွန်တော်တို့ကို ပြန်ဆပ်ငွေပေးတာတွေလည်းရှိပါတယ်။ အခုပုဂ္ဂလိကဘဏ်အချို့က ပိတ်ထားတော့ ငွေလွှဲလို့မရပါဘူး။ အဲဒီတော့ ကျွန်တော်တို့ကို ပြန်ဆပ်ငွေအရစ်ကျနဲ့ပေးတဲ့အခါ အကုန်ပြန်မဆပ်နိုင်တော့ပါဘူး။ ဥပမာ နှစ်သောင်းခွဲဆပ်ရမယ့်သူက တစ်သောင်းခွဲလောက်ပဲဆပ်နိုင်ပြီး ကျန်တဲ့ တစ်သောင်းကို နောက်လတွေမှ ပေါင်းဆပ်မယ်ပြောပါတယ်။ သူတို့စားဝတ်နေရေးအတွက်ကလည်းရှိသေးတော့ ပြန်ဆပ်ဖို့ အတော်ဒုက္ခရောက်ကြပါတယ်။ တောင်သူတွေကျပြန်တော့ ကုန်စည်စီးဆင်းမှုကမရှိတော့ ပဲဈေးတွေ မကောင်းလို့ ပြန်ဆပ်ဖို့ ခက်ခဲကြပါတယ်။ အဲဒါကြောင့် ဆူပူအကြမ်းဖက်မှုတွေ အမြန်ပြီးဆုံးပြီး ပုဂ္ဂလိကဘဏ်တွေ အမြန်ပြန်ဖွင့်စေချင်ပါပြီ။ အဲဒါမှ ငွေကြေးစီးဆင်းမှု လည်ပတ်ပြီး ပြည်သူတွေ လုပ်ငန်းအဆင်ပြေလာနိုင်သလို ကျွန်တော်တို့လို ကုမ္ပဏီဝန်ထမ်းတွေလည်း လုပ်ငန်းအဆင်ပြေလာမှာပါ"ဟု အသေးစားငွေစုငွေချေးကုမ္ပဏီတစ်ခုတွင် တာဝန်ထမ်းဆောင်နေသည့် ဦးထက်ဇော်က ရင်တွင်းစကားဆိုလာသည်။

"ကျွန်တော်တို့ရွာမှာ အခုဆိုရင် တောင်သူတွေ ပဲရိတ်သိမ်းချိန်ဖြစ်ပါတယ်။ ပဲရိတ်သိမ်းတဲ့အခါမှာ အငှားလုပ်သားတွေကို နေ့တွက်ပေးပြီး ရိတ်သိမ်းကြပါတယ်။ လုပ်အားခကို ပဲရောင်းပြီးပေးပါတယ်။ ဒါပေမယ့် ပဲဈေးတွေကကျတော့ ကျွန်တော်တို့ တောင်သူတွေ တွက်ခြေမကိုက်ပါဘူး။ CDM လှုပ်ရှားမှုကြောင့် ပုဂ္ဂလိကဘဏ်အချို့က အခုထိပိတ်ထားရတော့ ငွေကြေးစီးဆင်းမှုမလည်ပတ်တော့ ကုန်စည်စီးဆင်းမှုရော ပဲအရောင်းအဝယ်ပါ ရပ်တန့်လုနီးဖြစ်နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ပဲဈေးတွေလည်းကျတာပေါ့။ ပြီးတော့ ပဲရောင်းတဲ့အခါမှာလည်း ကျွန်တော်တို့ရွာက မြင်းခြံမြို့နဲ့နီးတော့ မြင်းခြံက ပွဲရုံတွေကို သွားရောင်းကြပါတယ်။ အခုရက်ပိုင်း မြင်းခြံမြို့က ဆူပူအကြမ်းဖက်မှုတွေ ဖြစ်လာတော့ သွားမရောင်းရဲပါဘူး။ အဲဒီအခါ အလုပ်သမားတွေအတွက် လုပ်ခရှင်းပေးဖို့ရာ အခက်ကြုံရပါတယ်။ အဲဒါကြောင့် မြန်မာပြည်ကြီး အေးချမ်းပြီး ဘဏ်တွေလည်းပြန်ဖွင့်ကာ ကုန်စည်စီးဆင်းမှုတွေ အမြန်ကောင်းလာစေချင်ပါပြီဗျာ။ ဒါမှ ကျွန်တော်တို့လို တောင်သူတွေအတွက် အဆင်ပြေလာမှာဖြစ်သလို အလုပ်သမားတွေလည်း အဆင်ပြေလာမှာပါ"ဟု မြင်းခြံမြို့နယ်အတွင်းရှိ ကျေးရွာမှ တောင်သူဦးမင်းထွန်းက ပြောသည်။

**တွေ့ဆုံမေးမြန်း-မပန်းမှုံ**

ကြေးမုံ အယ်ဒီတာ့ထံ ပေးစာ

## အမှားများကို ထပ်ဆင့်ကျူးလွန်ခြင်း မပြုကြဖို့ သုံးသပ်သင့်

အယ်ဒီတာခင်ဗျာ-

ဒီနေ့ဖြစ်ပေါ်နေသော ဆူပူအကြမ်းဖက်မှုများကြောင့် ဆင်းရဲဒုက္ခ ကြုံတွေ့နေရသူများမှာ ပြည်သူလူထုသာဖြစ်ပါသည်။ ယခင် NLD အစိုးရတာဝန်ရှိသူများ၏ မရိုးသားသော တာဝန်မဲ့လုပ်ရပ်များကြောင့် ယခုအခြေအနေသို့ ရောက်နေခြင်းဖြစ်ကြောင်း လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေပါသည်။

အကြောင်းကြောင့် အကျိုးဖြစ်ခြင်းသာ ဖြစ်ပါသည်။ ဆူပူဆန္ဒပြသူများအနေဖြင့် မိမိတို့လုပ်ရပ်မှန်၊ မမှန် ပြန်လည်စဉ်းစားပြီး အမြင်မှန်ရသင့်ကြပါပြီ။ မြောက်ထိုးပင့်ကော် လုပ်နေသူများအနေဖြင့်လည်း အမှားများကို ထပ်ဆင့်ကျူးလွန်ခြင်း မပြုကြဖို့ သုံးသပ်သင့်ကြပါသည်။

ဆူပူအကြမ်းဖက်မှုများကို ရပ်နားပြီး အေးချမ်းသာယာစွာဖြင့် မင်္ဂလာရှိသော မြန်မာ့သင်္ကြန်နှင့် နှစ်သစ်ကူးကာလကို ပျော်ရွှင်ငြိမ်းချမ်းစွာ မျှော်လင့်ကြိုဆိုကြပါစို့။

**လက်ရှိအခြေအနေကို စိတ်ပျက်မိသူ အငြိမ်းစားတစ်ဦး**

## ဖုံးခွဲ၊ မီးရှို့၊ လူသတ်၊ ဖျက်ဆီး၊ လူစုနဲ့ ရမ်းကားအနိုင်ကျင့်နေတဲ့ လူစုကို အမြန်ဆုံး ထိထိရောက်ရောက်နှိမ်နင်းပေးပါ

အယ်ဒီတာရှင့်-

ကျွန်မကတော့ မင်္ဂလာဈေးမှာ အထည်စုံရောင်းတဲ့ဈေးသည်ပါ။ ဆိုင်ခန်း လေးခန်းရှိပေမယ့် တစ်ခန်းပဲ နေ့စဉ်ဖွင့်နိုင်ပါတယ်။ ဈေးလာခင်းရင် ဖုံးခွဲမယ်၊ မီးရှို့မယ်နဲ့ နေ့တိုင်းကောလာဟလလွှင့်ပြီး ခြိမ်းခြောက်နေလို့ ကြောက်ကြောက်နဲ့ပဲ ဆိုင်ခင်းရတာမို့ ပစ္စည်းစုံအောင် မခင်းနိုင်ပါ။

ရောင်းလို့လဲ မကောင်းပါ။ ဖုံးခွဲ၊ မီးရှို့၊ လူသတ်၊ ဖျက်ဆီး လူစုနဲ့ ရမ်းကားအနိုင်ကျင့်နေတဲ့ လူစုကို အမြန်ဆုံး ထိထိရောက်ရောက်နှိမ်နင်းပေးပါရှင်။ ဈေးရောင်းဈေးဝယ်သူအားလုံး စီးပွားပျက်၊ စိတ်ဆင်းရဲနဲ့ အတိဒုက္ခရောက်နေကြရတာကြာပါပြီ။ အဲဒီအုပ်စုကို အမြန်ရှင်းလင်းပေးပါရှင်။

**အမည်မဖော်ရဲသူ အထည်သည်**

◘ စာမျက်နှာ ၁၅ မှ

လွန်ခဲ့သည့်နှစ်ကပင် အသက်ငယ်သေးသည့် တက်သစ်စ ရုပ်ရှင်သရုပ်ဆောင်တစ်ဦးသည် နေပူထဲတွင် သူငယ်ချင်းများနှင့် ဘောလုံးကစားရာမှ ခေတ္တနားချိန်တွင် အပြေးအလွှား ရေသန့်ဘူး ငယ်တစ်ဘူးကို မော့သောက်လိုက်ရာမှ လဲကျသွားပြီး နှလုံးရပ်ကာ သေဆုံးသွားရသည်ဟု ဂျာနယ်များတွင် ဖတ်ရှုရသည်။ အသက်အရွယ် အလွန်ငယ်သေးသည့်အရွယ်တွင် ဤသို့ဖြစ်ရခြင်းမှာ ရှားရှားပါးပါးဖြစ်ပြီး သူ၏မိတ်ဆွေများနှင့် အားပေးသူများမှာ အထိတ်တလန့်ဖြစ်ကာ ဝမ်းနည်းကြေကွဲကြရသည်။

အပူနှင့် အအေး ဝိရောဓိသည် အလွန်ကြောက်စရာကောင်းပြီး အခန့်မသင့်လျှင် လူတစ်ဦး၏ အသက်ကို ချက်ချင်းနုတ်ယူနိုင်သည်ကို သတိပြုကြဖို့လိုသည်။

**ပူပြင်းသောအချိန်တွင် သတိထားရမည့်အချက်များ**

(၁) ပူပြင်းသောရာသီတွင် ရေချိုးလျှင် နံနက်စောစောအချိန်တွင်သာ ချိုးပါ။ နေ့လယ်၊ ညနေစောင်းအချိန်များတွင် ရေမချိုးပါနှင့်။
(၂) ရေမချိုးမီ ရေအေးတစ်ခွက် သောက်ပြီးမှ ရေချိုးပါ။
(၃) ရေချိုးလျှင် ဦးခေါင်းမှစ၍ မလောင်းပါနှင့်။ ခြေဖျား၊ ဒူး၊ ပေါင်လယ်စသည်ဖြင့် တဖြည်းဖြည်း အထက်သို့တက်၍ ရေလောင်းပြီးမှ ရေချိုးပါ။
(၄) ရေမချိုးမီက ဆီးသွားထားပါ။ ဆီးအိမ်တွင် ဆီးရှိနေချိန် ရေချိုးလျှင် ဆီးသွားချင်စိတ်ဖြစ်ပေါ်လာပြီး မသွားဘဲ အောင့်ထားပြန်လျှင်လည်း ဆီးပူ၊ ဆီးအောင့်ညောင်းကျရောဂါများ ဖြစ်တတ်ပါသည်။
(၅) ရေချိုးပြီးလျှင် အချိန်ကြာမြင့်စွာ အဝတ်အစားမဝတ်ဘဲ မနေပါနှင့်။ လေဝင်လေထွက်ကောင်းသည့် ခွပ်ကျယ်၊ ချည်ထည်အဝတ်အစားများကို ဝတ်ဆင်ပါ။
(၆) နေ့လယ်နေပူပြင်းချိန်တွင် အပြင်မထွက်ပါနှင့်။ ထွက်လျှင် ထီး၊ ဦးထုပ်အဆောင်းအကာများ ပါပါစေ။
(၇) ညနေစောင်းအချိန်များတွင် သစ်ပင်ပန်းမန်များကို ရေလောင်းခြင်း၊ ရေဖျန်းခြင်း မပြုလုပ်ပါနှင့်။ ထိုသို့ပြုလုပ်၍ မိမိခန္ဓာကိုယ်အောက်ပိုင်းရေစိုလျှင် အပူလျှပ်၍ လေဖြတ်နိုင်သည်ကို သတိပြုပါ။
(၈) ရေခဲရေ၊ အလွန်အေးသောရေများကို မသောက်ပါနှင့်။ ရေနွေးကြမ်းတွင် ဆားအနည်းငယ်ခတ်သောက်ခြင်း သို့မဟုတ် ရေကျက်အေးသောက်ခြင်းသည် ကျန်းမာရေးနှင့် ညီညွတ်ပါသည်။ ။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဧပြီလ ၃ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် မဲရုံပေါင်း၊ ၁၅၉ ရုံ | ၁၂၆၈၆၅ | ၁၀၂၃၇၂ | ၁၂၇၀၀ | ၆၂၄ | ၁၂၀၇၂ |
| ၂ | မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မဲရုံပေါင်း၊ ၁၄၂ ရုံ | ၁၁၈၄၇၉ | ၁၀၃၇၁၆ | ၉၅၉၁ | ၅၈၄ | ၁၀၆၅၈ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်တို့၏ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကိုလည်း သက်ဆိုင်ရာမြို့နယ်အလိုက် ယခင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၃၀၁ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၇၉၆၂၉ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၉၂၈၅၇၊ ကျန်ရှိရမည့်အရေအတွက်မှာ ၈၆၇၇၂၊ မြေပြင်လက်ကျန် ၈၁၅၀၈ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၆၄၁၅ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၁၁၅၁ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရေနံချောင်း | ၁၅၉ | ၁၄၆၄၂၁ | ၈၉၁၂၃ | ၅၇၂၉၈ | ၅၃၅၇၄ | ၃၇၂၄ | |
| ၂ | စဉ့်ကိုင် | ၁၄၂ | ၁၃၃၂၀၈ | ၁၀၃၇၃၄ | ၂၉၄၇၄ | ၂၇၉၃၄ | ၂၆၉၁ | ၁၁၅၁ |
| | စုစုပေါင်း | ၃၀၁ | ၂၇၉၆၂၉ | ၁၉၂၈၅၇ | ၈၆၇၇၂ | ၈၁၅၀၈ | ၆၄၁၅ | ၁၁၅၁ |

**ရေနံချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

၅။ မြေပြင်စစ်ဆေးချက်များအရ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်တွင် ရပ်ကွက် ၁၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၉ အုပ်စု၊ မဲရုံပေါင်း ၁၅၉ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၃၂၁၅၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၈၈၅၇၁၊ ကျန်ရှိရမည့် အရေအတွက်မှာ ၄၃၅၇၉ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၉၈၅၅ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ်လိုအပ်ချက် စိစစ်တွေ့ရှိမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၃၂၁၅၀ | ၈၈၅၇၁ | ၄၃၅၇၉ | ၃၉၈၅၅ | ၃၇၂၄ | |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၈၂၁ | ၅၅၂ | ၂၆၉ | ၂၆၉ | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၃၄၅၀ | | ၁၃၄၅၀ | ၁၃၄၅၀ | | |
| | စုစုပေါင်း | ၁၄၆၄၂၁ | ၈၉၁၂၃ | ၅၇၂၉၈ | ၅၃၅၇၄ | ၃၇၂၄ | |

၆။ ရေနံချောင်းမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၄၃ ခုရှိ မဲရုံပေါင်း ၁၅၉ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၃၇၂၄ ပျောက်ဆုံးနေပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် လက်ကျန်ဆန္ဒမဲလက်မှတ် ၁၃၄၅၀ ကျန်ရှိပါသည်။

၇။ ရေနံချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မြို့မမြောက်ရပ်ကွက် | ၄ | ၃၅၅၀ | ၂၄၆၂ | ၁၀၈၈ | ၈၈၈ | ၂၀၀ | |
| ၂ | မြို့မတောင်ရပ်ကွက် | ၂ | ၂၀၅၀ | ၁၄၄၇ | ၆၀၃ | ၆၀၃ | | |
| ၃ | အိုးဘိုရပ်ကွက် | ၂ | ၂၃၅၀ | ၁၅၅၆ | ၇၉၄ | ၃၇၇ | ၄၁၇ | |
| ၄ | ဆုံတိုက်ရပ်ကွက် | ၄ | ၂၈၀၀ | ၁၈၈၄ | ၉၁၆ | ၉၀၅ | ၁၁ | |
| ၅ | ရွှေကြာင့်ရပ်ကွက် | ၃ | ၂၁၅၀ | ၁၄၂၂ | ၇၂၈ | ၆၈၃ | ၄၅ | |
| ၆ | ရွာသစ်ရပ်ကွက် | ၅ | ၆၀၅၀ | ၄၀၉၃ | ၁၉၅၇ | ၁၉၅၇ | | |
| ၇ | တွင်းကုန်းရပ်ကွက် | ၃ | ၂၆၀၀ | ၁၃၂၅ | ၁၂၇၅ | ၉၇၅ | ၃၀၀ | |
| ၈ | သူဌေးကုန်းရပ်ကွက် | ၄ | ၃၀၅၀ | ၂၀၃၆ | ၁၀၁၄ | ၄၆၄ | ၅၅၀ | |
| ၉ | မြေနီခင်မြောက်ရပ်ကွက် | ၃ | ၃၀၅၀ | ၁၈၂၄ | ၁၂၂၆ | ၁၂၂၆ | | |
| ၁၀ | မြေနီခင်တောင်ရပ်ကွက် | ၄ | ၂၉၀၀ | ၁၈၄၂ | ၁၀၅၈ | ၁၀၅၈ | | |
| ၁၁ | ဘေးမဲ့ရပ်ကွက် | ၃ | ၂၇၀၀ | ၁၇၇၆ | ၉၂၄ | ၉၂၃ | ၁ | |
| ၁၂ | သစ်တာပွေရပ်ကွက် | ၇ | ၅၇၀၀ | ၃၈၇၀ | ၁၈၃၀ | ၁၈၃၀ | | |
| ၁၃ | ညောင်လှရပ်ကွက် | ၅ | ၄၀၅၀ | ၂၇၅၄ | ၁၂၉၆ | ၁၂၄၈ | ၄၈ | |
| ၁၄ | ဘိုကုန်းရပ်ကွက် | ၂ | ၁၈၀၀ | ၁၁၉၆ | ၆၀၄ | ၆၀၄ | | |
| ၁၅ | သုံးဆယ့်ခြောက်ကျေးရွာအုပ်စု | ၆ | ၅၃၅၀ | ၃၅၆၂ | ၁၇၈၈ | ၁၇၁၁ | ၇၇ | |
| ၁၆ | ဖောင်းကတောကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၁၆၁ | ၆၃၉ | ၆၃၉ | | |
| ၁၇ | ဘူးကျွန်းကျေးရွာအုပ်စု | ၁ | ၁၉၅၀ | ၁၄၅၀ | ၅၀၀ | ၅၀၀ | | |
| ၁၈ | ကျမ်းကိုင်ကျွန်းကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၁၈၇ | ၄၆၃ | ၄၆၃ | | |
| ၁၉ | မာန်မြေကျေးရွာအုပ်စု | ၆ | ၄၇၅၀ | ၃၁၆၃ | ၁၅၈၇ | ၁၅၅၀ | ၃၇ | |
| ၂၀ | ပင်းဝကျေးရွာအုပ်စု | ၉ | ၆၅၀၀ | ၄၆၂၇ | ၁၈၇၃ | ၁၈၅၉ | ၁၄ | |
| ၂၁ | အရှေ့ကုန်းကျေးရွာအုပ်စု | ၄ | ၃၄၀၀ | ၂၃၀၆ | ၁၀၉၄ | ၁၀၈၆ | ၈ | |
| ၂၂ | ကမ္မကျေးရွာအုပ်စု | ၄ | ၂၈၅၀ | ၁၇၆၉ | ၁၀၈၁ | ၁၀၈၁ | | |
| ၂၃ | ဖိုးကိုးကျေးရွာအုပ်စု | ၄ | ၂၃၀၀ | ၁၇၀၈ | ၅၉၂ | ၅၄၂ | ၅၀ | |
| ၂၄ | စိန်ပန်းပင်ကျေးရွာအုပ်စု | ၄ | ၃၇၅၀ | ၂၇၈၂ | ၉၆၈ | ၈၆၈ | ၁၀၀ | |
| ၂၅ | ရွှေတုတ်ကန်ကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၂၅၀ | ၄၅၀ | ၇၁ | ၃၇၉ | |
| ၂၆ | မကြီးကန်ကျေးရွာအုပ်စု | ၆ | ၄၄၅၀ | ၂၈၀၉ | ၁၆၄၁ | ၁၆၄၁ | | |
| ၂၇ | ကုက္ကိုခွကျေးရွာအုပ်စု | ၄ | ၄၆၅၀ | ၃၇၆၂ | ၈၈၈ | ၈၇၈ | ၁၀ | |
| ၂၈ | အုတ်ရှစ်ကုန်းကျေးရွာအုပ်စု | ၃ | ၃၅၅၀ | ၂၆၆၅ | ၈၈၅ | ၈၅၉ | ၂၆ | |
| ၂၉ | စခန်းကန်ကျေးရွာအုပ်စု | ၃ | ၂၃၀၀ | ၁၆၁၈ | ၆၈၂ | ၆၈၂ | | |
| ၃၀ | လေးတိုင်စင်ကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၉၆၄ | ၅၈၆ | ၅၈၆ | | |
| ၃၁ | ဖောင်းကွဲကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၅၃၄ | ၈၆၆ | ၈၁၆ | ၅၀ | |
| ၃၂ | ချိုင်းကျေးရွာအုပ်စု | ၃ | ၂၄၅၀ | ၁၆၅၉ | ၇၉၁ | ၇၉၁ | | |
| ၃၃ | အင်တောကျေးရွာအုပ်စု | ၆ | ၅၄၀၀ | ၃၆၂၁ | ၁၇၇၉ | ၁၇၆၉ | ၁၀ | |
| ၃၄ | ရုံးကုန်းကျေးရွာအုပ်စု | ၃ | ၂၀၀၀ | ၁၃၂၀ | ၇၈၀ | ၅၈၀ | ၂၀၀ | |
| ၃၅ | ညောင်ပင်အိုင့်ကျေးရွာအုပ်စု | ၅ | ၃၃၅၀ | ၂၂၃၂ | ၁၁၁၈ | ၁၀၄၁ | ၇၇ | |
| ၃၆ | နဂါးကျေးရွာအုပ်စု | ၅ | ၃၅၀၀ | ၂၃၈၅ | ၁၁၁၅ | ၇၆၅ | ၃၅၀ | |
| ၃၇ | ချောင်းဆုံကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၈၃၈ | ၁၁၁၂ | ၇၈၇ | ၃၂၅ | |
| ၃၈ | ဝက်လွှတ်ကျေးရွာအုပ်စု | ၆ | ၃၈၅၀ | ၂၃၉၃ | ၁၄၅၇ | ၁၄၅၁ | ၆ | |
| ၃၉ | ရုံးဆိပ်ကျွန်းကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၇၄၅ | ၆၀၅ | ၅၅၅ | ၅၀ | |
| ၄၀ | ဘဲဆိပ်ကျေးရွာအုပ်စု | ၃ | ၁၇၀၀ | ၁၁၇၁ | ၅၂၉ | ၅၂၉ | | |
| ၄၁ | ဝက်မစွတ်ကျေးရွာအုပ်စု | ၃ | ၂၈၅၀ | ၁၇၁၇ | ၁၁၃၃ | ၇၈၃ | ၃၅၀ | |
| ၄၂ | ကန်ကြီးကျေးရွာအုပ်စု | ၄ | ၂၆၅၀ | ၁၉၃၀ | ၇၂၀ | ၇၂၀ | | |
| ၄၃ | ဆားတိုင်ကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၇၅၆ | ၅၄၄ | ၅၁၁ | ၃၃ | |
| | ရပ်/ကျေးချုပ်မဲလက်မှတ် | ၁၅၉ | ၁၃၂၁၅၀ | ၈၈၅၇၁ | ၄၃၅၇၉ | ၃၉၈၅၅ | ၃၇၂၄ | |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၈၂၁ | ၅၅၂ | ၂၆၉ | ၂၆၉ | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၃၄၅၀ | | ၁၃၄၅၀ | ၁၃၄၅၀ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၅၉ | ၁၄၆၄၂၁ | ၈၉၁၂၃ | ၅၇၂၉၈ | ၅၃၅၇၄ | ၃၇၂၄ | |

**စဉ့်ကိုင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

၈။ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်တွင် ရပ်ကွက် ၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၈ အုပ်စု၊ မဲရုံပေါင်း ၁၄၂ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက် ၁၃၃၂၀၈ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၀၃၇၃၄၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၉၄၇၄ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၂၇၉၃၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၂၈၃၅၀ | ၁၀၃၂၇၅ | ၂၅၀၇၅ | ၂၃၅၃၅ | ၂၆၉၁ | ၁၁၅၁ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၄၈၅၈ | ၄၅၉ | ၄၃၉၉ | ၄၃၉၉ | | |
| | စုစုပေါင်း | ၁၃၃၂၀၈ | ၁၀၃၇၃၄ | ၂၉၄၇၄ | ၂၇၉၃၄ | ၂၆၉၁ | ၁၁၅၁ |

စာမျက်နှာ ၁၉ သို့ »»

»» စာမျက်နှာ ၁၈ မှ

၉။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ စဉ့်ကိုင်မြို့နယ်၊ ရပ်ကွက် ၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၈ အုပ်စု မဲရုံပေါင်း ၁၄၂ ရုံတွင် မဲလက်မှတ်အရေအတွက် ၂၆၉၁ ပျောက်ဆုံးနေပြီး ၁၁၅၁ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်အရေအတွက် ၄၅၉ အသုံးပြုထားပြီး ၄၃၉၉ အား မြို့နယ်လက်ကျန်အဖြစ် ထိန်းသိမ်းထားရှိသည်ကို တွေ့ရှိရပါသည်။

၁၀။ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက် / ကျေးရွာအုပ်စု အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရွာနိုင်ရပ်ကွက် | ၁ | ၁၀၅၀ | ၈၆၆ | ၁၈၄ | ၁၈၄ | | |
| ၂ | တရပ်စုရပ်ကွက် | ၂ | ၁၆၀၀ | ၁၂၃၈ | ၃၆၂ | ၃၆၁ | ၁ | |
| ၃ | ရန်အောင်မြင်ရပ်ကွက် | ၂ | ၁၄၅၀ | ၁၀၈၃ | ၃၆၇ | ၃၆၇ | | |
| ၄ | ကံသစ်ကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၆၅ | ၁၈၅ | ၁၈၅ | | |
| ၅ | ကြက်စိန့်ကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၉၃၆ | ၁၁၄ | ၁၆၄ | | ၅၀ |
| ၆ | ကြက်မျှားကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၉၆၇ | ၁၈၃ | ၁၈၃ | | |
| ၇ | သပြေရိုးကျေးရွာအုပ်စု | ၂ | ၂၅၀၀ | ၂၀၄၅ | ၄၅၅ | ၄၅၅ | | |
| ၈ | ရွာဟောင်းကုန်းကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၁၀၀၉ | ၃၄၁ | ၃၄၁ | | |
| ၉ | သိန်းနီကုန်းကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၈၇၅ | ၁၇၅ | ၁၇၅ | | |
| ၁၀ | အုန်းပင်ခြံကျေးရွာအုပ်စု | ၃ | ၂၂၅၀ | ၁၉၀၈ | ၃၄၂ | ၁၉၄ | ၁၄၈ | |
| ၁၁ | တောမကျေးရွာအုပ်စု | ၃ | ၂၉၅၀ | ၂၃၇၁ | ၅၇၉ | ၂၂၉ | ၃၅၀ | |
| ၁၂ | ဇွန်ရဲကျေးရွာအုပ်စု | ၇ | ၆၂၀၀ | ၅၂၄၅ | ၉၅၅ | ၉၅၅ | | |
| ၁၃ | တောင်ရင်းကျေးရွာအုပ်စု | ၂ | ၃၄၅၀ | ၃၃၂၄ | ၁၂၆ | ၉၇၆ | | ၈၅၀ |
| ၁၄ | ဘယ်လင်းကျေးရွာအုပ်စု | ၅ | ၄၃၅၀ | ၃၃၆၇ | ၉၈၃ | ၉၇၈ | ၅ | |
| ၁၅ | မိုးကောင်းကျေးရွာအုပ်စု | ၅ | ၄၃၅၀ | ၃၆၁၁ | ၇၃၉ | ၇၄၁ | | ၂ |
| ၁၆ | မုန့်ပေါင်းကျေးရွာအုပ်စု | ၁ | ၇၀၀ | ၅၇၇ | ၁၂၃ | ၁၂၃ | | |
| ၁၇ | မုံ့ပင်ကျေးရွာအုပ်စု | ၄ | ၄၀၅၀ | ၃၆၇၆ | ၃၇၄ | ၃၂၂ | ၅၂ | |
| ၁၈ | ရှမ်းကန်ကျေးရွာအုပ်စု | ၂ | ၂၉၀၀ | ၂၂၂၁ | ၆၇၉ | ၆၇၉ | | |
| ၁၉ | တအုံကျေးရွာအုပ်စု | ၃ | ၂၁၀၀ | ၁၇၉၃ | ၃၀၇ | ၃၅၇ | | ၅၀ |
| ၂၀ | ဒေါင့်ကြီးကွေ့ကျေးရွာအုပ်စု | ၄ | ၂၅၀၀ | ၂၀၈၉ | ၄၁၁ | ၄၅၁ | | ၄၀ |
| ၂၁ | မီးသွေးဘုတ်ကျေးရွာအုပ်စု | ၇ | ၇၃၅၀ | ၆၀၀၁ | ၁၃၄၉ | ၁၁၉၉ | ၁၅၀ | |
| ၂၂ | ဗျည်းလောကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၃၆၇ | ၇၈၃ | ၃၃ | ၇၅၀ | |
| ၂၃ | ဧည့်ပြကျေးရွာအုပ်စု | ၃ | ၂၅၀၀ | ၂၁၄၄ | ၃၅၆ | ၄၀၆ | | ၅၀ |
| ၂၄ | ညောင်ပင်ကြီးကျေးရွာအုပ်စု | ၄ | ၂၆၀၀ | ၂၂၀၈ | ၃၉၂ | ၃၉၄ | | ၂ |
| ၂၅ | မြို့မရပ်ကွက် | ၂ | ၂၀၀၀ | ၁၄၅၈ | ၅၄၂ | ၅၄၂ | | |
| ၂၆ | မြို့သစ်ရပ်ကွက် | ၁ | ၁၁၅၀ | ၉၃၄ | ၂၁၆ | ၂၁၆ | | |
| ၂၇ | ကံဆွယ်ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၅၅၆ | ၉၄ | ၄၄ | ၅၀ | |
| ၂၈ | ဆည်ကျေးရွာအုပ်စု | ၄ | ၄၃၅၀ | ၃၆၂၁ | ၇၂၉ | ၇၂၉ | | |
| ၂၉ | မြို့ဝန်ကုန်းကျေးရွာအုပ်စု | ၃ | ၁၈၅၀ | ၁၅၄၃ | ၃၀၇ | ၃၀၇ | | |
| ၃၀ | လက်ဝဲကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၆၉၂ | ၈၅၈ | ၃၀၈ | ၅၅၀ | |
| ၃၁ | သင်္ဂတုံကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၉၀၄ | ၁၄၆ | ၁၄၆ | | |
| ၃၂ | သင်တောင်းငယ်ကျေးရွာအုပ်စု | ၁ | ၉၀၀ | ၇၆၇ | ၁၃၃ | ၁၃၃ | | |
| ၃၃ | ဥယျာဉ်ကြီးကျေးရွာအုပ်စု | ၁ | ၉၅၀ | ၈၂၂ | ၁၂၈ | ၁၂၈ | | |
| ၃၄ | တပ်ကြီးကျေးရွာအုပ်စု | ၁ | ၄၀၀ | ၃၅၆ | ၄၄ | ၄၄ | | |
| ၃၅ | နန်းနီကျေးရွာအုပ်စု | ၃ | ၂၄၅၀ | ၂၀၁၃ | ၄၃၇ | ၄၈၇ | | ၅၀ |
| ၃၆ | အုန်းလက္ကောက်ကျေးရွာအုပ်စု | ၁ | ၈၀၀ | ၇၀၇ | ၉၃ | ၉၆ | | ၃ |
| ၃၇ | ကြက်လျှာကျေးရွာအုပ်စု | ၁ | ၅၅၀ | ၄၈၀ | ၇၀ | ၇၀ | | |
| ၃၈ | ကသဲကုန်းကျေးရွာအုပ်စု | ၁ | ၅၅၀ | ၄၂၀ | ၁၃၀ | ၁၃၀ | | |
| ၃၉ | စော်ရဲကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၅၁၂ | ၂၃၈ | ၂၃၈ | | |
| ၄၀ | ဟင်းငူကျေးရွာအုပ်စု | ၃ | ၂၄၅၀ | ၂၀၂၂ | ၄၂၈ | ၄၃၀ | | ၂ |
| ၄၁ | သည်တည်းကျေးရွာအုပ်စု | ၁ | ၃၅၀ | ၂၆၆ | ၈၄ | ၈၄ | | |
| ၄၂ | မြောင်းဆုံကြီးကျေးရွာအုပ်စု | ၁ | ၉၀၀ | ၈၁၃ | ၈၇ | ၈၇ | | |
| ၄၃ | မြောင်းဆုံငယ်ကျေးရွာအုပ်စု | ၁ | ၅၀၀ | ၄၄၀ | ၆၀ | ၆၀ | | |
| ၄၄ | ရှမ်းရွာကျေးရွာအုပ်စု | ၁ | ၈၀၀ | ၇၁၄ | ၈၆ | ၈၆ | | |
| ၄၅ | သစ်ခေါက်ကျေးရွာအုပ်စု | ၅ | ၃၂၀၀ | ၂၄၈၂ | ၇၁၈ | ၇၂၀ | | ၂ |
| ၄၆ | ပလိပ်ကျေးရွာအုပ်စု | ၁၈ | ၁၈၇၅၀ | ၁၃၇၅၇ | ၄၉၉၃ | ၄၅၀၅ | ၄၈၈ | |
| ၄၇ | ခံလူးကျေးရွာအုပ်စု | ၂ | ၂၅၅၀ | ၁၉၆၉ | ၅၈၁ | ၅၈၁ | | |
| ၄၈ | တဘက်ဆွဲကျေးရွာအုပ်စု | ၇ | ၆၈၅၀ | ၅၃၀၅ | ၁၅၄၅ | ၁၄၄၈ | ၉၇ | |
| ၄၉ | လက်ပံချိုင့်ကျေးရွာအုပ်စု | ၁ | ၈၀၀ | ၇၄၉ | ၅၁ | ၁၀၁ | | ၅၀ |
| ၅၀ | ထန်းတောကျေးရွာအုပ်စု | ၃ | ၁၅၀၀ | ၁၂၉၉ | ၂၀၁ | ၂၀၁ | | |
| ၅၁ | ဝန်းသိုကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၂၁၂၇ | ၄၂၃ | ၃၇၃ | ၅၀ | |
| ၅၂ | ဆီဆုံကျေးရွာအုပ်စု | ၂ | ၂၇၀၀ | ၂၂၀၉ | ၄၉၁ | ၄၉၁ | | |
| ၅၃ | မြောက်ကိုင်းကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၇၅၂ | ၂၉၈ | ၂၉၈ | | |
| | ရပ်ကျေးချုပ်စုစုပေါင်း | ၁၄၂ | ၁၂၈၃၅၀ | ၁၀၃၂၇၅ | ၂၅၀၇၅ | ၂၃၅၃၅ | ၂၆၉၁ | ၁၁၅၁ |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၄၈၅၈ | ၄၅၉ | ၄၃၉၉ | ၄၃၉၉ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၄၂ | ၁၃၃၂၀၈ | ၁၀၃၇၃၄ | ၂၉၄၇၄ | ၂၇၉၃၄ | ၂၆၉၁ | ၁၁၅၁ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ရန်ကုန်မြို့အတွင်း လမ်းပိတ်အတားအဆီးများအား ဆက်လက်ဖယ်ရှားရှင်းလင်း

ရန်ကုန် မေ ၃

ရန်ကုန်မြို့အတွင်း တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးလိုသူများက အများပြည်သူ သွားလာသည့် လမ်းများပေါ်တွင် လမ်းပိတ်အတားအဆီးများ ပြုလုပ်ထားခြင်းကြောင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာဝန်ထမ်းများပူးပေါင်း၍ ယနေ့တွင် ဖယ်ရှားရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ရှင်းလင်းရာတွင် ယနေ့နံနက်ပိုင်းမှစ၍ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းတစ်လျှောက်ရှိ တာယာမီးရှို့အမှိုက်များနှင့် သဲအိတ်များကို လည်းကောင်း၊ အလုံမြို့နယ် ကမ်းနားလမ်းသစ်ပေါ်ရှိ စွန့်ပစ်ထားသော တာယာအဟောင်းများကိုလည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လှော်ကားလမ်း (မောင်းမကန်လမ်းမှ ပုဂံလမ်းအထိ)၊ ပုဂံလမ်းတစ်လျှောက်နှင့် အမှတ် (၅၅)၊ (၅၆)ရပ်ကွက်အတွင်း လမ်းတွင် ပိတ်ဆို့ထားသော ဝါးလုံးများ၊ ဝါးကပ်များ၊ သဲအိတ်များကို လည်းကောင်း၊ အင်းစိန်မြို့နယ် ပေါက်တောဝမီးပွိုင့်၊ က-၄ လမ်းထိပ်၊ က-၇ လမ်းထိပ်၊ ရာကျော်လမ်း၊ ပုလဲလမ်း၊ အောက်မင်္ဂလာဒုံလမ်းတို့မှ မီးရှို့အမှိုက်ပုံ၊ အုတ်ဖိနပ်အပျက်၊ အုတ်ခဲကျိုး၊ တာယာဟောင်းများကို လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် သုခမ္မာလမ်းတစ်လျှောက်မှ တာယာအဟောင်းများကိုလည်းကောင်း၊ သာကေတမြို့နယ် (၇/အရှေ့)ရပ်ကွက် အောင်သပြေလမ်းနှင့် ဓမ္မာရုံလမ်း၊ ရှခင်းသာမြို့ပတ်လမ်း၊ အောင်သစ္စာ(၃)လမ်းထိပ်တို့မှ တာယာအဟောင်းများကို လည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် သရက်တော (တောင်)ရပ်ကွက်၊ ကမ်းနားလမ်း (သရက်တော ၂ လမ်းမှ ၅ လမ်းအထိ) အမှိုက်များ၊ ပုလင်းကွဲများ၊ ကမ်းနားလမ်း၊ အထက်ကြည့်မြင်တိုင်လမ်း၊ အောက်ကြည့်မြင်တိုင်လမ်းတစ်လျှောက် တာယာအဟောင်းများ၊ အင်းစိန်လမ်း၊ ကွမ်းရွှဲတန်းလမ်း၊ ပန်းပင်ကြီးလမ်း၊ နတ်စင်လမ်း၊ ဦးကြွယ်ဟိုးလမ်း၊ ကျောင်းကြီးလမ်းတို့မှ ကျောက်ပြားများ၊ တာယာ မီးရှို့အမှိုက်များကို လည်းကောင်း ယန္တရားများ၊ မြေသယ်ယာဉ်များ အသုံးပြု၍ သိမ်းဆည်း၊ ဖယ်ရှား၊ ရှင်းလင်းခဲ့ကြောင်းနှင့် မြောက်ဥက္ကလာပမြို့နယ် ခေမာသီလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ကျန်စစ်သားလမ်းတို့မှ သဲ၊ ခဲနှင့် အမှိုက်များကိုလည်း ရှင်းလင်းခဲ့ကြောင်း သိရသည်။



သတင်းစဉ်

အိုဇုန်းလွှာနှင့် ရာသီဥတု ကောင်းမွန်ဖို့ လက်တွဲညီညီ ဆောင်ရွက်စို့

# ခရီးသွားတွေအနေနဲ့ ပြည်တွင်းလေကြောင်းခရီးစဉ်တွေ လိုက်ပါရမှာ ဓာတ်ခွဲစစ်ဆေးမှုလိုအပ်မှာ မဟုတ်တော့ပါဘူး။

ဒေါက်တာ သဉ္ဇာအောင်

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်မှုအရ ပြည်တွင်းပုံမှန် လေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲမှုကို သတ်မှတ်ထားသော စံလုပ်ထုံးလုပ်နည်းများနှင့်အညီ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၆ ရက်မှ စတင် ပျံသန်းပြေးဆွဲလျက်ရှိပါသည်။

လေကြောင်းလိုင်းများတွင် စီးနင်းလိုက်ပါမည့် ခရီးသည်များ၊ လေကြောင်းလိုင်းဝန်ထမ်းများနှင့် လေဆိပ်ဝန်ထမ်းများအားလုံး လိုက်နာရမည့် ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့မှ တရားဝင်ထုတ်ပြန်ခဲ့ပါသည်။

**မတ်လ ၁၉ ရက်က ပြင်ဆင်ထားသည့် ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များတွင် ကိုဗစ်-၁၉ သံသယဖြစ်ဖွယ် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့အရသာပျောက်ဆုံးခြင်း၊ ပိုးတွေ့လူနာနှင့် နှစ်ပတ်အတွင်း ထိတွေ့ခြင်း အစရှိသည့် ရောဂါလက္ခဏာနှင့် အခြေအနေများ အလုံးစုံကင်းစင်မှသာ သတ်မှတ်ခရီးစဉ်တွင် လိုက်ပါရန်၊ ကျန်းမာရေးဆိုင်ရာ ကြေညာချက်စာရွက်အား မှန်ကန်ပြည့်စုံစွာ ဖြည့်စွက်၍ သက်ဆိုင်ရာတာဝန်ရှိသူများသို့ မပျက်မကွက်ပေးအပ်ရန်၊ သက်ဆိုင်ရာမြို့သို့ လေယာဉ်ဆိုက်ရောက်ပါက ဒေသန္တရဆိုင်ရာ အမိန့်များအား မဖြစ်မနေ လိုက်နာဆောင်ရွက်ရန် စသည်တို့အပါအဝင် လေကြောင်းဖြင့် လိုက်ပါစီးနင်းမည့် ခရီးသည်များ လိုက်နာဆောင်ရွက်ရမည့် အချက်ကိုးချက်ကို ထည့်သွင်းရေးဆွဲထား။**

ထိုအချိန်က လေကြောင်းဖြင့် ခရီးသွားမည့်သူများအနေဖြင့် ကိုဗစ် - ၁၉ ရောဂါပိုး ရှိမရှိ ကျန်းမာရေးဆေးစစ်ခြင်းကို ကြိုတင်စစ်ဆေးရပြီး နာရီ၀က်အတွင်း ဓာတ်ခွဲအဖြေထွက်သည့် နည်းလမ်းဖြင့် စစ်ဆေးပါက ငွေကျပ် တစ်သောင်း ကျသင့်သည်။ အနည်းဆုံး နာရီ၀က်အကြာမှ ဓာတ်ခွဲအဖြေထွက်သည့်နည်းလမ်းဖြင့် စစ်ဆေးပါက ငွေကျပ် ၃၅၀၀၀ ကျသင့်သည်။ ထိုသို့ စစ်ဆေးရာတွင်လည်း လေယာဉ်ဖြင့် လိုက်ပါမည့်သူများသည် လေယာဉ်လက်မှတ်နှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် အခြားသက်သေခံအထောက်အထားနှင့် ခြောက်လအတွင်း ဓာတ်ပုံတစ်ပုံ ယူဆောင်လာရန်လိုသည်။ ခရီးစတင်မထွက်ခွာမီ ၃၆ နာရီအတွင်း စစ်ဆေးမှုခံယူရသည်။ လာရောက်စစ်ဆေးရာတွင် အဖော်ခေါ်ဆောင်လာ၍မရဘဲ နှာခေါင်းစည်းနှင့် မျက်နှာအကာ တပ်ဆင်လာရပြီး စစ်ဆေးသည့်အချိန်မှလွဲ၍ အချိန်ပြည့် တပ်ဆင်ထားရသည်။

ထိုကဲ့သို့ သတ်မှတ်ချက်များဖြင့် ခရီးသွားပြည်သူများ အဆင်ပြေစေရန် ပြန်လည်ပျံသန်းပြေးဆွဲခြင်းကို ခွင့်ပြုခဲ့ခြင်းဖြစ်သော်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှာ လျော့ပါးမှုမရှိသေးသည့်အတွက် ထိုအချိန်က ပြည်တွင်းပုံမှန်လေကြောင်းခရီးစဉ်များ ပြေးဆွဲရာတွင် လေကြောင်းဝန်ထမ်းများ၊ လေဆိပ်ဝန်ထမ်းများနှင့် လေယာဉ်ခရီးသည်များ လိုက်နာရမည့် ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များတွင် Laboratory Testing နှင့်အတူ Quarantine သတ်မှတ်ချက်များကိုလည်း ထည့်သွင်းထားခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံအတွင်းမှာ ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှုသည် လျော့နည်းကျဆင်းလာသည့်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ၂၀၂၁ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် လိုအပ်ချက်နှင့်အညီ ပြင်ဆင်ဆောင်ရွက်ခဲ့သည်။

ထိုသို့ ပြင်ဆင်ခဲ့ရာတွင် လက်ရှိ ကိုဗစ်- ၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ၊ ပြည်သူများ လိုက်နာဆောင်ရွက်မှု၊ ခရီးသွားလာရေးလုပ်ငန်းများ ပိုမိုတိုးတက်ရေးနှင့် ခရီးသွားပြည်သူများ ဓာတ်ခွဲမှုအတွက် ကုန်ကျစရိတ်နှင့် အချိန်သက်သာစေရေးတို့ကို ရည်ရွယ်ပြီး Laboratory Testing လိုအပ်ချက်များကို လျှော့ပေါ့ပေးခဲ့ကာ ဒေသဆိုင်ရာ အာဏာပိုင်များက ထုတ်ပြန်ထားသည့် Quarantine လိုအပ်ချက်များကိုသာ တိတိကျကျ လိုက်နာဆောင်ရွက်ပေးကြရန် နှိုးဆော်အသိပေးထားသည်။

မတ်လ ၁၉ ရက်က ပြင်ဆင်ထားသည့် ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များတွင် ကိုဗစ်-၁၉ သံသယဖြစ်ဖွယ် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့အရသာ ပျောက်ဆုံးခြင်း၊ ပိုးတွေ့လူနာနှင့် နှစ်ပတ်အတွင်း ထိတွေ့ခြင်း အစရှိသည့် ရောဂါလက္ခဏာနှင့် အခြေအနေများ အလုံးစုံကင်းစင်မှသာ သတ်မှတ်ခရီးစဉ်တွင် လိုက်ပါရန်၊ ကျန်းမာရေးဆိုင်ရာ ကြေညာချက်စာရွက်အား မှန်ကန်ပြည့်စုံစွာ ဖြည့်စွက်၍ သက်ဆိုင်ရာတာဝန်ရှိသူများသို့ မပျက်မကွက်ပေးအပ်ရန်၊ သက်ဆိုင်ရာမြို့သို့ လေယာဉ်ဆိုက်ရောက်ပါက ဒေသန္တရဆိုင်ရာ အမိန့်များအား မဖြစ်မနေ လိုက်နာဆောင်ရွက်ရန် စသည်တို့အပါအဝင် လေကြောင်းဖြင့် လိုက်ပါစီးနင်းမည့် ခရီးသည်များ လိုက်နာဆောင်ရွက်ရမည့်အချက် ကိုးချက်ကို ထည့်သွင်းရေးဆွဲထားသည်။

ထိုကဲ့သို့ ပြောင်းလဲဆောင်ရွက်ခဲ့မှုများအပေါ် အဝင် ဖြေလျှော့မှုများနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်ကို ဖော်ပြအပ်ပါသည် -

**ဦးနေဝင်း**

**ညွှန်ကြားရေးမှူး**

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

**မေး ။** ။ မြန်မာနိုင်ငံအတွင်းမှာ ကိုဗစ် - ၁၉ ကူးစက်မှု လျော့နည်းကျဆင်းသွားတယ်လို့ ထင်ပါတယ်။ ဒါပေမယ့် အိမ်နီးချင်းနိုင်ငံတချို့မှာတော့ သတင်းတွေအရ အခုအခါမှာ ကိုဗစ် - ၁၉ ကူးစက်မှုက ပိုပြီးတောင် များနေတာလည်း တွေ့ပါတယ်။ ကျွန်မ ပထမဆုံးမေးလိုတာကတော့ လေကြောင်းနဲ့ ခရီးသွားလာကြရာမှာ ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးတွေအတွက် ကြပ်မတ်ဖို့ လိုအပ်ပါသေးသလား။ တချို့ခရီးသွားတွေအနေနဲ့ လေကြောင်းခရီးသွားလာမှုနဲ့ပတ်သက်ပြီး စည်းကမ်းကြပ်မတ်မှုတွေ များလွန်းတယ်လို့ ပြောဆိုနေသေးတာကြားသိရပါတယ်။ ဒီအပေါ်မှာ ဘယ်လိုအကြောင်းတွေကြောင့် စည်းကမ်းကြပ်မတ်မှုတွေ ဆောင်ရွက်ရတယ်ဆိုတာ ရှင်းပြပေးစေလိုပါတယ်။

**ဖြေ ။** ။ လေယာဉ်လက်မှတ်တွေကို လေကြောင်းလိုင်းအားလုံးက ဈေးချိုတစ်ဆင့်ရော အွန်လိုင်းကတစ်ဆင့်ပါ ရောင်းချပေးတဲ့အတွက် ခရီးသည်တွေ ဝယ်ယူရလွယ်ကူမှာ ဖြစ်ပါတယ်။ ကိုဗစ် - ၁၉ ကင်းရှင်းကြောင်း ဆေးလက်မှတ်လိုအပ်ချက်ကိုလည်း ၂၀၂၁ ခုနှစ် မတ်လ ၁၉ ရက်နေ့က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပြင်ဆင်ထုတ်ပြန်တဲ့ "ပြည်တွင်းပုံမှန်လေကြောင်းခရီးစဉ်များ ပြေးဆွဲရာတွင် လေကြောင်းလိုင်းဝန်ထမ်းများ၊ လေဆိပ်ဝန်ထမ်းများနှင့် လေယာဉ်စီးခရီးသည်များ လိုက်နာရမည့် ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များ (version 2.2)" အရ ပယ်ဖျက်ပေးပြီး ဖြစ်ပါတယ်။ ပြည်ပခရီးသွားတွေအတွက်ကတော့ သွားရောက်မယ့်နိုင်ငံရဲ့ ပြည်ဝင်ခွင့် သတ်မှတ်ချက်အရ ကိုဗစ်-၁၉ ကင်းရှင်းကြောင်း ဆေးလက်မှတ် လိုအပ်နိုင်ပါတယ်။

**မေး ။** ။ ပြည်ပခရီးသွားတွေအတွက် ကန့်သတ်မှုတွေကိုလည်း ရက်တိုးထားတာနဲ့ ပတ်သက်ပြီးလည်း ပြောပြပေးပါဦး။

**ဖြေ ။** ။ ကိုဗစ် - ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု တားဆီး ကာကွယ်နိုင်ဖို့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ Temporary Measure to Prevent Importation of COVID-19 to Myanmar through Air Travel (Issue-2) ရဲ့ သက်တမ်းကို ၂၀၂၁ ခုနှစ် ဧပြီလ ၃၀ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်းကို သက်ဆိုင်ရာလေကြောင်းလိုင်းတွေကို အကြောင်းကြားထားပြီး ဖြစ်ပါတယ်။ အဲဒီ Temporary Measure အရ စီးပွားဖြစ်ပျံသန်းတဲ့ နိုင်ငံတကာ ခရီးသည်တင်လေကြောင်းခရီးစဉ် (Commercial International Passenger Flight) တွေ မြန်မာနိုင်ငံကို ဝင်ရောက်ခြင်းကို ယာယီကန့်သတ်ထားပါတယ်။

ဒါပေမဲ့ ဒီကန့်သတ်မှုမှာ နေရပ်ပြန် မြန်မာနိုင်ငံသားတွေနဲ့ နိုင်ငံခြားသားတွေအတွက် ကယ်ဆယ်ရေး လေယာဉ်ခရီးစဉ်တွေ၊ ကုန်စည်တင် လေယာဉ်ခရီးစဉ်တွေ၊ ဆေးဘက်ဆိုင်ရာ လေယာဉ်ခရီးစဉ်တွေ၊ အရေးပေါ်လေယာဉ် ဆင်းသက်မှုတွေ မပါဝင်ပါဘူး။

**မေး ။** ။ ဘယ်လို အခြေအနေတွေကနေ ဖြေလျှော့မှုတွေ ပေးနိုင်မယ်ဆိုတာ သိပါရစေ။

**ဖြေ ။** ။ နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်တွေကိုတော့ လက်ရှိ ကမ္ဘာ့နိုင်ငံတွေမှာ ကူးစက်ပြန့်ပွားလျက်ရှိတဲ့ မျိုးရိုးဗီဇပြောင်း ကိုဗစ် - ၁၉ ရောဂါပိုး (Variant COVID-19) ကို ထိန်းချုပ်နိုင်ပြီးတော့ မိမိနိုင်ငံကို ဝင်ရောက်လာမယ့် နိုင်ငံသားတွေနဲ့ နိုင်ငံခြားသားတွေကို ပိုမိုလက်ခံပြီး ကျန်းမာရေးအစီအမံတွေ ကြီးကြပ်ဆောင်ရွက်ပေးနိုင်တဲ့အချိန်မှ သက်ဆိုင်ရာဝန်ကြီးဌာနတွေ ဆွေးနွေးညှိနှိုင်းပြီးတော့ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး ။** ။ ထပ်မံဖြည့်စွက် ပြောကြားချင်တာ ရှိရင်လည်း ပြောကြားပေးပါ။

**ဖြေ ။** ။ လေကြောင်းခရီး သွားလာမှုကနေ ကိုဗစ် - ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု နည်းပါးတယ်လို့ ဆိုပေမယ့်လည်း မပေါ့ဆဘဲ ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်တွေကို တိတိကျကျ လိုက်နာသွားနိုင်ရင်တော့ ပိုပြီးစိတ်ချရမှာပါ။

**ဒေါက်တာ သဉ္ဇာအောင်**

ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ

ပြည်သူ့ကျန်းမာရေးဦးစီးဌာန

**မေး ။** ။ လေကြောင်းနဲ့ ခရီးသွားလာရာမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ခရီးသည်တွေလိုက်နာဖို့ လိုအပ်တာနဲ့ ပတ်သက်လို့ ဆောင်ရွက်ထားတဲ့ အခြေအနေကို ရှင်းပြပေးစေလိုပါတယ်။

**ဖြေ ။** ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ပြည်တွင်းနဲ့ ပြည်ပလေကြောင်းခရီးစဉ်တွေ ပြေးဆွဲရာမှာ ကိုဗစ် - ၁၉ ရောဂါကူးစက်ဖြစ်ပွားမှု ထိန်းချုပ်နိုင်ရေးအတွက် လိုက်နာရမယ့် ကျန်းမာရေးဆိုင်ရာစံသတ်မှတ်ချက်တွေနဲ့ လုပ်ငန်းလမ်းညွှန်တွေကို ကိုဗစ် - ၁၉ ရောဂါစတင်ဖြစ်ပွားခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလကစပြီး ထုတ်ပြန်ခဲ့ကာ လိုအပ်ချက်နဲ့အညီ ပြန်လည်ပြင်ဆင်ခြင်းတွေကို ကမ္ဘာနဲ့မြန်မာနိုင်ငံမှာ ကိုဗစ် -၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေတွေအပေါ် မူတည်ပြီးတော့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာတာဝန်ရှိသူတွေ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

စာမျက်နှာ ၂၁ သို့❖

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာလာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ၊ ဈေးများ၊ ဆေးရုံများနှင့် ယာဉ်လိုင်းများ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ပြေးဆွဲ

နေပြည်တော် ဧပြီ ၃

ဗုဒ္ဓဘာသာဘုရားစေတီများအပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များကို ဖေဖော်ဝါရီ ၈ ရက်မှ စတင်၍ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးထားရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ ဘုရား စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့ဗိုလ်ဝင် သီလရှင်များနှင့် မိဘပြည်သူများက ဖူးမြော်ကြည်ညိုကုသိုလ်ယူလျက်ရှိကြသည်။

အလားတူ သက်ဆိုင်ရာ ဘာသာရေးကျောင်းများတွင်လည်း ဘာသာဝင်များက စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများအပါအဝင် အခြား မြို့ကြီးများတွင်လည်း တည်ငြိမ်အေးချမ်းစွာဖြင့် ဈေးများ၌ ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားလျက်ရှိပြီး ဆေးရုံများ၊ လေကြောင်းခရီးစဉ်များ၊ မီးရထားခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များ၊ မော်တော်ယာဉ်လိုင်းများကို တည်ငြိမ်အေးချမ်းစွာဖြင့် ပုံမှန်အတိုင်း ဖွင့်လှစ်ပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး ဘားအံပညာရေးဒီဂရီကောလိပ်ရှိ တည်ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

ဘားအံ ဧပြီ ၃

ဘားအံပညာရေးကောလိပ်ကို ဘားအံပညာရေးဒီဂရီကောလိပ်သို့ အဆင့်တိုးမြှင့်ခဲ့သည့်အတွက် ဖွဲ့စည်းပုံတိုးလာပြီး သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမဦးရေ တိုးလာသည်နှင့်အညီ ကျောင်းဆောင်သစ်များ တည်ဆောက်လျက်ရှိရာ ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး၊ ပြည်နယ်ကောင်စီအဖွဲ့ဝင်(၅) ဦးဇော်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ဘားအံဒီဂရီကောလိပ်ရှိတည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။



ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့်အဖွဲ့သည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၉၂ ဒသမ ၀၆၀ သန်းဖြင့် အလျားပေ ၁၂၀၊ အနံပေ ၃၀ ရှိ သံကူကွန်ကရစ်အမျိုးအစား နှစ်ထပ်စာကြည့်တိုက်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ လည်းကောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၃၁၇ ဒသမ ၆ သန်းဖြင့် အလျားပေ ၁၀၀၊ အနံ ပေ ၃၀ ရှိ အခန်းစီ လေးခန်းတွဲ လေးထပ် ဆရာ ဆရာမ အိမ်ဆောင်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ လည်းကောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၅၈၄ ဒသမ ၁၆ သန်းဖြင့် အလျား ၁၇၉ ပေ၊ အနံ ၃၆ ပေရှိ သံကူကွန်ကရစ်အမျိုးအစား သင်တန်းသား ၁၅၀ ဆံ့ သုံးထပ်အိပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်တို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ ဘားအံပညာရေး ဒီဂရီကောလိပ် ဒုတိယကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လုပ်ငန်းများဆောင်ရွက်ရာတွင် စေတနာပါပါဖြင့် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မြန်မြန်ဆန်ဆန်ဖြင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ဘားအံပညာရေးဒီဂရီကောလိပ် ရှင်းလင်းဆောင်၌ ဒုတိယကျောင်းအုပ်ကြီးနှင့် ပါမောက္ခ၊ ကထိကများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးအမှာစကားများ ပြောကြားခဲ့သည်။

အလားတူ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအနီး တိုးချဲ့ကွက်သစ်ရှိ အလျား ပေ ၁၆၀၊ အနံ ပေ ၁၃၀၊ အမြင့် ပေ ၂၀ ရှိ ပြည်နယ်ဖူဆယ်ဘောလုံးအားကစားရုံ တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

# ညောင်ဦးမြို့နယ်၌ တင်ကြီးငှက်၊ ခရုစုပ်၊ ခရုတုတ်ငှက်အကောင် ၅၀၀ ခန့် လာရောက်ကျက်စား

ညောင်ဦး ဧပြီ ၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လျှပ်စစ်မြစ်ရေတင်များမှ နွေစပါးစိုက်ပျိုးရန်မြစ်ရေပေးပြီး လယ်ယာမြေများ ထွန်ယက်ချိန်တင်ကြီးငှက်များ၊ ခရုစုပ်၊ ခရုတုတ်ငှက်များ အကောင်ရေ ၅၀၀ ခန့် လာရောက် ကျက်စားလာနေကြောင်း တောင်သူ ဦးတင်စိုးထံမှ သိရသည်။

ညောင်ဦးမြို့နယ်တွင် လျှပ်စစ်မြစ်ရေတင် ငါးခုရှိပြီး ယခုလို နွေစပါးစိုက်ပျိုးရန်ရေပေးချိန် အဆိုပါငှက်များ လာရောက်ကျက်စားမှုမရှိသည်မှာ ဆယ်နှစ်ခန့်ပင်ရှိနေပြီဖြစ်ကြောင်း။ စပါးပင်များ ခရုကိုက်ဖြတ်ဖျက်ဆီးခြင်းမှ ကာကွယ်ရံသာမက ဂေဟစနစ် ကောင်းမွန်ရန်အတွက်လည်း အဆိုပါငှက်များက အကျိုးပြုနေကြောင်း ပုဂံမြို့ လောကနန္ဒာဘေးမဲ့တောဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးရွှေငွေးအောင်က ရှင်းပြသည်။



အဆိုပါ ခရုတုတ်၊ ခရုစုပ်ငှက်သည် အနက်ရောင်တောင်ပံမွေးရှိသော အဖြူရောင် ငှက်မျိုးဖြစ်ပြီး အပေါ်နှင့်အောက်နှုတ်သီးကြားတွင် ဟလျက်ထူးခြားသည့် နှုတ်သီးရှိသည်။ ကိုယ်အလျား ၃၂ လက်မခန့်ရှိကာ မြစ်ကမ်းစပ်များနှင့် ကန်များ၊ အင်းအိုင်များတွင် တွေ့ရနိုင်ကြောင်း၊ မြေနိမ့်ပိုင်းရှိ လယ်ကွင်းများနှင့် စိမ့်တောများတွင်လည်း တွေ့ရနိုင်သည့် ငှက်မျိုးဖြစ်ကြောင်း ရေချိုခရုမျိုးများကို စားသုံးကြပြီး ကဏန်း၊ ငါး၊ တွားသွားသတ္တဝါများနှင့် ပိုးမွှားကောင်ကြီးများကိုလည်း စားတတ်ကြောင်း သိရသည်။

ခရုစုပ်အဖြူငှက်လည်းရှိပြီး နှုတ်သီး၊ ဦးခေါင်းနှင့် လည်တိုင်အနက်ရောင်ရှိသော အဖြူရောင်ငှက်မျိုးဖြစ်သည်။ ကိုယ်အလျား လက်မ ၃၀ ခန့်ရှိပြီး မြန်မာနိုင်ငံမြောက်ပိုင်းမှအပ နေရာအနှံ့ တွေ့နိုင်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ကမ်းရိုးတန်းဒေသများတစ်လျှောက် အများအပြား တွေ့ရနိုင်ကြောင်း သားမပေါက်သည့် ဆောင်းခိုငှက်ဖြစ်ကြောင်းလည်း သိရသည်။

ခရုစုပ်၊ ခရုတုတ်ငှက်များနှင့်အတူ တင်ကျီး/အော်ရော ငှက်များလည်း လာရောက် ကျက်စားလျက်ရှိသည်။ တင်ကျီးငှက်သည် ရှည်၍တုတ်ခိုင်သော နှုတ်သီးရှိသည်။ အနက်ရောင်သမ်းသည့် ငှက်မျိုးဖြစ်ကာ နီညိုရောင်တောက်တောက် ကျောကုန်းရှိပြီး ကိုယ်အလျား ၃၂ လက်မခန့်ရှိပြီး ကန်များ၊ မြစ်များ၊ စိမ့်တောများတွင် အတွေ့ရများကြောင်း သိရသည်။ အုပ်စုလိုက် နေထိုင်ကျက်စား တွေ့ရသည့် ရေချိုနေငှက်မျိုးဖြစ်ကြောင်း ဦးရွှေငွေးအောင်က ရှင်းပြသည်။

ညောင်ဦးမြို့နယ်ပုဂံမြို့ လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် ခရုတုတ်၊ ခရုစုပ် ကောင်ရေ ရာနှင့်ချီပြီး လာရောက်ကျက်စားနေကြပြီး ညောင်ဦးမြို့နယ်သူကောင်းတည်မြစ်ရေတင်၊ လက်ပံခြေပေါ်မြစ်ရေတင်၊ ကျောက်ကူးမြစ်ရေတင်၊ ငှါးသရောက်မြစ်ရေတင်နှင့် လောကနန္ဒာမြစ်ရေတင်များမှ နွေစပါးစိုက်ပျိုးရန် မြစ်ရေတင်မှုရေပေးချိန် အဆိုပါငှက်များ အကောင်ရေ ၅၀၀ ခန့် လာရောက်ကျက်စားနေကြကြောင်းလည်း သိရသည်။

ကိုထိန်(KPD)

# ညောင်ဦးမြို့နယ်၌ ဟင်္ဂျီးနီးယားဆေး ခေါ် ကုလားဆေး စိုက်ပျိုးမှု သုံးပုံနှစ်ပုံခန့် လျော့ကျလာ

ညောင်ဦး ဧပြီ ၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အထက်ညဉ့်ကျေးရွာ၊ အောက်ညဉ့်၊ သူကောင်းတည်၊ ရွာသစ်ကုန်း၊ လက်ပံခြေပေါ်၊ တောင်ဖက်တန်း၊ သရက်ကုန်းကျေးရွာတို့တွင် နှစ်စဉ်နှစ်တိုင်း ဟင်္ဂျီးနီးယားဆေးများ အမြောက်အမြားစိုက်ပျိုးကြရာ ယခုနှစ်တွင် ဟင်္ဂျီးနီးယားဆေးရွက်စိုက်ပျိုးမှု သုံးပုံနှစ်ပုံခန့် စိုက်ပျိုးမှုလျော့ကျလာကြောင်း သစ်ထောင့်ကျေးရွာ ဟင်္ဂျီးနီးယား စိုက်ပျိုးတောင်သူ ဦးတင်မောင်ဝင်းထံမှ သိရသည်။

### စတင်ခူးယူ

ညောင်ဦးမြို့နယ်တွင် ဟင်္ဂျီးနီးယားဆေးပင် စိုက်ပျိုးခြင်းကို ယခင်က ညောင်ဦး-မြင်းခြံ-ပခုက္ကူ ကားလမ်းမကြီးဘေး တစ်ဖက်တစ်ချက်တွင် အမြောက်အမြားစိုက်ပျိုးခဲ့ရာ ယခုအခါစိုက်ပျိုးမှု နည်းလာခဲ့ကြောင်း သိရသည်။ ဟင်္ဂျီးနီးယားဆေးစိုက်ပျိုးခြင်းကို သီတင်းကျွတ်၊ တန်ဆောင်မုန်းလတို့တွင် စတင်စိုက်ပျိုးကြပြီး ပျိုးစေ့အား ပျိုးပေါင်လုပ်ပျိုးထောင်ပြီး ၄၅ ရက်သားရှိလျှင် စိုက်ခင်းထဲသို့ ရွှေ့ပြောင်းစိုက်ပျိုးရကြောင်း၊ ရေသွင်းမြောင်းဖြင့် ရေသွင်းစိုက်ပျိုးရကာ တပို့တွဲလ၊ တပေါင်းလတို့တွင် ရင့်သည့်အရွက်များ စတင်ခူးယူရကြောင်း သိရသည်။

### သုံးပုံတစ်ပုံလောက် လည်ပတ်မှုရှိနေ

ဟင်္ဂျီးနီးယားဆေးပင်သည် တစ်ပင်လုံး ဈေးကွက်ဝင်သည့်အပင်ဖြစ်ကာ အရွက်အစို တစ်ပိဿာ ကျပ် ၂၅၀၊ အရွက်အခြောက်တစ်ပိဿာ ကျပ် ၁၅၀၀၊ ပင်စည်အစိုတစ်ပိဿာ ကျပ်၂၀၀ အထိ ဈေးရရှိကြောင်း သိရသည်။ အရွက်အစိုခူးဆွတ်ရောင်းချပြီး ဟင်္ဂျီးနီးယားဆေးပေါင်းရုံများသို့ ဆေးရွက်ပေါင်းရန် အစိုပို့ခြင်းများရှိကြောင်းသိရသည်။ ဟင်္ဂျီးနီးယားဆေးရွက်ခေါ် ကုလားဆေးကို ညောင်ဦးမြို့နယ်တွင် စိုက်ပျိုးမှုနည်းလာသော်လည်း ရေစကြိုမြို့နယ်၌ မြစ်ရေကျချိန် ကျွန်းစိုက်ပျိုးတောင်သူများ ဟင်္ဂျီးနီးယားဆေးစိုက်ပျိုးမှု ရှိနေသေးကြောင်းနှင့် ဆေးပေါင်းရုံကြီးများ သုံးပုံတစ်ပုံလောက် လည်ပတ်မှုရှိနေသေးကြောင်း ရေစကြိုမြို့နယ် ဇလဝကျေးရွာမှ ဦးဖိုးကျော်ထံမှ သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဂရားမင်းဘဏ်တည်ထောင်သူ မိုဟာမက်ယူနွတ်

*"ဆင်းရဲတာနဲ့ လူ့အခွင့်အရေးတွေ ဆုံးရှုံးပါတယ်။
ဆင်းရဲမွဲတေမှုကြောင့် အလိုမကျခြင်း၊ ဒေါသဖြစ်ခြင်း၊ ရန်လိုခြင်းတို့ ဖြစ်လာတဲ့အခါ
လူ့အဖွဲ့အစည်းမှာ ငြိမ်းချမ်းရေးတည်ဆောက်ဖို့ ခက်ပါတယ်။"*

ကျော်ကျော်လှိုင်

မိုဟာမက်ယူနွတ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံမှဖြစ်ပြီး ဂရားမင်းဘဏ် (Grameen Bank) Village Bank လို့ခေါ်တဲ့ ကျေးရွာဘဏ်တွေကို တည်ထောင်ခဲ့သူ ဖြစ်ပါတယ်။ ဂရားမင်းဘဏ်ကတော့ မရှိဆင်းရဲသားတွေကို ငွေချေးခဲ့တဲ့ဘဏ် ဖြစ်ပါတယ်။ မရှိဆင်းရဲသားတွေကို ကမ္ဘာပေါ်မှာ အသေးစားချေးငွေတွေ ပထမဆုံးထုတ်ပေးခဲ့တဲ့သူက မိုဟာမက်ယူနွတ် ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း မရှိဆင်းရဲသား၊ လက်လုပ်လက်စားတွေကို အသေးစားချေးငွေတွေ ထုတ်ချေးနေပါတယ်။ မိုဟာမက်ယူနွတ် စတင်ခဲ့တဲ့ အသေးစားချေးငွေနဲ့ ပုံစံအတူတူပါပဲ။

**မိုဟာမက်ယူနွတ်၏ဘဝ**

ယူနွတ်ကို ၁၉၄၀ ပြည့်နှစ် ဇွန်လ ၂၈ ရက်နေ့မှာ ဘသူရာရွာ၊ စစ်တကောင်းပြည်နယ်မှာ ဖွားမြင်ပါတယ်။ သားသမီးကိုးဦးအနက် တတိယမြောက် ဖြစ်ပါတယ်။ ဖခင်က လက်ဝတ်ရတနာကုန်သည်ဖြစ်ပါတယ်။ ယူနွတ်လေးနှစ်သားအရွယ်မှာတော့ ဖခင်က စစ်တကောင်းမြို့ကို ပြောင်းရွှေ့နေထိုင်ခဲ့ပါတယ်။ စစ်တကောင်းကျောင်းကနေ တက္ကသိုလ်ဝင်တန်းအောင်ခဲ့ပြီး ကျောင်းသား ၃၉၀၀၀ ဝင်ဖြေရာမှာ အဆင့် ၁၆ နဲ့ အောင်ခဲ့ပါတယ်။ ၁၉၅၇ ခုနှစ်မှာတော့ ဒါကာတက္ကသိုလ်မှာ စီးပွားရေးပညာကို သင်ယူခဲ့ပါတယ်။ ဘီအေဘွဲ့ကို ၁၉၆၀ ပြည့်နှစ်မှာ ရရှိခဲ့ပြီး ၁၉၆၁ ခုနှစ်မှာ မဟာဝိဇ္ဇာဘွဲ့ကို ရရှိခဲ့ပါတယ်။ တက္ကသိုလ်ဝင်တန်းကို ကျောင်းသား ၃၉၀၀၀ ဖြေရာမှာ အဆင့် ၁၆ ရခဲ့တဲ့အတွက် စာတော်တယ်လို့ ယူနွတ်ကို သတ်မှတ်ရမှာပါ။ အထက်တန်းကျောင်းတက်တုန်းက ကင်းထောက်လူငယ်အဖွဲ့ဝင် ဖြစ်ပါတယ်။

ကင်းထောက်လူငယ်အဖွဲ့ဝင်ဖြစ်တဲ့အတွက်–

၁။ အများအကျိုးကို သယ်ပိုးလိုတဲ့စိတ်တွေ မွေးမြူပေးပါတယ်။


၂။ ရှေ့ဦးသူနာပြု၊ အလံအချက်ပြ၊ တဲတားဆောက် စသဖြင့် ကင်းထောက်ပညာရပ်တွေ သင်ကြားခွင့်ရပါတယ်။

၃။ မိမိကိုယ်မိမိ ယုံကြည်မှုတွေ ပြည့်ဝစေပါတယ်။

ယူနွတ် မဟာဝိဇ္ဇာဘွဲ့ရပြီးတဲ့အခါ အီကောနော်မစ်ဗျူရို (Economic Bureau) မှာ စီးပွားရေးပညာ သုတေသနအရာရှိအဖြစ် ဝင်ရောက်လုပ်ကိုင်ပါတယ်။ ၁၉၆၁ ခုနှစ် အကုန်လောက်မှာတော့ စစ်တကောင်းကောလိပ်မှာ ကထိကအဖြစ် တာဝန်ထမ်းဆောင်ပါတယ်။ ၁၉၆၅ ခုနှစ်မှာတော့ ဖူးဘရိုက် (Fulbright) ပညာသင်ဆုရတဲ့အတွက် အမေရိကန်ပြည်ထောင်စု ဗင်းဒါဘစ် (Vanderbilt) တက္ကသိုလ်မှာ ပါရဂူဘွဲ့ယူဖို့ တက်ရောက်ခဲ့ပါတယ်။ ၁၉၇၁ ခုနှစ်မှာ ပါရဂူဘွဲ့ (Ph.D) ရခဲ့ပါတယ်။ ပါရဂူဘွဲ့ယူရင်း တင်နဆီပြည်နယ် တက္ကသိုလ်မှာ လက်ထောက်ပါမောက္ခအဖြစ် ၁၉၆၉ – ၁၉၇၂ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသေးတယ်။ ၁၉၇၃ ခုနှစ်မှာတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ပြန်ခဲ့ပြီး စစ်တကောင်းတက္ကသိုလ်စီးပွားရေးပညာဌာနမှာ ပါမောက္ခအဖြစ် တာဝန်ထမ်းပါတယ်။ ၁၉၇၄ ခုနှစ်မှာ ဆင်းရဲမှုလျှော့ချရေး အစီအစဉ်တွေမှာ ပါဝင်ခဲ့ပြီး ကျေးလက်ဒေသစီးပွားရေးဖွံ့ဖြိုးမှု အစီအစဉ်တစ်ခုကို သုတေသနပြု ဆောင်ရွက်ခဲ့ပါတယ်။

**ဂရားမင်းဘဏ်တည်ထောင်ခဲ့ပုံ**

တစ်နေ့တော့ တက္ကသိုလ်က အပြန်လမ်းမှာ ဆင်းရဲနွမ်းပါးတဲ့သူတွေကို တွေ့ရတဲ့အခါ တက္ကသိုလ်မှာ ဆင်းရဲမှုတွေ လျှော့ချနိုင်အောင် သုတေသနတွေလုပ်၊ စာတမ်းတွေရေး၊ စာတွေသင်နေပြီး လက်တွေ့မှာတော့ ဆင်းရဲသားတွေကို မကူညီနိုင်တာကို ယူနွတ်က သတိထားမိလိုက်ပါတယ်။ ဖျတ်ခနဲ အသိဝင်သွားပါတယ်။ တစ်ခုခု လက်တွေ့လုပ်ဖို့ လိုတယ်လို့ အသိတရားရသွားတာပါ။ အသိတရားရတာနဲ့ စစ်တကောင်းတက္ကသိုလ်နားက ဂျိုဘရာ



ဂရားမင်းဘဏ်တည်ထောင်သူ မိုဟာမက်ယူနွတ်

> **"ကျွန်တော်တို့နိုင်ငံမှာလည်း ဆင်းရဲမှုနှုန်းလျှော့ချရေး အစီအစဉ်အနေနဲ့ ဆင်းရဲသားတွေကို အသေးစားချေးငွေတွေ ထုတ်ပေးနေပါပြီ။ အလွန်ကောင်းပါတယ်။ အားပေးထောက်ခံပါတယ်။ ဒါပေမယ့် ငွေချေးတဲ့သူက အတတ်ပညာတစ်ခုတော့ တတ်ရပါမယ်။ အလုပ်လုပ်ချင်စိတ်ရှိရပါမယ်။ အတတ်ပညာမတတ်ရင် ဘာလုပ်ရမလဲဆိုတော့ ဒေသမှာရှိတဲ့ ကုန်ကြမ်းတွေကိုမှီပြီး ကုန်ချောလုပ်နိုင်တဲ့ အတတ်ပညာတွေကို သင်ပေးရပါမယ်။ မွေးမြူရေးပညာတွေ သင်ပေးရပါမယ်။ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးပညာတွေ သင်ပေးရပါမယ်။ စာဖတ်တတ်အောင်၊ စာရေးတတ်အောင် သင်ပေးရပါမယ်။ ဆင်းရဲသားတွေကို ဒီလို အတတ်ပညာသင်ပေးပြီး လုပ်တတ်မှ ငွေထုတ်ချေးသင့်ပါတယ်။ အတတ်ပညာရှိမှ ချေးလို့ရတဲ့ငွေကို အရင်းအနှီးအဖြစ် သုံးကြမှာပါ။"**

(Jobra) ရွာကို သွားလေ့လာပါတယ်။ အဆင်းရဲဆုံးမိသားစုတွေနဲ့တွေ့ပြီး မေးမြန်းပါတယ်။ ဂျိုဘရာရွာက အမျိုးသမီးတွေက ကြိမ်ထိုးပြီး အိမ်ထောင်ပရိဘောဂတွေ လုပ်တတ်ပါတယ်။ ဒါပေမယ့် အရင်းအနှီးမရှိတဲ့အတွက် နေ့ပြန်တိုးယူရပါတယ်။ နေ့ပြန်တိုးယူတဲ့အတွက် အမြတ်အစွန်း အလွန်နည်းတာကို ယူနွတ် သိလိုက်ရပါတယ်။ ယူနွတ်က သူ့ရဲ့ ကိုယ်ပိုင်ငွေ အမေရိကန် ဒေါ်လာ ၂၇ ဒေါ်လာကို သုံးပြီး ဂျိုဘရာရွာက အမျိုးသမီးတွေကို ငွေစချေးပါတယ်။ အမေရိကန်ဒေါ်လာ ၂၇ ဒေါ်လာက မြန်မာငွေ ကျပ် ၃၆၀၀၀ လောက်ရှိပါတယ်။

ယူနွတ်ရဲ့ အကြံဉာဏ်ကို သဘောကျတဲ့အတွက် ဒေါက်တာဟာမီ(တ်) ခန်း (Dr. Hameed Khan) ကလည်း ပါဝင်လာပါတယ်။ ဒေါက်တာဟာမီ(တ်) ခန်းဆိုသူကတော့ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဘင်္ဂလားဒေ့ရှ် အကယ်ဒမီကို တည်ထောင်ခဲ့သူပါ။ အလုပ်လုပ်တတ်တဲ့ အမျိုးသမီးတွေကို အရင်းအနှီးထောင်ပေးရင်အောင်မြင်တယ်ဆိုတာသိပေမယ့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အမျိုးသမီးတွေ အများကြီးအတွက် လုပ်မယ်ဆိုရင်တော့ အဖွဲ့အစည်းတစ်ခုလိုကြောင်း ယူနွတ်က သတိပြုမိပါတယ်။ ဘဏ်တွေကလည်း ဆင်းရဲသားတွေက အပေါင်မပေးနိုင်တာ၊ ချေးယူတဲ့ငွေကနည်းတာ၊ ပြန်မပေးနိုင်ဘူးလို့ ယူဆတာတွေကြောင့် ဆင်းရဲသားတွေကို ငွေမချေးပါဘူး။ ယူနွတ်ကတော့ ဒီဆင်းရဲသားတွေမှာ အလုပ်လုပ်နိုင်တဲ့ အရည်အချင်းတွေရှိတယ်။ အတတ်ပညာ တစ်ခုတတ်တယ်။ အရင်းအနှီးမရှိပေမယ့် အရင်းအနှီးသာထုတ်ပေးရင် အလုပ်လုပ်ကြမှာပဲ၊ ပြီးရင် ချေးထားတဲ့ငွေကို ပြန်ဆပ်မှာပဲဆိုတာ ယုံပါတယ်။

**ဘယ်လိုလူတွေကို ချေးတာလဲ**

တချို့ကဆင်းရဲပေမယ့် လက်မှုပညာကျွမ်းကျင်ကြတယ်။ တချို့ကဆင်းရဲပေမယ့် မွေးမြူရေး ကျွမ်းကျင်တယ်။ စိုက်ပျိုးရေး ကျွမ်းကျင်တယ်။ အလုပ်လုပ်ချင်ကြတယ်။ သူတို့လိုနေတာက အရင်းအနှီး ဖြစ်ပါတယ်။ ဆင်းရဲသားတွေကို ငွေထုတ်ချေးတာ ကောင်းပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့က အတတ်ပညာကျွမ်းကျင်မှုရှိတဲ့ ဆင်းရဲသား၊ အလုပ်လုပ်ချင်စိတ်ရှိတဲ့ ဆင်းရဲသား၊ ရိုးသားဖြောင့်မတ်တဲ့သူကိုပဲ ငွေထုတ်ချေးသင့်ပါတယ်။ အတတ်ပညာလည်းမရှိ၊ အလုပ်လည်း မလုပ်ချင်သူကို ငွေထုတ်ချေးမိရင်တော့ ဆုံးရှုံးမှုနဲ့ပဲ ရင်ဆိုင်ရပါလိမ့်မယ်။

**အခက်အခဲများ**

ယူနွတ် ကြိုးစားလိုက်တာ ၁၉၇၆ ခုနှစ်မှာတော့ အစိုးရ ဂျနာတာဘဏ် (Janata)ကနေ ဆင်းရဲသားတွေအတွက် ချေးငွေရပါတယ်။ တခြားဘဏ်တွေကလည်း ချေးငွေတွေ ရလာပါတယ်။ ၁၉၈၂ ခုနှစ်မှာတော့ ငွေချေးတဲ့ဆင်းရဲသား ၂၈၀၀၀ ဖြစ်လာပါတယ်။ ၁၉၈၃ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့မှာတော့ ယူနွတ်က သူ့အဖွဲ့အစည်းကို ဂရားမင်းဘဏ် Grameen Bank (Village Bank) အဖြစ် မှတ်ပုံတင်လိုက်ပါတယ်။ ၂၀၀၇ ခုနှစ် ဇူလိုင်လမှာတော့ ဂရားမင်းဘဏ်ကနေ ငွေချေးသူ ၇ ဒသမ ၄ သန်းကို အမေရိကန်ဒေါ်လာ ၆ ဒသမ ၃၈ ဘီလီယံ ထုတ်ချေးနိုင်ခဲ့ပါတယ်။ ၇ ဒသမ ၄ သန်းဆိုတဲ့ အရေအတွက်က များပါတယ်။ ဒါပေမဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ လူဦးရေ ၁၄၂ သန်းနဲ့ ကြည့်ရင်တော့ လူဦးရေရဲ့ ငါးရာခိုင်နှုန်းပဲ ရှိသေးတာပဲ။ ဒါပေမဲ့ လူ ၇ ဒသမ ၄ သန်းကို ငွေထုတ်ချေးဖို့ စီစဉ်ရတယ်ဆိုတာကတော့ ထင်သလောက် မလွယ်ပါဘူး။

ဆင်းရဲသားတွေက ချေးတဲ့ငွေကို ပြန်ဆပ်ပါတယ်။ စချေးကတည်းက အရင်ချေးငွေရထားတဲ့သူတွေက ထောက်ခံရပါတယ်။ ပြန်မဆပ်ရင်လည်း ထောက်ခံပေးတဲ့သူတွေက တာဝန်ယူပြီး ပြန်ဆပ်ရပါတယ်။ ပြန်မဆပ်တဲ့ ပြဿနာကို ယူနွတ်တို့ သိပ်မဖြေရှင်းခဲ့ရပါဘူး။ ပြဿနာကတော့ အကြမ်းဖက်လက်ဝဲဝါဒီတွေက ဂရားမင်းဘဏ်က ငွေချေးခဲ့ရင် သေတဲ့အခါ အစ္စလာမ်ဘာသာအတိုင်း သင်္ဂြိုဟ်တာကို ခွင့်မပြုဘူးဆိုပြီး ယူနွတ်တို့ကို ဆန့်ကျင်ပါတယ်။

၁၉၈၀ ပြည့်နှစ်ကစပြီး ဂရားမင်းဘဏ်က တခြားစီးပွားရေးတွေလည်း လုပ်လာပါတယ်။ ငါးမွေးမြူရေးတွေ၊ စိုက်ပျိုးရေးတွေ၊ အထည်ချုပ်လုပ်ငန်းတွေ၊ ကွန်ပျူတာလုပ်ငန်းတွေ လုပ်တဲ့အပြင် ဂရားမင်းဖုန်းဆိုပြီး ထောင်ခဲ့တဲ့ တယ်လီဖုန်းကုမ္ပဏီက အကြီးဆုံး ပုဂ္ဂလိကပိုင်ကုမ္ပဏီတစ်ခု ဖြစ်ပါတယ်။ ၁၉၉၇ ခုနှစ်မှာ ကျေးရွာတယ်လီဖုန်း စီမံကိန်းကနေ ရွာ ၅၀၀၀၀ က လူ ၂၆၀၀၀၀ ကို လက်ကိုင်ဖုန်းတွေရအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။

စာမျက်နှာ ၂၅ သို့ +

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူလူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ



နေပြည်တော် ဧပြီ ၃
တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသား ပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၁၅၃၀၉ ဦး၊ အတွင်းလူနာ ၄၁၃၃ ဦးကို ကုသပေး နိုင်ခဲ့ပြီး ၎င်းလူနာများအနက် အကြီးစားခွဲစိတ် ကုသရန်လိုအပ်သူ ၅၃၉၄ ဦး၊ အသေးစားခွဲစိတ် ကုသရန်လိုအပ်သူ ၂၈၃၀ စုစုပေါင်း ၈၂၂၄ ဦး တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ် ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူး များဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားလူနာ ၂၈၄၅ ဦးကို ခွဲစိတ် မွေးဖွားပေးနိုင်ခဲ့ကာ ၄၃၆၀ ကို သာမန်မွေးဖွား ပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၇၂၀၅ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာ ရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများ ကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်း များ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာ များနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေး လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများ သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဧပြီ ၃
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည် မြို့နယ်ဆေးရုံ၊ ဟဲဇားတိုက်နယ်ဆေးရုံ၊ ယင်းမာ ပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်း မြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက် တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ သာယာဝတီခရိုင် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒိုဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူ အညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေး အဖွဲ့များအားစေလွှတ်၍ ရောဂါဝေဒနာခံစားနေရ သည့် ဒေသခံပြည်သူများကို လိုအပ်သည့်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှု ဆိုင်ရာရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာ အိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ် အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုအခြေ အနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေ အနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ



လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူ များအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက် လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

✢ စာမျက်နှာ ၂၄ မှ

## *မိုဟာမက်ယူနွတ်၏ အောင်မြင်မှုမှ အတုယူစရာများ*

**ပထမအချက်**

မိုဟာမက်ယူနွတ်က လူသားတွေရဲ့ အကျိုးကို ဆောင်ရွက်ခဲ့တာ ပါ။ ယူနွတ်ဟာ ၂၁ ရာစုတစ်လွှား လူသားအကျိုးပြုသူတစ်ဦး ဖြစ်တဲ့အပြင် သူ့အိပ်မက်၊ သူ့အကြံအစည်၊ သူ့မျှော်လင့်ချက်တွေကို လက်တွေ့အဖြစ် ပြောင်းနိုင်ခဲ့တဲ့ စီးပွားရေးခေါင်းဆောင်တစ်ဦး ဖြစ်ပါတယ်။ ယူနွတ်ရဲ့ အသေးစားချေးငွေ နမူနာကို နိုင်ငံပေါင်း ၁၀၀ ကျော်က နမူနာယူပြီး လိုက်လုပ်ကြပါတယ်။ အမေရိကန် ပြည်ထောင်စုကတောင် နမူနာယူရပါတယ်။ ယူနွတ်ရဲ့ ကျေးဇူး ကြောင့် ကမ္ဘာပေါ်မှာရှိတဲ့ သန်းပေါင်းများစွာသော ဆင်းရဲတဲ့ လူသားတွေ ဆင်းရဲတွင်းက လွတ်ခဲ့ကြပါတယ်။

**ဒုတိယအချက်**

ကျွန်တော်တို့နိုင်ငံမှာလည်း ဆင်းရဲမွဲတေနှုန်းလျှော့ချရေး အစီအစဉ် အနေနဲ့ ဆင်းရဲသားတွေကို အသေးစားချေးငွေတွေ ထုတ်ပေးနေပါပြီ။ အလွန်ကောင်းပါတယ်။ အားပေးထောက်ခံပါတယ်။ ဒါပေမယ့် ငွေချေးတဲ့သူက အတတ်ပညာတစ်ခုတော့ တတ်ရပါမယ်။ အလုပ်လုပ်ချင်စိတ်ရှိရပါမယ်။ အတတ်ပညာမတတ်ရင် ဘာလုပ်ရမလဲဆိုတော့ ဒေသမှာရှိတဲ့ ကုန်ကြမ်းတွေကိုမှီပြီး ကုန်ချောလုပ်နိုင်တဲ့ အတတ်ပညာတွေကို သင်ပေးရပါမယ်။ မွေးမြူရေးပညာတွေ သင်ပေးရပါမယ်။ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးပညာတွေ သင်ပေးရပါမယ်။ စာဖတ်တတ်အောင်၊ စာရေးတတ်အောင် သင်ပေးရပါမယ်။ ဆင်းရဲသားတွေကို ဒီလို အတတ်ပညာသင်ပေးပြီး လုပ်တတ်မှ ငွေထုတ်ချေးသင့်ပါတယ်။ **အတတ်ပညာရှိမှ ချေးလို့ရတဲ့ငွေကို အရင်းအနှီးအဖြစ် သုံးကြမှာပါ။**

**တတိယအချက်**

သူ့ရဲ့ စွမ်းစွမ်းတမံ လုပ်ဆောင်ချက်တွေကြောင့် ဂုဏ်ထူးတွေ၊ ဘွဲ့တွေ အများကြီးရပါတယ်။ ဂုဏ်ထူးဆောင် Ph.D ဒေါက်တာဘွဲ့ ၂၆ ခု ရပါတယ်။ အထူးဘွဲ့ ၁၅ ခု ရပါတယ်။ ၂၀၀၆ ခုနှစ်မှာ Nobel ဆုကို Grameen Bank နဲ့ ပူးတွဲရရှိပါတယ်။ **“အောက်ခြေလူတန်းစားများ စီးပွားရေးနဲ့ လူမှုရေးဖွံ့ဖြိုးမှု တိုးတက်လာရန် ဖန်တီးနိုင်မှု”**အတွက် နိုဘယ်ဆုရတာပါ။ ရရှိတဲ့ ငွေကြေးထဲက တချို့တစ်ဝက်ကို ဈေးချိုချိုနဲ့ အာဟာရရှိတဲ့ အစားအစာထုတ်လုပ်တဲ့ စက်ရုံတည်ထောင်ဖို့နဲ့ ဆင်းရဲသားတွေအတွက် မျက်စိဆေးရုံဆောက်ဖို့ သုံးခဲ့ပါတယ်။ **“ပေးဆပ်တာအတွက်ပဲ ဂုဏ်ပြုခံရပါတယ်။ ယူနေသူကို ဘယ်သူကမှ ဂုဏ်မပြုပါ”** ဆိုတာ သတိပြုစေလိုပါတယ်။

**စတုတ္ထအချက်**

မိုဟာမက်ယူနွတ်ကိုလည်း ရွာမှာ မွေးခဲ့တာပါ။ မိဘက ချမ်းသာသူ မဟုတ်ပါဘူး။ ယူနွတ်ဟာ ပညာထူးချွန်တဲ့အတွက် လူသား တွေရဲ့အကျိုးကို ဆောင်ရွက်နိုင်တာပါ။ ဒါကြောင့် ပညာတတ်ဖို့ အရေးကြီးပါတယ်။ ယနေ့ခေတ်လူငယ်တွေ လူမှုအကျိုးပြု လုပ်ငန်းတွေ တက်တက်ကြွကြွလုပ်နေတာ တွေ့ရပါတယ်။ ကျောင်းတက်ရမယ့်အချိန်မှာတောင် တချို့လူငယ်တွေ လူမှု အကျိုးပြုလုပ်ငန်းတွေ လုပ်နေပါတယ်။ ကောင်းပါတယ်။ ဒါပေမယ့် ပညာကို ထူးချွန်အောင် ဦးစွာသင်ယူစေလိုပါတယ်။ ပညာတတ်ပြီး အရည်အချင်းပြည့်ဝလာတဲ့အခါ ယူနွတ်လို ထူးခြားပြောင်မြောက်တဲ့ လူမှုအကျိုးပြုလုပ်ငန်းတွေ ပိုလုပ်နိုင်ပါတယ်။ **“ပညာသင်တဲ့အရွယ် မှာ လူ့ပတ်ဝန်းကျင်ကို ဒုက္ခမပေးဘဲ ပညာကို ထူးချွန်အောင် သင်ယူတယ်”**ဆိုတာ အကောင်းဆုံး လူမှုအကျိုးပြုလုပ်ငန်း လုပ်တာပါ။ ။

(ဆရာ ကျော်ကျော်လှိုင်၏ “၂၁ ရာစု တစ်လွှား လူသားအကျိုးပြု၍ ချမ်းသာ အောင်မြင်လာသူများ” စာအုပ်မှ “ဂရားမင်းဘဏ်တည်ထောင်သူ မိုဟာ မက်ယူနွတ်” အတ္ထုပ္ပတ္တိ ဆောင်းပါးကို စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ စာတည်း)

# ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်ရာတွင်အသုံးပြုသည့် လက်နက်များနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၃

ဆူပူအကြမ်းဖက်သူများ အသုံးပြုလျက်ရှိသည့် လက်နက်များနှင့်ပစ္စည်းများ သိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေ သတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ဖမ်းဆီးရမိ**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂ ရက်တွင် ဟဲဟိုးမြို့ အမှတ်(၃)ရပ်ကွက် ကုန်းစောင်းလမ်း၌ မသကာဖွယ်ဆိုင်ကယ်တစ်စီးအား ရပ်တန့်စစ်ဆေးရာ ဇင်မိုးထွန်း (ခ) မိုးမိုး(ဘ) ဦးသက်ထွန်းနှင့် ကျော်စိုးဟန်(ဘ) ဦးကျော်ထင်တို့ နှစ်ဦးအား WY စာတန်းပါစိတ်ကြွရှုးသွပ်ဆေးပြား ခုနစ်ပြား၊ လက်လုပ်သေနတ် တစ်လက်၊ အခြားဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ ဘားအံမြို့ အမှတ်(၉)ရပ်ကွက် အင်ကြင်းလမ်းရှိမျိုးအောင်(ခ)ကုလား(ဘ) ဦးညွန့်ဝင်းအား ၎င်း၏နေအိမ်၌ လက်လုပ်သေနတ် တစ်လက်၊ အခြားဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ အင်းစိန်မြို့နယ် မြို့သစ်(ဂ)ရပ်ကွက် ရာကျော်လမ်းသွယ် ဇမ္ဗူပါလပရဟိတအသင်းရုံး၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများကို လည်းကောင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၄) ရပ်ကွက်၊ B – 2 လမ်း၊ အခန်း(၂၀၁)၌ ဦးရှိန်းထက်အပါအဝင် အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီး သုံးဦးတို့ကို ဂျင်ကလီအချောင်း ၄၅၀၊ ဓား လေးချောင်း၊ လက်လုပ်မိုင်း ကိုးလုံး၊ မီးခိုးဗုံး လေးလုံး၊ အခြားဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ တာမွေမြို့နယ် အရိုးကုန်းရပ်ကွက်ရှိ ကျော်စွာဝင်း(ခ)အလီ(ဘ) ဦးစလေမန်အား ၎င်း၏နေအိမ်၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများဖြင့်လည်းကောင်း၊ ခင်ဦးမြို့ မြကန်သာရပ်ကွက် မေတ္တာကန်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ လက်လုပ်သေနတ် ရှစ်လက်၊ လက်လုပ်မိုင်း ခုနစ်လုံး၊ ဂျင်ကလီ သုံးချောင်း၊ အခြားဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ရမည်းသင်းမြို့နယ် ကန်ထက်ကျေးရွာရှိ သန်းဌေးဦး(ဘ)ဦးထွန်းခင်နှင့် ဒေါ်ချို(ဘ) ဦးတင်အောင်တို့ နှစ်ဦးအား ၎င်းတို့နေအိမ်များ၌ လက်လုပ်သေနတ် နှစ်လက်ဖြင့်လည်းကောင်း၊ ပဲခူးမြို့ ပဲခူးဘူတာနှင့် ဘုရားသုံးဆူဘူတာကြား မီးရထားကြေးနန်းတိုင်အမှတ်(၄၈/၁၀)နှင့် (၄၈/၁၁)ကြား၊ တံတားအမှတ်(၆၂)နေရာ၌ လက်လုပ်မိုင်း တစ်လုံးကို လည်းကောင်း၊ ပဲခူးမြို့ ဝမ်းဘောဒက်တံတားမြို့အဝင် စစ်ဆေးရေးဂိတ်၌ ယာဉ်ဝင်/ထွက်မှုများ စစ်ဆေးစဉ် ရန်ကုန်မှ ပဲခူးမြို့နယ်အတွင်းသို့ ယာဉ်မောင်း ဇော်လေး(ဘ)ဦးဂိုအေး မောင်းနှင်ပြီး အောင်ကို(ဘ)ဦးထွန်းခိုင် စီးနင်းလိုက်ပါလာသည့် ယာဉ်အမှတ်၊ AA– 7515၊ Nissan Lattio အမျိုးအစား ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်၏နောက်ဖုံးအတွင်းမှ လက်လုပ်သေနတ် တစ်လက်၊ အခြားဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

အလားတူ ယနေ့တွင် မိုးညှင်းမြို့ အရှေ့စုရပ်ကွက် (၁)လမ်း အိမ်အမှတ် (၁၉၀)၌ မွင့်ဖူးစိန်(ဘ) ဦးစိန်သန်း၊ ထက်မြတ်ဇော်(ဘ)ဦးဇော်ဝင်း၊ မျိုးမင်းထွန်း(ဘ) ဦးထွန်းစိန်၊ နေလင်း(ဘ) ဦးသိန်းကြွယ်၊ အောင်ထက်ပိုင်(ဘ)ဦးအောင်မျိုးဝင်းတို့ ငါးဦးအား လက်လုပ်မိုင်းမျိုးစုံ ၁၉ လုံး၊ လက်လုပ်သေနတ် တစ်လက်၊ အခြားဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ လှိုင်ကော်မြို့ မိုင်းလုံးရပ်ကွက် မီးပွိုင့်အနီး၌ ဆူပူအကြမ်းဖက်သူ ၇၀ ခန့်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ဖြိုခွဲရာ လေးခွ၊ အုတ်ခဲ၊ မီးပုလင်းများဖြင့် ရန်ပြုတိုက်ခိုက်လာသဖြင့် အဓိကရုဏ်းနှိမ်နင်းရေး လက်နက်ဖြင့် ခြောက်လှန့်ပစ်ခတ်ခဲ့ရာ ၎င်းတို့အနက်မှ အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီး သုံးဦးတို့အား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများဖြင့်လည်းကောင်း၊ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်းနှင့် အနော်ရထာလမ်းထောင့်နေရာ၌ ဆူပူအကြမ်းဖက်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ဖြိုခွဲရာ လူစုကွဲသွားခဲ့ပြီး အဆိုပါနေရာမှ လက်လုပ်ဗုံး ၂၈ လုံး၊ အခြားဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ လှည်းကူးမြို့နယ် အမှတ်(၃) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်ဝင်/ ထွက်မှုများစစ်ဆေးစဉ် လှည်းကူးမြို့မှ ထောက်ကြန့်မြို့သို့ ယာဉ်မောင်း အောင်ဇော်ဝင်း(ခ) အောင်ဇော် (ဘ)ဦးမြသန်း မောင်းနှင်လာသည့် YGN 3H–8086 Probox အမျိုးအစားယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်၏နောက်ခန်းအတွင်းမှ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများကိုလည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(C /က)ရပ်ကွက် ဂဖူးကွေ့ဈေးအနီး၌ ဆူပူအကြမ်းဖက်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ဖြိုခွဲရာ အမျိုးသားရှစ်ဦး အမျိုးသမီး လေးဦးတို့အား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများဖြင့်လည်းကောင်း၊ ညောင်တုန်းမြို့နယ် လမ်းမတော် (၁၆) လမ်းဈေးထိပ်၌ ဒေသန္တရလက်လုပ်မိုင်း တစ်လုံး၊ အမှတ်(၄)ရပ်ကွက် လမ်းမတော်လမ်း အမှတ်(၈) လမ်းထိပ်၌ ဒေသန္တရလက်လုပ်မိုင်း တစ်လုံး၊ မြန်မာ့စီးပွားရေးဘဏ်ရှေ့၌ ဒေသန္တရလက်လုပ်မိုင်း တစ်လုံး၊ အမှတ်(၂)ရပ်ကွက် အမှတ်(၂၃)လမ်းထိပ်ရှိ ကမ္ဘာ့ရတနာဘဏ်ရှေ့၌ ဒေသန္တရလက်လုပ်မိုင်း တစ်လုံးနှင့် အမှတ်(၇)ရပ်ကွက် သဇင်လမ်းတိုက်သစ်လမ်းထောင့်၌ ဒေသန္တရလက်လုပ်မိုင်း တစ်လုံးတို့ကိုလည်းကောင်း၊ မြစ်သားမြို့နယ် ရွာသစ်ကျေးရွာအုပ်စု ရောက်ဆောက်ကျေးရွာအနီးရှိ ဘုရားသုံးဆူစေတီ အဝင်ရေမြောင်းအတွင်းမှ လက်လုပ်ဗုံး ၂၀ ကိုလည်းကောင်း၊ မြင်းခြံမြို့ အမှတ် (၁၆) ရပ်ကွက် လမ်းဆုံအနီး၌ ဆူပူအကြမ်းဖက်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂျင်ကလီ၊ လေးခွများဖြင့် ရန်ပြုတိုက်ခိုက်လာသဖြင့် အဓိကရုဏ်းနှိမ်နင်းရေးလက်နက်ဖြင့် ပစ်ခတ်ဖြိုခွဲခဲ့ပြီး ၎င်းတို့အနက်မှ မင်းသီဟ(ဘ)ဦးအောင်သန်းမြင့်အပါအဝင် အမျိုးသား ၂၆ ဦးအား ဂျင်ကလီ သုံးချောင်း၊ အခြားဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၅)ရပ်ကွက် မနော်ဟာရီလမ်း၌ ဆူပူအကြမ်းဖက်သူ ၅၀ ခန့်က လုံခြုံရေးတပ်ဖွဲ့ဝင်များအား လေးခွ၊ ကျောက်ခဲများဖြင့် ရန်ပြုတိုက်ခိုက်လာသဖြင့် အဓိကရုဏ်းနှိမ်နင်းရေး လက်နက်ဖြင့် ခြောက်လှန့်ပစ်ခတ်ခဲ့ရာ ၎င်းတို့အနက်မှ ထက်နိုင်အောင် (ဘ)ဦးမြင့်အောင်အား လက်လုပ်ဗုံး တစ်လုံး၊ အခြားဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိသူများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရန် အမှုဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးရှာဖွေသတင်းဖော်ထုတ်မှုများအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဆူပူအကြမ်းဖက်သူလူအုပ်စုများအနေဖြင့် အကြမ်းဖက်အဖွဲ့များ၏ နည်းလမ်းများအတိုင်း အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်

နေပြည်တော် ဧပြီ ၃

ဆူပူအကြမ်းဖက်သူများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များအား အဖွဲ့ငယ်များခွဲ၍ လုပ်ဆောင်လျက်ရှိရာ ယနေ့တွင်လည်း တိုင်းဒေသကြီး/ပြည်နယ်များ၌ မြို့နယ်အချို့ရှိ နိုင်ငံတော်ပိုင် အဆောက်အအုံများ၊ သာမန်ပြည်သူများ၏ နေအိမ်အဆောက်အအုံများအား လက်လုပ်မိုင်း၊ မီးပုလင်းဖြင့် ပစ်ပေါက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရသည်။

ထိုသို့ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခဲ့ရာတွင် ယနေ့နံနက် ၅ နာရီ ၁၀ မိနစ်အချိန်တွင် စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာ မန္တလေး–မိုးကုတ်ကားလမ်းဘေးရှိ ဦးမောင်ငယ်ပိုင်ဆိုင်သော "Golden Point" လက်ဖက်ရည်ဆိုင်အား အမျိုးသား နှစ်ဦးမှ ဆိုင်ကယ် တစ်စီးဖြင့် ရောက်ရှိလာပြီး လက်လုပ်မိုင်း နှစ်လုံး၊ ဓာတ်ဆီပုလင်းတစ်လုံးကို မီးရှို့ပစ်ပေါက်၍ လည်းကောင်း၊ နံနက် ၈ နာရီခွဲအချိန်တွင် သထုံမြို့ နန်းခဲရပ်ကွက် ဘူတာလမ်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအား အမျိုးသားနှစ်ဦးက ဆိုင်ကယ်ဖြင့်ရောက်ရှိလာပြီး မီးပုလင်း နှစ်လုံးဖြင့်လည်းကောင်း မီးရှို့ပစ်ပေါက်ထွက်ပြေးသွားခဲ့ကြောင်း သိရှိရပြီး ထိုသို့ပစ်ပေါက်မှုများကြောင့် လူနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှုများမရှိကြောင်း သိရသည်။


အလားတူ နေ့လယ် ၁၁ နာရီ ၄၅ မိနစ်အချိန်တွင် ကျောက်ကြီးမြို့နယ် ရန်မျိုးအောင်ကျေးရွာနှင့် ညောင်ကုန်းကျေးရွာသွား ကားလမ်းရှိ အရှည်ပေ ၈၀၊ အကျယ်၁၅ ပေခန့်ရှိ ခရမြောင်ကွန်ကရစ်တံတား ချဉ်းကပ်လမ်းအနီးတွင် လက်လုပ်မိုင်း တစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး တံတား၏ ဝဲဘက်ခြမ်းထိပ်နတ်သံကွင်းအဆင်းလမ်း၌ ကွန်ကရစ်လမ်း ၆ ပေခန့် ပျက်စီးသွားခဲ့ပြီး အဆိုပါတံတားပေါ်မှ ယာဉ်များ ပုံမှန်သွားလာလျက်ရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များအတွင်း အကြမ်းဖက်မှုလုပ်ရပ်ကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပျော်ဘွယ်ဘူတာနှင့် ရှမ်းရွာဘူတာအကြားရှိ ရထားသံလမ်း မူလီများအား ဆူပူအကြမ်းဖက်သူများက ဖျက်ဆီး

နေပြည်တော် ဧပြီ ၃



မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် မြေနီကုန်းကျေးရွာအုပ်စု ညောင်လှကျေးရွာအနီး ပျော်ဘွယ်ဘူတာနှင့် ရှမ်းရွာဘူတာအကြားရှိ ရန်ကုန်–မန္တလေး ရထားလမ်းပိုင်းတွင် မီးရထားသံလမ်းမူလီများ ဖြုတ်ထားကြောင်း တာဝန်သိပြည်သူတစ်ဦးက သတင်းပေးပို့ခဲ့သဖြင့် ယနေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ရထားလမ်း မိုင်တိုင်အမှတ် ၂၈၉/၅၊ ၂၈၉/၆ အကြားတွင် ရန်ကုန်–မန္တလေး အစုန်လမ်းပိုင်း အရှည်တစ်ပေခွဲခန့်ရှိ သံလမ်းဆက် ဖျိုင်းဆက် ပတ္တာ မူလီများအား ဖြုတ်၍ ရထားလမ်းနှင့် ပေတစ်ရာခန့်အကွာရှိ ကန္တာရအပင်များအကြားတွင် လွှင့်ပစ်ထားသည်ကို တွေ့ရှိရသဖြင့် မီးရထားသံလမ်းစစ်မှ ပြန်လည်တပ်ဆင်ပေးခဲ့သည်။

ထိုသို့ အများပြည်သူများ၏ အသက်အန္တရာယ် ဖြစ်ပွားစေနိုင်သည်အထိ ဆောင်ရွက်ခဲ့သော အကြမ်းဖက်သူများအား တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး အမြန်ဆုံးစုံစမ်းဖော်ထုတ်လျက် ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ထားဝယ်မြို့၌ မြို့နယ်ပေါင်းစုံ စီမံအုပ်ချုပ်ရေးကောင်စီဖလား လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်

နေပြည်တော် ဧပြီ ၃
တနင်္သာရီတိုင်းဒေသကြီး မြို့နယ်ပေါင်းစုံ စီမံအုပ်ချုပ်ရေးကောင်စီဖလား အမျိုးသမီးလက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဧပြီ ၂ ရက် မွန်းလွဲပိုင်းတွင် ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဂုဏ်ပြုဆုများပေးအပ်

ဦးစွာ တက်ရောက်လာကြသူများက လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးပြီး ကီလိုတန်းအလိုက် ဆုရရှိကြသူများအား တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တံခွန်စိုက်ဆုဖလားနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တူမီးသေနတ်များနှင့် လက်လုပ်သေနတ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ

နေပြည်တော် ဧပြီ ၃
တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာအချို့တို့၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ်များ ကိုင်ဆောင်နေကြောင်း သတင်းအရ ဧပြီ ၂ ရက်တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တပ်နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ သွားရောက်၍ ဒေသခံပြည်သူများကို တရားမဝင်လက်နက်ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်စွာအရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသည်။

ယင်းသို့ ရှင်းလင်းပြောကြားမှုကြောင့် ကျေးရွာနေပြည်သူများက နားလည်သဘောပေါက်ကာ တူမီးသေနတ် ၂၉ လက်နှင့် လက်လုပ်သေနတ် ၁၁ လက်တို့ကို ၎င်းတို့ သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အသီးသီးလာရောက်အပ်နှံခဲ့ကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်





# ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်တို့၌ မီးလောင်မှုများဖြစ်ပွား

နေပြည်တော် ဧပြီ ၃
ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၂၃)ရပ်ကွက် ဝါးတစ်ရာစက်မှုဇုန် သိမ်ချောင်းလမ်းရှိ Myanmar ZXL အဝတ်လျှော်စက် စက်ရုံ၌ ယနေ့နံနက် ၂ နာရီခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် အဆိုပါနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ၂၀ ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီ မိနစ် ၅၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

အလားတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ အမှတ်(၃၃) အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက် ၃ နာရီခွဲခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ မိနစ် ၄၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါမီးလောင်မှုများကြောင့် လူ၊ တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် မီးလောင်ရသည့် အကြောင်းအရင်းအား အမြန်ဆုံးဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှုရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၃
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်ကာ လုံခြုံရေးအား နေ့ညမပြတ် ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာနေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက် ထမ်းဆောင်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❒



# ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်

နေပြည်တော် ဧပြီ ၃
ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် စာသင်ကြားမှုများ ရပ်ဆိုင်းထားရာမှ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိပါက ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်စေရန်နှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးတို့အတွက် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တပ်မတော်သားများက အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် လိုအပ်သည့် ထိန်းသိမ်းစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၊ မိုင်းဖြတ်မြို့နယ်နှင့် တာလေမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ဟင်္သာတမြို့၊ မအူပင်မြို့နှင့် မြောင်းမြမြို့တို့ရှိ အခြေခံပညာကျောင်းများ၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျောင်းဝင်းများအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ စာသင်ဆောင်များအား ဆေးများပြန်လည်သုတ်ပေးခြင်း၊ စာသင်ဆောင်များ အတွင်း၊ အပြင် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

နေပြည်တော် မေ ၃

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေ အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅) နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေး ထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက် ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့၊ ဆီဆိုင်မြို့နှင့် ကယားပြည်နယ် ဖားဆောင်းမြို့နှင့် မယ်စဲ့မြို့ များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား သတ်မှတ်နေရာအသီးသီး၌ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက ပြည်သူ့ ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်း များနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# မြိတ်နှင့် ကော့သောင်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးသယ်ဆောင်လာသူများ ဖမ်းဆီးရမိ



သိန်းအောင်ကျော်၊ ထွန်းထွန်းဝင်း၊ မျိုးဝင်းနှင့် မောင်မောင်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



ဖိုးဝ(ခ) ညီညီဇော်အား သိမ်းဆည်းရမိသည့် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် မေ ၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော ပူးပေါင်းအဖွဲ့သည် မေ ၂ ရက် ညနေ ၆ နာရီခွဲခန့်တွင် မူးယစ်ဆေးဝါးသတင်းအရ မြိတ်မြို့ ကန်ကြီးရပ်ကွက် ကမ်းနားလမ်း ကဏန်းရပ်ထုလမ်းဆုံအနီး၌ မသင်္ကာဖွယ်ရာအမျိုးသားသုံးဦးအား တွေ့ရှိသဖြင့် ခေါ်ယူစစ်ဆေးရာ သိန်းအောင်ကျော် (ဘ)ဦးသာထွန်း၊ ထွန်းထွန်းဝင်း(ဘ)ဦးမောင်လှညွန့်နှင့် မျိုးဝင်း(ဘ)ဦးကိုစောယဉ် တို့အား မူးယစ်ဆေးဝါးများနှင့်ပတ်သက်၍ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ ထွက်ဆိုချက်အရ ယမန်နေ့နံနက် ၁ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြိတ်တောင်ကျေးရွာအုပ်စု ချမ်းမြေ့သာယာရပ်ကွက် အေးစန္ဒာ ရေခဲစက် အနောက်လမ်းရှိ မောင်မောင်(ဘ)ဦးကျော်စွာအောင်နေအိမ်သို့ သွားရောက်ရှာဖွေစစ်ဆေးရာ ၎င်းအား WY စာတန်းပါ စိတ်ကြွရူးသွပ် ဆေးပြား ၁၁၀၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် သိန်း ၃၀၀၀ ကျော်) အား တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

အလားတူ ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ အဝိုင်းပတ်လမ်းဆုံ၌ လုံခြုံရေးဆောင်ရွက်နေသည့် ပူးပေါင်း အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ယာဉ်ဝင်/ထွက်မှုများ စစ်ဆေး ဆောင်ရွက်စဉ် ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက်ဘက်မှ မောင်းနှင်လာသည့် ဆိုင်ကယ်တစ်စီးအား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ ပိတောက်ရပ်ကွက် မြို့နယ်စီမံအုပ်ချုပ်ရေးရုံးရှေ့၌ ဖိုးဝ(ခ)ညီညီဇော် (ဘ)ဦးကျော်ညွန့်အား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၂၀၀ ကျော်)နှင့်အတူ ဖမ်းဆီးရမိ ခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများနှင့် မူးယစ်ဆေးဝါးများအား သက်ဆိုင်ရာသို့ စနစ်တကျလွှဲပြောင်းအပ်နှံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ရဲတပ်ဖွဲ့ဝင်တစ်ဦးအား အကြမ်းဖက်သူလူအုပ်စုမှ ရက်စက်စွာသတ်ဖြတ်

နေပြည်တော် မေ ၃

မေ ၃ ရက် ညနေ ၃ နာရီခွဲတွင် ချမ်းမြသာစည်မြို့နယ် မြို့သစ် (၅) ရပ်ကွက် မနော်ဟာရီလမ်းနှင့် ၆၅ လမ်းမပေါ်၌ အသက် ၄၀ ခန့် အမျိုးသားတစ်ဦး ဘောင်းဘီတိုအနက်ရောင် ဝတ်ဆင်လျက် လက်ထိပ်နောက်ပြန်ခတ်ကာ ထိုးသွင်းဒဏ်ရာများဖြင့် ရက်စက်စွာ သတ်ဖြတ်ခံထားရကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က အခင်းဖြစ်ရပ်သို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

ထိုသို့သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ရာတွင် ရက်စက်စွာ သတ်ဖြတ်ခံထားရသူမှာ ပြည်ကြီးတံခွန်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင် တစ်ဦးဖြစ်ပြီး လက်ထိပ်နောက်ပြန်ခတ်လျက် လည်တိုင်ယာဘက် လေးလက်မခွဲခန့် ပြတ်ရှဒဏ်ရာ တစ်ချက်၊ ဦးခေါင်းထိပ်ပေါက်ပြဲ ဖူးရောင်ဒဏ်ရာ တစ်ချက်ဖြင့် လမ်းမအလယ်၌ သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် အလောင်းအား ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

၎င်းရဲတပ်ဖွဲ့ဝင်သည် လုံခြုံရေးတာဝန်ထမ်းဆောင်ရာမှ ရဲစခန်း တွင် ခေတ္တအနားပေးထားရှိစဉ် ရဲစခန်းနှင့် ကိုက် ၅၀ ခန့်အကွာ တရားရုံးအရှေ့ ကွမ်းယာဆိုင်၌ ကွမ်းယာဝယ်ယူရန် ထွက်ခွာသွားခဲ့ ရာမှ ယခုကဲ့သို့ မသမာသူလူတစ်စု၏ ရက်စက်ယုတ်မာစွာ အကြမ်းဖက် ဖမ်းဆီးသတ်ဖြတ်ခံရခြင်းဖြစ်ကြောင်းနှင့် ရဲတပ်ဖွဲ့ဝင်အား ရက်စက် ယုတ်မာစွာ သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သူများအား ဖော်ထုတ် ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကုန်းကြမ်းမြို့နယ်အတွင်း မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုန်းကြမ်းမြို့နယ်အတွင်း လုံခြုံရေး ဆောင်ရွက်လျက်ရှိသော ပူးပေါင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ညံ့ခွမ်းကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၄၀၀၀ ခန့်အကွာသို့ အရောက်၌ မုံးစီးကျေးရွာဘက်မှ ညံ့ခွမ်းကျေးရွာဘက်သို့ မောင်းနှင် လာသည့် ဆိုင်ကယ်တစ်စီးအား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသွားခဲ့ပြီး ၎င်းဆိုင်ကယ်ပေါ်မှ အထုပ်တစ်ထုပ်ပြုတ်ကျခဲ့သဖြင့် ဖွင့်ဖောက်စစ်ဆေးရာ ဘိန်းဖြူမှုန့် များထည့်ထားသည့် ဆပ်ပြာခွက် ၁၁ ခွက် ၁၁၀ ဂရမ်ခန့် (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၆ သိန်းကျော်)အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိမူးယစ်ဆေးဝါးများအား လောက်ကိုင် မူးယစ်တပ်ဖွဲ့စုသို့ စနစ်တကျလွှဲပြောင်းအပ်နှံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ရန်ကုန်မြို့တွင် ပြန်လည်တည်ငြိမ်အေးချမ်းလာပြီဖြစ်၍ စည်ပင်သာယာဈေးများ၊ ကိုယ်ပိုင်ဈေး၊ Shopping Mall၊ Plaza များ၊ အိမ်ဆိုင်များမှာ ဈေးရောင်း၊ ဈေးဝယ်သူများဖြင့် ပြန်လည်စည်ကားလျက်ရှိရာ လှိုင်သာယာမြို့နယ် ပင်လုံဈေးတွင် ပြည်သူများ စိတ်အေးချမ်းသာစွာ ဈေးရောင်း၊ ဈေးဝယ်လျက်ရှိသည်ကို မေ ၃ ရက်က တွေ့မြင်ရစဉ်။ သတင်းစဉ်



## ဗဟိုခံစစ်ကစားသမား ကွန်ဆာ အက်စ်တွန်ဗီလာအသင်းနဲ့ စာချုပ်သစ်ချုပ်ဆို

အက်စ်တွန်ဗီလာအသင်းဗဟိုခံစစ်ကစားသမား ကွန်ဆာဟာ အသင်းမှာ ၂၀၂၆ ခုနှစ်အထိ ဆက်ရှိနေမယ့် ကာလရှည်စာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်ပါတယ်။ အသက် ၂၃ နှစ်အရွယ်ရှိ နောက်တန်းကစားသမား ကွန်ဆာဟာ ၂၀၁၉ ခုနှစ်အတွင်း ဘရန်းဖို့ဒ်အသင်းကနေ အက်စ်တွန်ဗီလာအသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး လက်ရှိအချိန်မှာ အက်စ်တွန်ဗီလာအသင်းနဲ့အတူ ၅၈ ပွဲအထိ ပါဝင်ကစားပေးထားတာ ဖြစ်ပါတယ်။

အင်္ဂလန်နောက်တန်းကစားသမား ကွန်ဆာဟာ အခုနှစ်ဘောလုံးရာသီမှာ အက်စ်တွန်ဗီလာအသင်းနဲ့အတူ ပရီမီယာလိဂ်ပွဲစဉ် ၂၆ ပွဲအထိ ပါဝင်ကစားပေးထားတာဖြစ်ပါတယ်။ အက်စ်တွန်ဗီလာအသင်းဟာ အခုနှစ်ဘောလုံးရာသီမှာ ပရီမီယာလိဂ်ပွဲစဉ် ၂၈ ပွဲယှဉ်ပြိုင်ကစားအပြီးမှာ ရမှတ် ၄၁ မှတ်ရရှိထားပြီး အမှတ်ပေးဇယားအဆင့် ၁၀ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

နောက်တန်းကစားသမား ကွန်ဆာဟာ အခုနှစ်ဘောလုံးရာသီမှာ အက်စ်တွန်ဗီလာအသင်းရဲ့ ခံစစ်ကြောင်းမှာ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် အက်စ်တွန်ဗီလာအသင်းက ကွန်ဆာကို စာချုပ်သစ်ချုပ်ဆိုခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

## လက်စတာစီးတီးတိုက်စစ်မှူး အီဟီယာနာချို ၂၀၂၄ ခုနှစ်အထိ ဆက်ရှိနေမယ့် စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆို

ပရီမီယာလိဂ်ကလပ် လက်စတာစီးတီးအသင်းရဲ့ တိုက်စစ်မှူးအီဟီယာနာချိုဟာ ၂၀၂၄ ခုနှစ်အထိ လက်စတာစီးတီးအသင်းမှာ ဆက်ရှိနေမယ့် စာချုပ်သစ်တစ်ရပ်ကို ထပ်တိုးချုပ်ဆိုလိုက်ပြီ ဖြစ်ပါတယ်။

အသက် ၂၄ နှစ်အရွယ်ရှိ တိုက်စစ်မှူး အီဟီယာနာချိုဟာ လက်စတာစီးတီးအသင်းနဲ့အတူ နောက်ဆုံးပါဝင်ကစားခဲ့တဲ့ ပွဲစဉ်လေးပွဲမှာ ခုနစ်ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူဖြစ်ပြီး မတ်လအတွင်း ပရီမီယာလိဂ်တစ်လတာအကောင်းဆုံးကစားသမားဆုကိုလည်း ရယူဆွတ်ခူးနိုင်ခဲ့သူ ဖြစ်ပါတယ်။

တိုက်စစ်မှူး အီဟီယာနာချိုဟာ ၂၀၁၇ ခုနှစ်အတွင်းက မန်စီးတီးအသင်းကနေ လက်စတာစီးတီးအသင်းဆီ ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး အဲဒီနောက်ပိုင်းကတည်းက လက်စတာစီးတီးအသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၁၁၇ ပွဲ ပါဝင်ကစားပေးထားကာ သွင်းဂိုး ၃၂ ဂိုးသွင်းယူပေးထားတာ ဖြစ်ပါတယ်။

တိုက်စစ်မှူး အီဟီယာနာချိုဟာ အခုနှစ်ဘောလုံးရာသီမှာ လက်စတာစီးတီးအသင်းနဲ့အတူ ပြိုင်ပွဲအရပ်ရပ်မှာ သွင်းဂိုးစုစုပေါင်း ၁၂ ဂိုးသွင်းယူပေးထားတာဖြစ်ပြီး လက်စတာစီးတီးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ် ၂၉ ပွဲကစားအပြီးမှာ ရမှတ် ၅၆ မှတ်ရရှိထားကာ အမှတ်ပေးဇယားအဆင့် ၃ နေရာမှာရပ်တည်နေတာ ဖြစ်ပါတယ်။



### ဘောလုံးလောကသတင်းတိုများ

- *ပရီမီယာလိဂ်ပြိုင်ဘက်အသင်းနှစ်သင်းဖြစ်တဲ့ မန်ယူအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ဟာ စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှ အသက် ၂၉ နှစ်အရွယ်ရှိ စပိန်တောင်ပံကစားသမား လူးကတ်ဗက်စကွက်ကို ခေါ်ယူဖို့ အပြိုင်ကြိုးပမ်းလျက်ရှိတယ်လို့ သိရပါတယ်။*
- ဂျူဗင်တပ်အသင်းဟာ ဝီအက်စ်ဂျီအသင်းမှာ အငှားသွားရောက်ကစားနေတဲ့ အဲဗာတန်အသင်းတိုက်စစ်မှူး မိုက်ကီယန်ကို အီတလီမြေသို့ ပြန်လည်ခေါ်ယူရန် ဆန္ဒရှိနေပြီး အသက် ၂၁ နှစ်အရွယ်ရှိ တိုက်စစ်မှူး မိုက်ကီယန်ဟာ ၂၀၁၉ ခုနှစ်အတွင်းက ဂျူဗင်တပ်အသင်းမှ အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ခဲ့တာ ဖြစ်ပါတယ်။
- *စပါးအသင်းမှ အသက် ၂၈ နှစ်အရွယ်ရှိ တောင်ကိုရီးယားတိုက်စစ်မှူး ဆွန်ဟောင်မင်ကို ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူဖို့ စိတ်ဝင်စားလျက်ရှိပြီး တိုက်စစ်မှူး ဆွန်ဟောင်မင်ရဲ့ စပါးအသင်းနဲ့ လက်ရှိချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ၂၀၂၃ ခုနှစ် နွေရာသီကာလမှာ ကုန်ဆုံးမှာဖြစ်တယ်လို့ သိရပါတယ်။*

## အနုပညာ



### နံပါတ်တစ်နေရာနှင့်ပင် ရပ်တည်နိုင်ခဲ့တဲ့ The Penthouse 2

တောင်ကိုရီးယားမှာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း စတင်ထုတ်လွှင့်ခဲ့တဲ့ ရုပ်သံဇာတ်လမ်းတွဲ The Penthouse 2 ဟာ စတင်ပြသချိန်မှာ ကြည့်ရှုသူအများဆုံးသော ဇာတ်လမ်းတွဲတစ်ခုဖြစ်ပြီး ထုတ်လွှင့်ခဲ့တဲ့ သီတင်းပတ်တိုင်း ကြည့်ရှုသူများပြားခဲ့သည့်အပြင် ကြည့်ရှုသူအများဆုံးအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ပါတယ်။ လတ်တလောမှာ အဆိုပါ ဇာတ်လမ်းတွဲရဲ့ နောက်ဆုံးအပိုင်းကို ထုတ်လွှင့်ပြသခဲ့ရာမှာလည်း ကြည့်ရှုသူအများဆုံးဇာတ်လမ်းတွဲအဖြစ် ထိပ်ဆုံးမှာ ရပ်တည်နိုင်ခဲ့ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဧပြီ ၂ ရက်မှာ အဆိုပါဇာတ်လမ်းတွဲရဲ့ နောက်ဆုံးအပိုင်းကို ထုတ်လွှင့်ခဲ့ပါတယ်။ ယင်းအပိုင်းထုတ်လွှင့်ပြီးနောက် ကြည့်ရှုသူအများဆုံးသော ရုပ်ရှင်အဖြစ် အခြားအပြိုင်ပြသလျက်ရှိတဲ့ ဇာတ်လမ်းတွဲတွေထက် ကြည့်ရှုသူ သိသိသာသာ များပြားခဲ့ကာ နံပါတ်တစ်နေရာမှာ ရပ်တည်နိုင်ခဲ့တာပါ။

အဆိုပါဇာတ်လမ်းတွဲရဲ့ အပိုင်းသုံးပိုင်းဟာ ၂၁ ဒသမ ၅ ရာခိုင်နှုန်း၊ ၂၅ ဒသမ ၂ ရာခိုင်နှုန်းနဲ့ ၂၅ ဒသမ ၈ ရာခိုင်နှုန်း အသီးသီးရှိခဲ့ကာ အဆိုပါဇာတ်လမ်းတွဲဟာ အပိုင်း ၁၃ ပိုင်း ထုတ်လွှင့်ပြီးချိန်မှာ ရုပ်သံဇာတ်လမ်းတွေအနက် ကြည့်ရှုသူအများဆုံးအဖြစ် စံချိန်တင်ခဲ့တာလည်း ဖြစ်ပါတယ်။

## အေမီဝိုင်းဟောက်စ် ကွယ်လွန်ခြင်း ဆယ်နှစ်ပြည့်အဖြစ် ရုပ်ရှင်သစ် ထုတ်လွှင့်မည်

ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ အေမီဝိုင်းဟောက်စ် ကွယ်လွန်ခဲ့တဲ့ ဆယ်နှစ်ပြည့်နှစ်ပတ်လည်အဖြစ် သူ့အကြောင်းရိုက်ကူးထားတဲ့ မှတ်တမ်းရုပ်ရှင်သစ်တစ်ကားကို ထုတ်လွှင့်ပြသသွားမှာ ဖြစ်ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကွယ်လွန်ချိန်မှာ အသက် ၂၇ နှစ်အရွယ်သာရှိသေးတဲ့ အေမီဝိုင်းဟောက်စ်ရဲ့ အကြောင်းကို သူ့ရဲ့ မိခင်ဖြစ်သူက ပြည့်ပြည့်စုံစုံ ပြန်ပြောင်းပြောကြားပေးထားတဲ့ အကြောင်းအရာတွေ ပါဝင်နေမယ့် အဆိုပါရုပ်ရှင်ကို လာမယ့် ဇူလိုင်လအတွင်း ပြသသွားမှာလည်း ဖြစ်ပါတယ်။ လာမယ့် ဇူလိုင်လအတွင်းမှာ ဗြိတိန်တေးသံရှင် အေမီဝိုင်းဟောက်စ် ကွယ်လွန်ခြင်း ဆယ်နှစ်ပြည့်မြောက်မှာလည်း ဖြစ်တယ်လို့ သိရပါတယ်။

ဂရမ်မီဆုရှင် တစ်ဦးဖြစ်တဲ့ အေမီဝိုင်းဟောက်စ်ဟာ ၂၀၁၁ ခုနှစ်အတွင်း အရက်အဆိပ်သင့်တာကြောင့် ကွယ်လွန်ခဲ့တာပါ။ သူဟာ အရက်နဲ့ မူးယစ်ဆေးဝါး ပြဿနာတွေနဲ့ သူ့ရဲ့ ဂီတခရီးတစ်လျှောက်လုံးမှာ ရင်ဆိုင်ခဲ့ရတာလည်း ဖြစ်ပါတယ်။



အေးပြည့် - စုစည်းသည်

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား သမီး၊ ဘုရားဒါယကာ ဒါယိကာမများက ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓ သာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာဝပြောစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ဖူးမြော်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊ နိုင်ငံတော်၏ဂုဏ်သိက္ခာတိုးတက်မှုအား အထောက်အကူပြုစေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာ့ဗိမာန်တော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ ထိုင်းရှင်းသာလွန်သည့်သူတို့၏ ဖူးပါမီး လှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများအား အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိုးဆော်အကျိုးဆောင်၍ နှိုးဆော်အပ်ပါသည်-

(၁) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်စော ၀၉-၃၃၃၁၈၈၉၀၊ ၀၆၇-၃၁၀၀၅
(၂) ဒေါ်စောအေးကြည် ၀၉-၄၂၀၃၂၂၅၀၄၊ ၀၉-၂၅၀၈၂၅၂၆

အလှူငွေလက်ခံရေးလုပ်ငန်းကော်မတီ
ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း
ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။

## အနိုင်မကျင့်ရ၊ မနှောင့်ယှက်ရ




Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ



# ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲတွင် တင်ပြသည့်ပုလဲအတွဲအားလုံး ရောင်းချခဲ့ရ



နေပြည်တော် ဧပြီ ၃

ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲတွင် ပုလဲအတွဲပေါင်း ၃၁၇ တွဲတင်ပြခဲ့ရာ ပုလဲအတွဲအားလုံးကို မြန်မာငွေကျပ် ၁၄၂၇၂၆၂၁၂၃ ဖြင့်ရောင်းချခဲ့ရကြောင်း သိရသည်။

ယင်းပုလဲအတွဲ ၃၁၇ တွဲကို ရောင်းချပွဲ ဒုတိယနေ့တွင် အတွဲ ၂၁၂ တွဲ ရောင်းချခဲ့ရပြီး ရောင်းချပွဲ တတိယနေ့တွင် အတွဲ ၁၀၅ တွဲ ထပ်မံရောင်းချခဲ့ရခြင်း ဖြစ်သည်။

### ကြည့်ရှုအားပေး

ရောင်းချပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပခဲ့ပြီး မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းမင်းဦးနှင့် ပြပွဲဗဟိုကော်မတီဝင်များလာရောက်၍ မဏိရတနာကျောက်စိမ်းခန်းမ မြေညီထပ်၌ ခင်းကျင်းပြသထားသည့် ပုလဲအတွဲများနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းမှု၊ တင်ဒါပိတ်သိမ်းမှုနှင့် တင်ဒါဖွင့်ဖောက်စစ်ဆေးရောင်းချပေးနေမှု အခြေအနေတို့ကို ကြည့်ရှုအားပေးသည်။

၂၀၂၃ ခုနှစ် ဧပြီလ ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ကျင်းပလျက်ရှိပြီး ဧပြီ ၁ ရက်မှ ၁၀ ရက်အထိ ခင်းကျင်းပြသရောင်းချပေးသွားမည်ဖြစ်သည်။

သတင်းစဉ်

## ကြေးမုံ ယနေ့ ဖတ်စရာ

အမေရိကန်လွှတ်တော် အဆောက်အအုံ အပြင်ဘက်၌ လုံခြုံရေးအရာရှိများအား ဓားဖြင့် တိုက်ခိုက်သည့်ဖြစ်စဉ် ဖြစ်ပွား

စာမျက်နှာ » ၁၂

လူမှုကွန်ရက်အားအသုံးပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်

စာမျက်နှာ » ၁၇

ဂရားမင်းဘဏ် တည်ထောင်သူ မိုဟာမက်ယူနွတ်

စာမျက်နှာ » ၂၄

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကုန်သေတ္တာအဝင်အထွက် စုစုပေါင်း ၄၂၀၀၁ လုံးကို ကုန်စည်စီးဆင်းမှု ပုံမှန်ဆောင်ရွက်ပေးနိုင်ခဲ့

ရန်ကုန် ဧပြီ ၃

နိုင်ငံတော်၏ပုံမှန်လည်ပတ်စီးဆင်းနေသော ကုန်စည်လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၃၁ ရက်အထိ ပြည်တွင်းဆိပ်ကမ်းမှ အထွက်ကုန်သေတ္တာစုစုပေါင်း ၁၉၅၉၄ လုံးနှင့် ပြည်တွင်းဆိပ်ကမ်းသို့ အဝင်ကုန်သေတ္တာ ၂၂၄၀၇လုံး စုစုပေါင်း အဝင်အထွက် ကုန်သေတ္တာ ၄၂၀၀၁ လုံးကို ပုံမှန်ကုန်စည်စီးဆင်းမှုရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ဧပြီ ၂ ရက်က ရန်ကုန်မြို့ရှိမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး၌ ကျင်းပသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေး လုပ်ငန်းကော်မတီနှင့် ပြည်တွင်းပြည်ပရှိ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

စောလှိုင်ဝင်း



# အိမ်ကွင်းစတမ်းဖို့ဒ်ဘရစ်ချ်၌ ဝက်စ်ဘရွန်းကို ငါးဂိုး-နှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပြီး နည်းပြတူချယ် လက်ထက် ချယ်လ်ဆီးအသင်း ပထမဆုံးရှုံးပွဲကြုံတွေ့

ပရီမီယာလိဂ်ပွဲစဉ် ၃၀ ရဲ့ စနေနေ့ညအစောပိုင်းပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ ချယ်လ်ဆီးအသင်းနဲ့ ဝက်စ်ဘရွန်းအသင်းတို့ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းဟာ အိမ်ကွင်းစတမ်းဖို့ဒ်ဘရစ်ချ်မှာ တန်းဆင်းဇုန်အတွင်း ကျရောက်နေတဲ့ ဝက်စ်ဘရွန်းအသင်းကို ငါးဂိုး-နှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ချယ်လ်ဆီးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပုလီဆစ်နဲ့ မာဆင်မောင့်တို့က သွင်းယူပေးခဲ့ပြီး ဝက်စ်ဘရွန်းအသင်းအတွက် သွင်းဂိုးတွေကိုတော့ ကော်စတာပါရဲယာက နှစ်ဂိုး၊ ရော်ဘင်ဆင်က နှစ်ဂိုးနဲ့ ဒီယာဂီက တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ အခုပွဲစဉ်မှာ ဝက်စ်ဘရွန်းအသင်းကို ရှုံးနိမ့်ခဲ့ခြင်းဟာ နည်းပြတူချယ်လက်ထက်မှာ ပထမဆုံးအကြိမ်ရှုံးပွဲကြုံတွေ့ခဲ့ရတာဖြစ်ပြီး ဝက်စ်ဘရွန်းအသင်းကို ရှုံးနိမ့်ခဲ့တဲ့အပြင် နောက်တန်းကစားသမား သီယာဂိုဆေးလ်ဗားဟာလည်း ပထမပိုင်းပွဲကစားချိန် ၂၉ မိနစ်မှာ နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရတာ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ ဝက်စ်ဘရွန်းအသင်းကို ငါးဂိုးအထိခွင့်ပြုပေးခဲ့ရခြင်းဟာ အာဆင်နယ်အသင်းကို ငါးဂိုး-သုံးဂိုးနဲ့ ရှုံးနိမ့်ခဲ့တဲ့ ၂၀၁၁ ခုနှစ် အောက်တိုဘာလနောက်ပိုင်း အိမ်ကွင်းစတမ်းဖို့ဒ်ဘရစ်ချ်မှာ လေးဂိုးနဲ့အထက် ခွင့်ပြုပေးလိုက်ရတဲ့ ပထမဆုံးပွဲစဉ်လည်း ဖြစ်လာခဲ့ပါတယ်။

ချယ်လ်ဆီးအသင်းဟာ ဝက်စ်ဘရွန်းအသင်းကို ရှုံးနိမ့်ခဲ့ပေမယ့် ပရီမီယာလိဂ်ပွဲစဉ် ၃၀ ကစားအပြီးမှာ ရမှတ် ၅၁ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် ၄ နေရာမှာ ဆက်လက်ရပ်တည်နေပြီး ဝက်စ်ဘရွန်းအသင်းကတော့ ချယ်လ်ဆီးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် ၃၀ ကစားအပြီးမှာ ရမှတ် ၂၁ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် ၁၉ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ငွေကြယ်